

လုံးချင်းဝတ္ထုသစ်
ရင်မြတ်နိုး
ကြယ်စင်၏ ကိုယ်ရံတော်

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ရှင်မြတ်နိုး

# ကြယ်စင်၏ ကိုယ်ရံတော်



## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်ထွေးထွေးသိမ်း(မြ-၀၀၈၂၇)<br>ငွေမှုံကြယ်စာပေ၊ အမှတ်-(၅၄၅)၊ ကျောင်းလမ်း၊<br>၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။<br>တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရှင် (မြ-၁၀၀၉၈)<br>(ရွှေခြသေ့ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၇ ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ<br>အမှတ်-၂၂၉၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

ရှင်မြတ်နိုး

ကြယ်စင်၏ကိုယ်ရံတော်

ငွေမှုံကြယ်စာပေ၊ ၂၀၁၇။

(၂၄၀)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) ကြယ်စင်၏ကိုယ်ရံတော်

**အခန်း ( ၁ )**

ရည်းစားများသည်ဟု မိန်းကလေးတွေ ကြားထဲတွင် နာမည်ကြီးနေသော ဇေရတုကိုမှ ကျွန်မက ချစ်မြတ်နိုးမိသည်။

ကျွန်မ အမှားတွေပဲလား မသိဘူး ...

ဒါကြောင့် မဟုတ်လည်း ကျွန်မ၏ ကံကြမ္မာပဲလား ...

ဇေရတု ...

ရုပ်ချောသော ...

ချမ်းသာသော ယောကျ်ားတစ်ယောက်သာ ဖြစ်သည်။

ဇေရတုသည် တွေ့တဲ့မိန်းမချောလေးတိုင်းကို ရည်းစားစကား ပြောတတ်လေ့ရှိသောသူ ဖြစ်သည်။

ကျွန်မကို မြလေး ပြောတာပါ။

"ရတု ဆိုတဲ့ကောင်မှာ ရည်းစားတွေ တစ်ပုံကြီးပဲ၊ နင့်ကို အတည်ကြိုက်မယ်လို့ နင် ထင်လား သင်းရန့်"

ကျွန်မက ရန့် ...

သူက ရတု ...

နာမည်ချင်း ဆင်နေ၍ စိတ်ဝင်စားမှု စတင်ခဲ့သည်။

ဧရတုက ကျွန်မနှင့် မိတ်ဆက်လာ၏။

ကျွန်မကို ချစ်ခင်နှစ်သက်ကြောင်း ရတုက ဖွင့်ပြောလာသောအခါ ကျွန်မ တုန်လှုပ်ချောက်ချားစွာဖြင့် ရတုအတွက် ရင်ခုန်သွားရသည်။

"နင့်ဘဝမှာ ယောကျ်ားလေး ဒီလောက်ပဲ ရှားရလား ရန့်ရယ် ... ရတုကို အထင်မကြီးနဲ့ နင့်ကို အတည်ကြိုက်မယ်လို့ နင်ထင်လား"

"ထင်တယ်"

"ဘာ ... "

"ရန့်ကို ချစ်တယ်လို့ ပြောတဲ့ ရတု မျက်ဝန်းတွေက တကယ့်ကို တည်ငြိမ်လေးနက်နေတယ်ဟ"

"ဘုရားရေ ... "

မြလေးက ဘုရားတသည်။

ကျွန်မ စိတ်ရဲ့ ခံစားမှုမှာတော့ ရတုရဲ့ အချစ်တွေကို ယုံကြည်နေမိခဲ့၏။

"ရတုမှာ ချစ်သူတွေ အများကြီးနော်"

"ချစ်သူတွေ အများကြီးထဲက တစ်ယောက်ဖြစ်နေရင်လည်း ကျွန်မ ဂုဏ်ယူတယ် မြလေး"

"သေလိုက်"





ကျွန်မကတော့ ရတု အချစ်တွေကို လက်ခံဖို့ အဆင်သင့်ဖြစ်နေသည်။

ရတုက ပြောတယ် ...

သူ့မှာ ချစ်သူတွေ ရှိခဲ့တာ မှန်ပေမယ့် ရန့်ကိုတော့ ချစ်တယ်တဲ့ ...

"အချစ်ဆိုတာကို ရတု လုံးဝမခံစားဖူးတာတော့ အမှန်ပဲ ရန့် ... တခြားကောင်မလေးတွေကို ရတု မိတ်ဆွေ အပေါင်းအသင်း အနေနဲ့ ခင်မင်တာပဲ ရှိတာပါ ... အချစ်နဲ့တော့ ရတု မခံစားမိဘူး"

မြလေးကို ပြောပြသောအခါ နှုတ်ခမ်းသားတွေက တွန့်မဲ့သွားတော့သည်။

"နင် ယုံလား ... အင်းလေ နင်က ချစ်သူမှ မထားဖူးတာ၊ နေပါဦး ... ရှင် ဒီကောင်ကျမှ ဘာဖြစ်သွားရတာလဲ၊ ရှင့်ကိုချစ်ရေးဆိုတဲ့ ယောကျ်ားတွေ တစ်ပုံတစ်ပင်ကြီးပဲဟာ၊ ရှင် ဘယ်တော့မှ စိတ်လှုပ်ရှားတယ် မရှိခဲ့ပါဘူး"

"ဟုတ်တယ် ... မြလေး၊ ထူးဆန်း အံ့ဖွယ်ပဲ ရန့်လေ ရတုကို ချစ်မိနေပြီ"

"ဟင် ... "

မြလေး မျက်လုံးပြူးသွားသည်။

"ရတုကို နင်ချစ်တယ်"

"အင်း"

"သေရောပဲ"

ကျွန်မ ငြိမ်သက်နေမိသည်။

ဟုတ်တယ် ...

ရတုကို ကျွန်မ ချစ်နေမိပြီ ...

မြတ်နိုးတယ် ...

ရတုမှာရှိတဲ့ အပြစ်တွေအားလုံးကို ကျွန်မ ခွင့်လွှတ်နေမိသလိုပဲ ...

မြလေးက ခေါင်းကို ခါယမ်းသည်။

သနားစရာ သတ္တဝါတစ်ကောင်လို ကျွန်မကိုကြည့်နေ၏။

ရတု ...

ဘယ်လောက် နာမည်ပျက်လည်း ...

ကျွန်မ သိသည်။

တခြားလူတွေလည်း ရတုနဲ့ပတ်သက်ပြီး ကောင်းသတင်း ပြောဆိုခြင်း မရှိခဲ့ကြပေ။

မြလေးက ကျွန်မနဲ့ ဆိုးတူကောင်းတူ မျှဝေခံစားလာခဲ့ကြတော့ ပြောမနာ ဆိုမနာ ငယ်ပေါင်းသူငယ်ချင်းတွေဖြစ်သည်။

"ရှင်က အဒေါ်နဲ့ နေရတာနော် ရန်၊ တို့နှစ်ယောက်လုံးက မိဘတွေ ချို့တဲ့ကြတဲ့လူတွေ၊ နယ်ကနေ အဆောင်လာနေပြီး အလုပ်လုပ်ကြရတာ"

ကျွန်မနဲ့ မြလေးက နယ်မြို့လေးတစ်မြို့ကနေ ကျောင်းလာနေကြခြင်း ဖြစ်သည်။

ကျောင်းပြီးတော့ အလုပ်ဝင်၏။





သူငယ်ချင်းတွေစုပြီး ဘော်ဒါဆောင်မှာ ငှားနေကြသည်။

ကျွန်မနှင့် မြလေးက အတွဲဆုံး ...

အလုပ်လုပ်သော ကုမ္ပဏီကလည်း အတူတူပင်ဖြစ်သည်။

"ရန်"

"ဟင်"

"နင် အဖြေပေးလိုက်ပြီလား'

"ဟင့်အင်း"

"အခြေအနေက"

"သူက ကျွန်မကို အသည်းအသန် လိုက်နေတယ်၊ ကျွန်မဘက်က စဉ်းစားနေတယ်"

"အချစ်ဆိုတာကို ဘယ်လောက်ထိများ ရှင် နားလည်သဘောပေါက်ထားလို့လဲ"

"နားမလည်ဘူး"

"ဟင်"

ရတု ...

ကျွန်မ အလုပ်လုပ်သော ကုမ္ပဏီပိုင်ရှင်ကြီးရဲ့သား။

ဦးမောင်မောင်ဇေရဲ့သား ...

တစ်ဦးတည်းသော သားတစ်ယောက်လည်း ဖြစ်စေသည်။

သူ ...

တက္ကသိုလ် တက်နေဆဲမှာပင် သူမတို့က အလုပ်လုပ်နေရသည်။

ကုမ္ပဏီဝန်ထမ်းတွေ ဖြစ်နေခဲ့ကြရ၏။

"သူ့မိဘတွေကရော နင်နဲ့သဘောတူမလား ရန့်"

"ဟင်"

"နင် ရပ်တန်းက ရပ်လိုက်တာ အကောင်းဆုံးပဲ ရန့်"

ဟင့်အင်း ...

ကျွန်မ မိုက်မဲစွာဖြင့် ငြင်းဆန်ပစ်လိုက်မိသည်။

ရတုကို ချစ်မိနေပြီ။

မြတ်နိုးနေမိသည်။

မခွဲနိုင်တော့။

"ရတုကို ချစ်တယ်"

"နင် ... "

"အရာအားလုံးကို ငါရင်ဆိုင်မယ် မြလေး"

"ခက်တာပဲ၊ အင်းလေ ... ဘယ်တတ်နိုင်မလဲ၊ ရှင်ကိုယ်တိုင်က ချစ်ခင်မြတ်နိုးနေမှပဲ"

ကျွန်မ မိုက်မဲစွာဖြင့်ပဲ ရတုအား ချစ်ခင်မြတ်နိုးနေမိသည်။

အရာအားလုံးကို ရင်ဆိုင်လိုမိ၏။

သတ္တိတွေ ...

အင်အားတွေ ရှိနေသည်။

"ရတုကို ချစ်တယ်လို့ အဖြေပေးလိုက်တော့မယ် မြလေး"

"ကောင်းပါတယ်"

မြလေးကတော့ ရတုနှင့် လုံးဝ သဘောမတူပေ။





ကျွန်မအား အပျော်ကြံမှာပဲဟု တစ်ထစ်ချ တွက်နေသည်။

"ရှင့်သဘောပဲ"

မြလေးက ကျွန်မ အနားမှ ထသွားပြီး ကော်ဖီဖျော်နေသည်။

ကျွန်မထက်စာရင်တော့ မြလေးက အတော်လေးပြေလည်သေး၏။

နယ်မှာရှိတဲ့ မိဘတွေက အဆင်ပြေ၍ ငွေကြေးထောက်ပံ့စရာ မလို။

ကျွန်မက ထောက်ပံ့ရသည်။

တစ်ခါတလေ ...

အသုံးများသွား၍ ဒေါ်လေးကိုပင် မထောက်ပံ့နိုင်။

ဒေါ်လေးကတော့ ဘာမှမပြော။

ကျွန်မ အဆင်ပြေသလိုသာ နေပါတဲ့ ...

"ရှင် ကော်ဖီသောက်မလား၊ ကော်ဖီတောင် ဖျော်မသောက်နိုင်လောက်အောင် ရှင် စရိတ်ပြတ်နေပြီ မဟုတ်လား"

"အင်း"

ကျွန်မမှာ တကယ်ပဲ စရိတ်ပြတ်နေပြီ ဖြစ်သည်။

ရတုက ကျွန်မထံတွင် ချစ်ခွင့်ပန်ပြီ ဆိုတည်းက ကျွန်မစိတ်ထဲမှာ လှချင်ပချင်တဲ့ စိတ်တွေ အတိုင်းအဆမရှိအောင် ဖြစ်ပေါ်လာမိသည်။

ရှိတဲ့ငွေနှင့် အဝတ်တစ်စုံ ဝယ်မိ၏။

"ရော့"

"ကျေးဇူးပဲ"

ကျွန်မ ကော်ဖီကြိုက်တတ်မှန်း ငယ်သူငယ်ချင်း မြလေးက သိနေသည်။

"နင်ဟာလေ ... တကယ်ပဲ၊ အင်္ကျီခံပြီးတော့ကို ရတု နှစ်သက်အောင် ပြင်ဆင်ခဲ့တာပဲ"

"အင်း ... ရတုကိုတော့ ကျွန်မချစ်တာ အမှန်ပဲ၊ ရတုကို ဆွဲဆောင်နိုင်တာ ကျွန်မ အလှပဲရှိတယ်လေ"

"ရွှံ့ ... "

"ပြော"

"ဒီအလှတွေနဲ့ နင် ဘယ်လောက်အထိ ရတုကို ဆွဲဆောင်ထားနိုင်မှာလဲ"

"ဆွဲဆောင်နိုင်သလောက်ပေါ့"

"နင် တစ်လ အဝတ်အစား ဘယ်နှစ်စုံ ဝယ်ဝတ်နိုင်မှာတဲ့လဲ"

ကျွန်မ ဘာမှ မပြောမိ။

ရတဲ့ လခနှင့် စားစရိတ်က ရှိသေးသည်။

"ရွှံ့ရယ် ... မြလေးလည်း နင့်အတွက် တတ်နိုင်သလောက် အကူအညီ ပေးပါ့မယ်ဟယ်"





မြလေးကို ကျွန်မသူငယ်ချင်းကောင်း တစ်ယောက်အဖြစ် အမြဲတမ်း လေးစားမိသည်။

ထို့ကြောင့်ပင် ကျွန်မကို ဘယ်လိုပဲ ဝေဖန်ပါစေ၊ စိတ်မဆိုးမိ။

စေတနာနှင့် ပြောခြင်းဆိုတာ ကျွန်မ သိထားပြီးသားဖြစ်သည်။

မြလေးက သူ့အတွက် ကိုယ်တာကော်ဖီထဲမှ တစ်ခွက်ဖျော်ပေး၏။

"ရှင် ဘာမှ အားမနာနဲ့နော်၊ ဒီကော်ဖီကို ဒီနေ့ကစပြီး ကျွန်မ တိုက်မယ်"

ကျွန်မ အကုန်အကျ သက်သာစေရန် မြလေးက ပြောသည်။

ရင်ထဲမှာ ဆို့တက်သွားရ၏။

အဝတ်အစား ဝယ်ဝတ်ဖို့အတွက် ကျွန်မ ကော်ဖီမသောက်ဘဲ ခြိုးခြံချွေတာတော့မယ်ဆိုတာ မြလေးက သိနေသည်။

"နေပါစေ ... ရှင်လည်း သိပ်ပြီး ပေါများနေတာမှ မဟုတ်တာပဲ မြလေးရယ် ... နော်"

ကျွန်မ အသံတွေက အဖျားခတ် တုန်ခါသွားရသည်။

နည်းလမ်းမကျသော အလုပ်တွေကို ကျွန်မ လုပ်နေမိတယ်ဆိုတဲ့ အသိတရားကတော့ ကျွန်မ ခေါင်းထဲမှာ ရှိနေ၏။

မြလေးက နားလည်သည်။

ကျွန်မ စိတ်သက်သာစေရန် ရယ်ကျဲကျဲ မျက်နှာထား နှင့်။

"ကျွန်မက ရှင့်ထက် ချမ်းသာပါတယ်နော်၊ ဒေါ်သင်းရဲ့ ရှင့်မှာက ကိစ္စဝိစ္စတွေ အတော်လေး များသားပဲ"

"အဟက်"

ကျွန်မ ရယ်ပစ်လိုက်မိသည်။

ရတုက ချစ်သည်ဟု ရည်စားစကား ပြောလိုက်သည်နှင့် ကျွန်မတွင် ကိစ္စဝိစ္စတွေက များပြားလာရတော့၏။

အလှပြင်ဖို့ ...

အဝတ်အစား ကောင်းကောင်းလေးတွေ ဝတ်ဆင်ဖို့ ...

ဆံပင်ညှပ်လှလှလေးတွေ ဝယ်ဖို့ ...

ဖိနပ်ကအစ ...

ကျွန်မ အရမ်းလှချင်ပချင် သွားမိတာကတော့ ဝန်ခံရမည် ဖြစ်သည်။

ကော်ဖီကို သောက်ပြီး မြလေးက အိပ်တော့မည်ဟုပြော ၏။

ညစဉ် ...

အိပ်ရာဝင်ခါနီးတိုင်း ကျွန်မနှင့် မြလေး ကော်ဖီသောက် တတ်ကြသည်။

သူများတွေက အိပ်ရာဝင်ခါနီး ကော်ဖီသောက်ရင် အိပ် မပျော်ဘူးတဲ့ ...





ကျွန်မနဲ့ မြလေးက ကော်ဖီတစ်ခွက် သောက်ပြီးမှ အိပ် ပျော်တတ်ကြသည်။

မြလေး အိပ်သွား၏။

ကျွန်မ အိပ်မရ ...

ရတု ...

ကျွန်မနှင့် တွေ့ဆုံခဲ့ပုံတွေကို ပြန်၍ မြင်ယောင်နေမိ သည်။

တစ်နေ့ ...

ကျွန်မတို့ ကုမ္ပဏီက ဧည့်ခံပွဲတစ်ခု ကျင်းပခဲ့သည်။

ထိုဧည့်ခံပွဲတွင် ကျွန်မနှင့် မြလေးက ကူညီပြီး ဧည့်ခံကျွေး မွေးပေးရန် တာဝန်ကျခဲ့ကြ၏။

ထိုစဉ်က ...

ကျွန်မ ဘဝကြီးတစ်ခုလုံး ဇောက်ထိုးမိုးမျှော် ဖြစ်သွား အောင် ပြောင်းလဲပစ်လိုက်မည့် အကြောင်းအရာ အဖြစ်အပျက်တွေ ဖြစ်လာလိမ့်မည်ဟု မထင်မှတ်ခဲ့မိပေ။

ဧည့်ခံပွဲသို့ ရတုလည်း ရောက်လာခဲ့တော့သည်။

ကျွန်မ ဧည့်သည်တွေကို ဧည့်ခံပေးရင်း ဦးမောင်မောင်ဇေ အနားရောက်လာခဲ့၏။

"ရနံ့"

"ရှင်"

"ဟိုဘက်ဝိုင်းက ဧည့်သည်တွေကို အထူးဂရုစိုက်နော်"

ညှို့သည်တွေ စုပုံကျလာ၍ ညှို့ဝတ်မကျေမှာစိုးရိမ်နေသော ဆရာဦးမောင်မောင်ဇေက လှမ်းခေါ်၍ မှာသည်။

အကြည့်တစ်ခုက ကျွန်မထံသို့ ဆတ်ခနဲ ရောက်လာခဲ့၏။

မျက်ဝန်းချင်း အမှတ်မထင် ဆုံမိသွားတာတော့ ကျွန်မ သတိ ထားမိခဲ့သည်။

ညှို့သည်တွေ စဲသွားသည့် အချိန်မှာတော့ ရတုက ပစ္စည်းတွေ သိမ်းပေးနေသော ကျွန်မအနားသို့ ရောက်လာခဲ့၏။

"မင်းနာမည် ရန့်လား"

"သင်းရန့်ပါ"

"ကိုယ်နာမည်က ရတုတဲ့ ... ဇေရတုလေ၊ မင်းနဲ့ကိုယ် နာမည်ချင်း ဆင်နေတော့ ကိုယ်တော်တော်လေး စိတ်ဝင်စားသွားတယ်"

ရတု ...

ဇေရတုတဲ့ ...

နာမည်ကြားရုံနဲ့ ကျွန်မတို့ကုမ္ပဏီပိုင်ရှင်ရဲ့သားဆိုတာ သိလိုက်သည်။

လူချင်းမတွေ့ဖူးပေမယ့် ရတုက နာမည်ကြီး ...

ချမ်းသာတာတွေ ...

ချောမောတာတွေ ...

ရတုသည် စီးကရက်ကို ခဲပြီး ကျွန်မအား မေးစင်းစွာကြည့်နေသည်။





ကြောက်လာမိ၏။

ရင်တွေ တဒိန်းဒိန်း တုန်ယင်လာမိတော့သည်။

ဘာဖြစ်တာလဲ ...

ကျွန်မတစ်ကြိမ်တစ်ခါမှထိုကဲ့သို့မဖြစ်ဖူးတာထူးဆန်းနေသည်။

"ရန့် ..."

"ရှင်"

"ခင်လို့ ရမလား"

"ဘုရားရေ ..."

ကျွန်မ ယောင်ယမ်းပြီး ဘုရားရေဟု ထွက်သွားမိသည်။ သူရယ်၏။

"ဘာဖြစ်လို့ ဘုရားတ,ရတာလဲ ရန့်ရယ် ... ကိုယ်က မင်း ဘုရားတ,လောက်အောင် ကြောက်စရာ ကောင်းနေလို့လားကွ"

ရတု စကားသံတွေက ကျွန်မ ဘယ်ယောကျ်ားတွေဆီကမှ မကြားခဲ့ဖူးသော တိုးတိတ်ညင်သာစွာ နူးညံ့နေသည်။

ကျွန်မ မော့ကြည့်မိ၏။

အို ...

ဘုရားရေ ...

ရှင့်မျက်ဝန်တွေက စိုလဲ့နေတဲ့ အကြင်နာမျက်ဝန်းတွေ ...

ခင်လို့ရမလားဆိုတဲ့ သူ့မေးခွန်းအဖြေကို ကျွန်မခေါင်းညိတ်၍ ပေးမိလျက်သား ဖြစ်သွားရတော့သည်။

အခန်း ( ၂ )

ကျွန်မနဲ့ ရတုခင်သွားသည်။

မခင်လို့လည်း မဖြစ်ဘူးလေ ...

သူက ...

ကျွန်မတို့ ကုမ္ပဏီပိုင်ရှင်ရဲ့သား ဖြစ်နေသည်။

လုပ်ငန်းခွင်မှာ စကားလာမပြောပေမယ့် အိမ်ပြန်ရန် ကျွန်မ ဘတ်စ်ကားစီးဖို့ စောင့်နေတဲ့ ကားမှတ်တိုင်တော့ သူ့ကားနှင့် ရောက်လာတတ်၏။

"ရန့် ... "

"ဟင်"

မြလေး မပါတဲ့နေ့ ...

ကျွန်မ တစ်ယောက်တည်း ...

သူ ကားပေါ်က ဆင်းလာပြီး ကျွန်မအနား လာရပ်သည်။

"ကိုယ် လိုက်ပို့မယ်"





"ဟင့်အင်း ... နေပါစေ၊ ကျွန်မ အားနာပါတယ်၊ လိုက်မပို့နဲ့နော်"

ကျွန်မ ညင်သာတိုးတိတ်စွာဖြင့် သူ့ကို တောင်းပန်မိသည်။

သူက လက်မခံ ...

"ကားပေါ်တက်ပါ ရန့် ... ကိုယ် လိုက်ပို့ပေးပါရစေ"

သူ ...

ဖွတ်ခေါ်မည့်ပုံ ...

ကျွန်မ ဆက်ပြီး ငြင်းဆန်နေရင်လည်း ပတ်ဝန်းကျင်မှာ အရှက်သိက္ခာကျရတော့မည့် အဖြစ်မျိုး ...

အမှန်အတိုင်း ဝန်ခံရရင်တော့ ကျွန်မ စိတ်ထဲမှာလန့်နေမိသည်။

မိန်းကလေးတွေနှင့် ပတ်သက်ပြီး နာမည်ဆိုးတွေနှင့် သတင်းကြီးခဲ့သော ဇေရတုကို မခင်မင်ရဲပေ။

"ရန့်"

"ဟင်"

"ကားပေါ်တက်လေ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း"

"တက်ပါ"

"ဟင့်အင်း"

"ထက်လေ"

သူက အမိန့်ပေးသည်။

လူတွေ ရှိနေ၍ ကျွန်မ ငြင်း၍မရတော့အောင် ဖြစ်နေ၏။

မထူးတော့ ...

ကျွန်မ ကားပေါ်သို့ တက်လိုက်ရတော့သည်။

"အမိ"

"ဟင်"

"ကိုယ်က ခင်မင်တာပါ"

"ကျွန်မ"

"ကိုယ့်ကို မင်းရဲ့ မိတ်ဆွေ သူငယ်ချင်းတစ်ယောက်လို သတ်မှတ်ပါနော်"

"ဟုတ်ကဲ့"

"ရနံ့"

"ရှင်"

"မင်းဟာ ကိုယ်တွေ့ကြုံခဲ့ဖူးတဲ့ မိန်းကလေးတွေတော့ အရိုးသားဆုံးပဲ ရနံ့"

သူ ပြောသည်။

ကျွန်မ တုန်လှုပ်ချောက်ချားစွာဖြင့် ဒူးလေးတွေ တဆတ်ဆတ်တုန်ယင်ချင်လာမိတော့သည်။

မခင်မင်သင့်ဘူး ...

သူက ကုမ္ပဏီပိုင်ရှင်ရဲ့သား ...





ကျွန်မက ဝန်ထမ်း ...

အဒေါ်နှင့်နေရပြီး ဆင်းရဲနွမ်းပါးသော ကျွန်မဘဝ ဘယ်လိုမှ မနီးစပ်သင့် ...

"ရှင် ရတုကို ဝေးဝေးက ရှောင်နော်၊ တစ်နေ့ ရှင်ပဲ ဒုက္ခကောင်းကောင်း ရောက်လိမ့်မယ် ရနံ့"

မြလေးက ကျွန်မနှင့် ရတု အခြေအနေကို ရိပ်မိပြီး သတိပေးခဲ့သည်။

ကျွန်မ ဘယ်လိုဆက်လုပ်ရမလဲ ...

သူနှင့် မိတ်ဆွေမဖြစ်သင့်ဟု ကျွန်မ အသိမှာ ရှိနေပေမယ့် ကျွန်မ လက်ခံမိသည်။

"ရနံ့"

"ရှင်"

"တစ်ခုခု စားရအောင်"

"ဟာ ... မဖြစ်ပါဘူး၊ ကျွန်မ အိမ်ပဲ ပြန်ပါရစေ"

သူက ကျွန်မဆန္ဒတွေကို မလိုက်လျောဘဲ ကားကိုသာ သူမောင်းချင်တဲ့နေရာသို့ မောင်းနေမိသည်။

စားသောက်ဆိုင်ရှေ့မှာ ကားရပ်သွားတော့၏။

"ကျွန်မ"

"ဆင်း"

"သေချင်လိုက်တာ"

သူ့အကြည့်တွေက ကျွန်မရှေ့သို့ ဆတ်ခနဲရောက်လာသည်။

"ဆင်းလေ ... "

"ဟုတ်"

ကျွန်မ ယောင်တောင်ပေါင်တောင်နှင့် ကားပေါ်မှ ဆင်းလိုက်ရသည်။

"မကြောက်နဲ့နော်"

"ကျွန်မ တစ်ခါမှ ဒီလိုနေရာမျိုးတွေကို မရောက်ဖူးဘူး ရတု၊ သိပ်အကြာကြီးတော့ မနေပါနဲ့နော်၊ ကျွန်မ အိမ်ပြန်မှဖြစ်မယ်"

"မင်းက အဆောင်ပြန်မှာပဲ၊ ဘာဖြစ်လို့ နောက်ဆံတင်းနေရတာလဲ အမိရယ်"

စားပွဲမှာ ထိုင်ကြသည်။

စားစရာတွေ မှာနေ၏။

"အို ... များလိုက်တာ"

"မင်းကို စားစေချင်လို့ပါ"

"များပါတယ်"

"ရန့်"

"ရှင်"

"မင်းကို စတွေ့တည်းက ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ဆိုပြီး ကိုယ် စိတ်ဝင်စားခဲ့တာ"

"ဟင်"

သူမ ...

ရှက်နေမိသည်။





နှုတ်ခမ်းသားလေးတွေပင် တဆတ်ဆတ် တုန်ယင်ချင်နေမိ၏။

"ရန့်"

"ရှင်"

"မရှက်နဲ့နော် ... ကိုယ်က မင်းကို ကိုက်မစားပါဘူး"

သေချင်တယ် ...

ကြောက်စရာကောင်းတဲ့ အကြည့်တွေဟု ကျွန်မ ထင်မှတ်နေမိသည်။

သူက သူမပန်းကန်းထဲသို့ ဟင်းတွေ ထည့်ပေး၏။

ကျွန်မ စားရသည်။

စားသောက်ဆိုင်က ထမင်းဟင်းလျာတွေကို ကျွန်မ စားတတ်တဲ့ အလေ့အကျင့် မရှိခဲ့တာတော့ အမှန်ပဲဖြစ်၏။

မစားတတ် ...

ကျွန်မ ဝင်ငွေနှင့် မြိုးမြဲချွေတာပြီး စားသောက်နေထိုင်ခဲ့ရသည်။

အဒေါ်ကလည်း ကျွန်မ အလုပ်ဝင်ပြီးတဲ့ နောက်ပိုင်း မထောက်ပံ့တော့ပေ။

ကျွန်မကပင် ပို့ပေးရသေးသည်။

"ရန့်"

"ရှင်"

"ဘာတွေ စဉ်းစားနေတာလဲ"

"ကျွန်မဘဝ အကြောင်းပါ"

"မင်းဘဝ အကြောင်းက ဘာတွေလဲ၊ ကိုယ့်ကို ပြောပြစမ်းပါ"

"ကျွန်မ အဒေါ်နဲ့ နေရတာ၊ ဈေးရောင်းပြီး ကျွန်မ ကျောင်းစရိတ် ထောက်တယ်၊ အခု ကျွန်မ အလုပ်ရတော့ အဒေါ်တွေကို ထောက်ပံ့နေရတယ်လေ"

ကျွန်မဘဝ အမှန်တွေကို ပြောပြလိုက်မိသည်။

ရတုဘဝနှင့် ကျွန်မဘဝက ဘယ်လိုမှ မနီးစပ်နိုင်သော ဘဝတစ်ခုသာဖြစ်နေ၏။

"ရန့်"

"ရှင်"

"မင်းကို ချစ်တယ်"

"ဟင်"

"လက်ထပ်ပါရစေ"

"မဖြစ်နိုင်တာပဲ"

ကျွန်မ အထိတ်တလန့်နှင့် ငြင်းဆန်နေမိသည်။

တကယ် ...

အံ့သြမိသည်။

ကျွန်မက ရတု စိတ်ဝင်စားလောက်တဲ့အထိ အခြေအနေ မရှိဘူးဟု ထင်မိ၏။

ငြင်းဆန်သင့်သည်။





ကျွန်မဘဝတွင် ယောကျ်ားတွေကို ဘယ်တော့မှ စိတ်ဝင်စားခြင်း မရှိ။

ချမ်းသာကြွယ်ဝတဲ့ ယောကျ်ားတွေဆို ဝေးဝေးက ရှောင်မိသည်။

ကျွန်မပဲ စိတ်သောက အရောက်မခံနိုင်ပေ။

ရတုနှင့်ကျမှ ကျွန်မ နှလုံးသားတွေ လှုပ်ရှားလာရသည်။

"ရန့်ကို ကိုယ်မြတ်မြတ်နိုးနိုး ချစ်တာပါ"

ကျွန်မ ယုံကြည်နေမိသည်။

ရတု အချစ်တွေကို မငြင်းဆန်လိုတော့ ...

ဘာပဲဖြစ်ဖြစ် ...

ကျွန်မ ငြိမ်သက်စွာ လက်ခံနေမိသည်။

"ရန့်"

"ရှင်"

"ကိုယ့်ကို လက်ထပ်မယ် မဟုတ်လား ရန့်"

"ဟို ... ကျွန်မ စဉ်းစားပါရစေ ရတု၊ ဒါပေမယ့် မဖြစ်နိုင်ဘူးလို့လည်း ကျွန်မ ထင်နေမိတယ်လေ"

"ကိုယ်က ကိုယ်ချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ်"

"ရတု ကျောင်းတက်နေတုန်းပဲ မဟုတ်လား"

"ကျောင်းပြီးတော့ ရန့်ကို လက်ထပ်မှာပေါ့"

ကျွန်မ ...

သေသေချာချာ စဉ်းစားဆုံးဖြတ်သင့်သည်ဟု မြလေးက ပြောသည်။

"ရတု မိဘတွေက ကျွန်မနဲ့ ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူး"

"ကိုယ် စီးပွားရေးလုပ်ငန်းတွေ လုပ်မှာပေါ့၊ မိဘကို မှီခိုအားထားစရာ မလိုတဲ့အချိန် ရောက်မှပါ"

"မိဘတွေ ကျွန်မကြောင့် စိတ်သောက ရောက်မှာစိုးလို့ပါ"

သူ့အကြည့်တွေက ကျွန်မထံ စူးစိုက်စွာ ရောက်နေသည်။

ဘုရားရေ ...

မဖြစ်နိုင်ပါဘူး ...

ဘဝချင်းမှ မတူတာ ...

နိမ့်ကျလွန်းတဲ့ ဘဝတစ်ခုထဲကို ရှင် ဘယ်နည်းနဲ့မှ ဝင်မလာစေရပါဘူး ...

"ကျွန်မ သွားတော့မယ်"

တွေ့ဆုံ ခင်မင်တဲ့ အချိန်ကာလတွေ မကြာခင်မှာပင် သူက ကျွန်မအား လက်ထပ်ခွင့် တောင်းခဲ့တာကပင် သူ့မှာ အတွေ့အကြုံ ဘယ်လောက်အထိ ရှိနေပြီဖြစ်ကြောင်း သိသာသည်။

ရတု ...

ရှင်က ချစ်သူမိန်းကလေးတွေ အများကြီး ရှိနေတာပါ။

ကျွန်မကို စစ်မှန်တဲ့ မေတ္တာတွေနှင့် ချစ်တာရော ဟုတ်ရဲ့လား ...





မဖြစ်နိုင်ဘူးဟု ထင်သည်။

ခက်တာက ...

ကျွန်မ လက်ခံနေမိသည်။

အပြင်းအထန် ဆန့်ကျင်သင့်ပါလျက် ဆန့်ကျင်ခြင်း မပြုခဲ့။

ရတုနှင့် အချိန်တွေ ဖြုန်းနေမိသည်။

ချစ်ပါသည်ဟု အဖြေမပေးဘဲနှင့် ရတုခေါ်ဆောင်ရာနောက်သို့ အသာတကြည် လိုက်ပါနေမိတော့သည်။

အိမ်အပြန် ညဥ့်နက်သွား၏။

အဆောင်မှူးက ခေါ်တွေ့သည်။

နောက်တစ်ခါ ထိုကဲ့သို့ နောက်မကျသင့်ကြောင်း သတိပေး၏။

ကျွန်မတို့က သီးသန့်မငှားနိုင်၍ စုပေါင်းငှားနေရသည်။

စည်းကမ်းတွေ လိုက်နာရ၏။

အဆောင်မှူးက မိန်းကလေးတွေ ဝင်ချင်တဲ့အချိန်ဝင်၊ ထွက်ချိန်တဲ့အချိန်ထွက်ဖို့အတွက် ခွင့်မပြုခဲ့ပေ။

"ရှန့်"

"ဟင်"

"နင် ရတုနဲ့ သွားနေတာ မဟုတ်လား"

"အင်း"

"ဘာ"

မြလေးက ကျွန်မအား အံ့သြတုန်လှုပ်စွာဖြင့်ကြည့်နေသည်။

ကျွန်မက ရတု လာခေါ်သွားရာကစပြီး ပြန်ချိန်အထိ အဖြစ်အပျက်တွေကို ပြောပြမိသည်။

"နင် ရူးနေလား"

"ဘာဖြစ်လို့လဲ"

"နင့်ကို ရတု အတည်ကြိုက်မယ်လို့ ထင်နေလား၊ တကယ်ပဲ ချစ်ခင်နှစ်သက်နေမယ်လို့ ထင်နေလား"

ကျွန်မ ...

ငြိမ်သက်နေမိသည်။

"နင် သိပ်မိုက်တာပဲ၊ ရတု အလိုဆန္ဒတွေကို ဒီလောက်အထိ မလိုက်သင့်ဘူး"

ကျွန်မ နှလုံးသားတွေထဲမှာ ရတုအား ချစ်မိနေပြီဖြစ်ကြောင်း ဝန်ခံပြောဆိုနေမိသည်။

မြလေးက တအံ့တသြ ကြည့်၏။

"ရတုချစ်တဲ့ ကောင်မလေးတွေ အားလုံးက ချမ်းသာကြတယ်၊ ရုပ်ချောကြတယ်၊ အရှိန်အဝါ ကြီးမားကြတယ်၊ အဲဒီလိုလူမျိုးတွေကိုတောင် ရတုက ခဏပဲချစ်တာနော် ရန့်"

ကျွန်မကို ရတု ဘဝတစ်သက်လုံး ချစ်မည်ဟုတော့ ကျွန်မ ဘယ်လိုနည်းနှင့်မှ ဝန်ခံ၍ မရပေ။

ခဏလေးလည်း ချစ်မှာပဲ။





ဒါပေမယ့် ...

"ရန့်"

"ဟင်"

"နင့်မှာ ရတုမက်မောစရာ ဘာရှိလို့လဲ၊ ထာဝရလက်တွဲဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူးနော်၊ နင့် အလှအပတွေကိုပဲ စုတ်ယူဝါးမျိုးသွားမှာ"

"တော်ပါတော့"

"ရန့်"

"ပြော"

"နင် ရပ်တော့"

"ကျွန်မ"

"ဆင်ခြေတွေ မပေးစမ်းပါနဲ့၊ မြလေး ပြောတဲ့ စကားကို လက်ခံပါနော် ရန့်၊ ရတုနဲ့ ထပ်ပြီး မပတ်သက်စေချင်တော့ဘူး"

ကျွန်မကတော့ မြလေးစကားတွေကို လက်မခံနိုင်အောင် ဖြစ်နေမိသည်။

ရတုကို ချစ်မိနေ၏။

အလွန်အမင်းကို ချစ်မိနေသည်။

မြတ်နိုးတွယ်တာမိနေ၏။

"မြလေး ..."

"ပြော"

"ရတုကို ကျွန်မ ငွေကြေးဥစ္စာတွေနဲ့ ဘာမှမဆိုင်ဘဲ၊ ချစ်မိနေတာ ဝန်ခံရမှာပဲ"

"သေလိုက်"

"ရှင် အပြစ်တင်ရင်လည်း ခံရမှာပဲ"

"နင် တစ်နေ့ ဒုက္ခကောင်းကောင်း ရောက်လိမ့်မယ်၊ ရတုက အရမ်းနာမည်ပျက်နေတာနော်"

"မသိဘူး"

မြလေး ဘာမှ ဆက်မပြောနိုင်တော့ဘဲ လက်လျှော့လိုက်ရသည်။

ကျွန်မ အစားအသောက် မြိုးမြိုးပြီး အဝတ်အစားဝယ်ခဲ့၏။

မြလေး မနေနိုင် ...

ကော်ဖီ တိုက်သည်။

မုန့်ကျွေးသည်။

"ရှင် အသုံးလိုရင် ကျွန်မဆီကယူနော် ရနံ့"

သူငယ်ချင်းကောင်း ပီသစွာဖြင့် စောင့်ရှောက်ကူညီသည်။

ရတုနှင့် ပတ်သက်ပြီး မဝေဖန်တော့။

"ရှင့်ကို ဘာမှမပြောတော့ပါဘူး ရနံ့ရယ်၊ ဖြစ်တတ်ပါတယ် ရှင့်ဘဝအတွက် အချစ်ဦးပဲ မဟုတ်လား"

မြလေးရယ် ...

ရတုကို သတိထားရမယ်ဆိုတဲ့ အသိရှိပေမယ့် ကျွန်မ ချစ်နေမိပြီပဲ။





ကျွန် ရင်ဆိုင်ရတော့မှာပဲ။

ချစ်သည်ဟု ခေါင်းညိတ်အဖြေပေးရန် ကျွန်မဘက်မှ အသင့်ဖြစ်နေရသည်။

✣

အခန်း ( ၃ )

"ရန့်"

"ရှင်"

"ချစ်လား"

"ရှင်"

"ဘာရှင်လဲ"

ကျွန်မ ရှက်နေမိသည်။

အချစ်ဆိုတာ ရှက်စရာ မဟုတ်ပေမယ့် ရတုလို ချမ်းသာကြွယ်ဝတဲ့ ယောကျ်ားတစ်ယောက်ကို ချစ်တယ်ဟု အဖြေပေးရတာတော့ ရှက်စရာ ဘယ်လောက်ကောင်းနေလိုက်မလဲ။

ကျွန်မက အညတရ ...

နွမ်းပါးသူ ...

ရတုက ပြည့်စုံသူ ...





ကျွန်မ နှလုံးသားတွေထဲမှာ အချစ်တစ်ခုတည်းသာရှိပြီး ငွေကြေးနှင့် မသက်ဆိုင်ကြောင်း ကျွန်မ အသိဆုံးပင်။

"ရန့် ဖြေလေ"

"ဘာဖြေရမှာလဲ"

"ချစ်တယ်လို့"

"ဟာ"

"ရှက်လို့လား"

ကျွန်မ ရတုမျက်နှာကို အတော်လေး အားယူမော့ကြည့်လိုက်မိသည်။

ရှက်တယ် ရတုရယ် ...

ကျွန်မ အဖြေပေးချင်တယ် ...

ရှင်ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို မက်မောနေတယ်လို့ ထင်သွားမှာလည်း စိုးရိမ်နေမိသလိုပဲ။

ရတုက သူမ လက်လေးတွေကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

ကျွန်မ ငြိမ်သက်နေ၏။

မငြင်းဆန် ...

အဲဒါ ...

အချစ်ပဲလေ ...

ကျွန်မ နှုတ်ခမ်းသားလေးတွေဆီမှ ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်း လွင့်စဉ်ထွက်ကျလာဖို့ပင် ဝန်လေးနေမိသည်။

ရှက်ကြောက်နေမိ၏။

"မင်း ကိုယ့်ကို ချစ်တယ်ဆိုတာ ကိုယ်သိတယ်"

"ဟို ... ကျွန်မ"

"ဘာပြောစရာရှိလို့လဲ ... ပြောလေ၊ ဘာမှ အားနာစရာ ရှက်စရာ မရှိတော့ဘူးနော်၊ ကိုယ်တို့က ချစ်သူတွေ"

"ဟင်"

ဒုက္ခပါပဲ ...

ကျွန်မ ပိုပြီး ရှက်သွားမိသည်။

ရတုနဲ့ ကျွန်မ ချစ်သူတွေ ဖြစ်သွားကြပြီလား ...

ဟုတ်တယ် ...

ကျွန်မ ကိုယ်လေးက . . . ရတု ရင်ခွင်ထဲကို ရောက်နေပြီ ပဲ။

"ရန့်"

"ဟင်"

"ပြောလေ"

"ဟို ... ဟို ... ကျွန်မ ရှင့်ကိုချစ်တာ ငွေကြေးဓနဉစ္စာတွေနဲ့ ဘာမှမဆိုင်ဘူးဆိုတာ ပြောချင်တာပါ၊ ရတုရယ်"

"ကိုယ် သိပါတယ် ရန့်ရယ် ... မင်းရဲ့ ရိုးသားဖြူစင်တဲ့ စိတ်တွေကို မြတ်နိုးနှစ်သက်မိတာပါ"

"ကျွန်မ ရတုကို ချစ်တယ်၊ နှလုံးသားနဲ့ ချစ်တာပါ ရတု ရယ်"





ရှင့်ကို ချစ်မိတဲ့အတွက် ကျွန်မ ခံစားရင်ဆိုင်ရမဲ့ အခြေအနေ တွေကို ကျွန်မ သိထားပြီးသားပါပဲ ရတု ...

အနည်းဆုံး ...

ရှင် ကျွန်မကို လက်ထပ်ခဲ့ရင်တောင်မှ ရှင့်မိဘတွေက ကျွန်မနဲ့ ဘယ်လိုနည်းနဲ့မှ သဘောတူနိုင်စရာ အကြောင်းမရှိဘူး။

"ရတု ... "

"ဘာလဲ ရန့်"

"ရှင့်ဘက်ကရော ကျွန်မကို အမှန်တကယ်ပဲ ချစ်မြတ်နိုးရဲ့ လားဟင်"

"ချစ်ပါတယ် ရန့် ... ကိုယ် တွေ့ကြုံခင်မင်ဖူးတဲ့ မိန်း ကလေးတွေထဲမှာတော့ ရန့်ကို ကိုယ် အချစ်မြတ်နိုးဆုံးပဲ"

ကျွန်မ ...

ရတုကို ပြောချင်မိသည်။

တခြား ကောင်မလေးတွေနှင့် တွဲမသွားဖို့ပဲ ဖြစ်၏။

ပြောမထွက် ...

ရတု သဘောကျပါ့မလားဟု ကျွန်မ တွေးပြီးမပြောဖြစ် တော့။

"ရန့်လေ ... "

"ပြော"

"ရှင့်ရဲ့ ချစ်ခင်မြတ်နိုးမှုတွေကို ကျွန်မ ထာဝရပိုင်ဆိုင်ခွင့် ရပ့်မလားလို့ပဲ စိတ်ပူတာပါ"

ရတုက ပြုံးပြီး ကြည့်နေသည်။

ကျွန်မ ထိုစကားလောက်လေး ပြောမိတာပင် ရတု စိတ်ဆိုးသွားမလားဟု တွေးပြီး ပူပင်သောက ရောက်ရသေး၏။

"ရန့်ကို ကိုယ်ချစ်ပါတယ်၊ အရှင်းဆုံး ပြောရရင်တော့ ကိုယ် ကောင်မလေးတွေနဲ့ ဘယ်လောက်ပဲတွဲတွဲ ကိုယ် လက်ထပ်ယူမဲ့ မိန်းကလေးကိုတော့ ခြောက်ပစ်ကင်း သဲလည်းစင်ဖြစ်နေစေချင်တယ်၊ ကိုယ်လိုအပ်တဲ့ မိန်းကလေးက ရန့်ပဲ"

ဘာပဲပြောပြော ...

ရတုအတွက် ကျွန်မ စိတ်ချယုံကြည်မှုတွေ အပြည့်အဝ မရှိခဲ့ပေ။

စိုးရိမ် ပူပန်မှုတွေတော့ ရှိသည်။

ကျွန်မက နွမ်းပါးသူ ...

ရုပ်ရည်လေးပဲ ရှိတာပါဟု ပြောရမလောက်ပင် ဖြစ်သည်။

"ရန့်"

"ရှင်"

"မင်း စိတ်ပူနေတာ မဟုတ်လား"

"အင်း ..."

"မပူစမ်းပါနဲ့ကွာ၊ ကိုယ်က ဘယ်လိုအခြေအနေမျိုးပဲဖြစ် ဖြစ် ရန့်ကို လက်ထပ်မှာပါ"

ကျွန်မ လက်လေးကို ရတုက တင်းကျပ်စွာ ဖျစ်ညှစ် ဆုပ်ကိုင်ရင်း အားပေးနှစ်သိမ့်ပြီး ကတိစကား ပြောသည်။





"ရန့် ယုံကြည်ပါကွာ"

ကျွန်မ ရင်ထဲမှာ ကြည်နူးနှစ်သက်မှုတွေနှင့် တသိမ့်သိမ့် ခုနေသည်။

ခုချိန်မှာ ...

ရတု အမွေဖြတ်ခံရပြီး ဆင်းရဲနွမ်းပါးတဲ့ဘဝ ဖြစ်ပါစေ ...

ကျွန်မကတော့ ချစ်ခင်မြတ်နိုးစွာ လက်ထပ်ယူမှာပါပဲ။

ရတုမှာ အဆောင်အယောင်တွေ မရှိတာပဲ ကျွန်မ ကျေနပ်တယ်။

"ရန့်ကို ကိုယ်ချစ်တယ်၊ မြတ်နိုးတယ်၊ လက်ထပ်ယူမယ် နော် ... ယုံလား"

"အင်း"

ရတု ကျေနပ်သွားစေရန် ကျွန်မ ယုံကြည်ကြောင်း ပြောမိသည်။

"မင်းဟာ တကယ့်ကို ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပဲ ရန့်ရယ်"

ကျွန်မ ကိုယ်လုံးလေးကို သိုင်းဖက်လာသည်။

ပြီးတော့ ...

နမ်းသည်။

ကျွန်မ အထိတ်တလန့်နှင့် သူ့ရင်ခွင်ထဲမှ ရုန်းထွက်နေမိ။

တစ်ကိုယ်လုံးလည်း ထူပူနေသည်။

ရှက်လိုက်တာ ...

အရမ်းရက်တာပဲ ...

ကျွန်မ ယောကျ်ားတစ်ယောက်နဲ့ ထိုကဲ့သို့ တစ်ကြိမ်တစ်ခါမျှ မနေခဲ့ဖူးခဲ့။

ရှက်ကြောက်စွာ ရုန်းနေမိသည်။

ရတုကတော့ အတွေ့အကြုံ ရင့်ကျက်သူပီပီ ကျွန်မကိုယ်လုံးလေးကို မလွှတ်ပေ။

"အို ... ကျွန်မကို လွှတ်ပါ။ တောင်းပန်ပါတယ် ရတုရယ်၊ ကျွန်မ ရှက်တယ် ... မနေတတ်လို့ပါနော် အို ဖယ်ပါ"

ရတုက မလွှတ် ... ။

ကျွန်မ မျက်နှာလေးအနှံ့ အနမ်းမိုးတွေ ရွာသွန်းနေသည်။

"ရုန့်ကို ချစ်တယ် ... ကိုယ် အရမ်းချစ်တယ်၊ ရုန့်လေး ယုံကြည်အောင် ကိုယ် ဘယ်လိုသက်သေပြရမလဲကွာ"

ရတုက တတွတ်တွတ် ပြောနေတော့သည်။

ရုန့်ကလည်း မျက်နှာလေးကို ဘယ်ညာရုန်းခါပစ်နေမိ၏။

နောက်တော့ ...

မောပန်းနွမ်းနယ်လာသည်။

ရတု ပြုသမျှ နုရတော့မည့် အခြေအနေသို့ ရောက်နေ၏။

မလှုပ်နိုင်တော့ ...

"ရုန့်"

သူမ ...

ငြိမ်သက်နေမိသည်။





"ရုန့်အပေါ် အခွင့်အရေး မယူပါဘူးကွာ၊ ကိုယ် တကယ်ကို မြတ်နိုးတန်ဖိုးထားရသူလေးပါ"

ရတုက ပြောနေသည်။

ကြင်နာမြတ်နိုးတဲ့ မျက်ဝန်းတွေနှင့်စိုက်ကြည့်နေ၏။

ကျွန်မ ရင်ထိတ်စွာဖြင့် ရတု ရင်ခွင်မှာ မျက်နှာလေးကို အပ်ထားမိသည်။

ဒါပေမယ့် ... ကျွန်မရင်ထဲမှာ ပျော်နေမိသည်။

ကျေနပ်နေမိ၏။

ရတုကို ကျွန်မ ချစ်တယ် ...

ဘာမျှော်လင့်ချက်မှ မရှိဘဲ ကျွန်မက ရတုကိုချစ်မြတ်နိုးတာပါ။

တစ်နေကုန် ...

ရတုနှင့် အချိန်တွေ ဖြုန်းနေမိသည်။

မြလေးကတော့ ဘာပြောမလဲ။

ရုံးပိတ်ရက် တစ်ရက်လုံး ကျွန်မ အဆောင်မပြန်ဖြစ်တော့။

"ရုန့် အဆောင်မှာ မနေနဲ့တော့နော်၊ ဝင်ရ ထွက်ရ ခက်တယ်၊ ရုန့်နဲ့ သူငယ်ချင်းတစ်ယောက်နေဖို့ ကိုယ် တိုက်ခန်းတစ်ခန်း ဝယ်ပေးမယ်"

"ဟင်"

ရတုက ကျောင်းသားတစ်ယောက်ဖြစ်ပြီး တိုက်ခန်းတစ်ခန်း ဝယ်နိုင်လောက်တဲ့ ငွေကြေးတွေ ရှိနေလား ... ။

"မဝယ်ပါနဲ့ ရတုရယ်၊ ကျွန်မ ဘာမှ မလိုချင်ပါဘူး၊ ရတု မိဘတွေပိုင်တဲ့ ငွေကြေးနဲ့ ကျွန်မအတွက် ဘာမှ မဝယ်ပေးပါနဲ့ နော်"

ကျွန်မ ပြောမိသည်။

လက်မခံချင် ...

ရတုက ကျွန်မ စကားတွေကို လက်မခံပေ။

"ကိုယ့်မာမီ ပေးထားတဲ့ မုန့်ဖိုးတွေ ရှိပါတယ် ရန့်၊ ကိုယ်သုံးဖို့အတွက် ကိုယ့်နာမည်နဲ့ ဘဏ်စာရင်း ဖွင့်ထားတာပဲဟာ"

ရတုက တစ်ဦးတည်းသော သားတစ်ယောက် မဟုတ်လား။

"ရတု"

"ပြော"

"ကျွန်မအတွက် ရတု မိဘတွေရဲ့ ငွေကြေးတွေ ဘာမှမသုံးစွဲပါနဲ့"

"ကိုယ့်ငွေပါ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ ရန့်"

"ကျွန်မ လက်မခံနိုင်ပါဘူး၊ ဘာမှလည်း မယူချင်ဘူး၊ ရတု ဝယ်ပေးတဲ့ အခန်းမှာ ရန့် မနေပါဘူး၊ စိတ်လည်း သန့်မှာ မဟုတ်ပါဘူး ရတု"

"ဘာဆိုင်လဲကွာ"

"ဆိုင်ဆိုင် မဆိုင်ဆိုင် ကျွန်မ လက်မခံဘူး၊ ကျွန်မ ငွေစုမယ်၊





အိမ်လေးတစ်လုံး ငှားနိုင်အောင် ကြိုးစားမယ်"

လောလောဆယ်တော့ ကျွန်မနဲ့ မြလေး စုပေါင်းနေထိုင်တဲ့ အခန်းတစ်ခန်းမှာပဲ နေထိုင်နိုင်ကြသေးသည်။

ငွေကြေးမှ မပြည့်စုံကြတာ ...

အဆောင်မှူးက စည်းကမ်းကြီးသည်။

ညကိုးနာရီကျော်လျှင် အဆောင်တွင်းသို့ ဝင်ခွင့်မရှိတော့။

အဆောင်ပိတ်သည်။

စည်းကမ်းမလိုက်နာလျှင် အဆောင်မှ ထုတ်ပယ်ခြင်းခံရမည်။

"ကျွန်မ ပြန်တော့မယ်"

"နေပါဦး"

"အဆောင်မှူးက စည်းကမ်းကြီးတယ်၊ ကျွန်မ ဝင်ချင်တိုင်း ဝင် ထွက်ချင်တိုင်း ထွက်လို့မရဘူး ရတု"

"ဒါကြောင့် ကိုယ်ဝယ်ပေးမယ်လို့ ပြောတာပေါ့၊ အဆောင်က ထွက်ရလည်း အကြောင်း မဟုတ်ပါဘူး၊ ကိုယ် မင်းလိုအပ်တာတွေအားလုံး လုပ်ပေးနိုင်ပါတယ် ရန့်"

"ဟင့်အင်း ..."

"မင်း ဘာဖြစ်လို့ ငြင်းဆန်နေရတာလဲ ရန့်ရယ်၊ ကိုယ့်ကို မင်း မယုံကြည်တာလား၊ အားမကိုးတာလား"

"ကျွန်မ ရတုရဲ့ မိဘငွေကြေးတွေကို မသုံးချင်တာပါ၊ ရှင့်ကို ဘာမျှော်လင့်ချက်မှ မရှိဘဲ ချစ်ချင်တယ်"

ရတုမိဘတွေက သဘောမတူရင်ရောဟု မမေးမိ။

ကျွန်မ ကြိုတင်သိထားပြီးသားပဲ။

"ကိုယ်က ရန့်ကို ပျော်ရွှင်စေချင်တာပါ၊ အဆောင်မှာ စည်းကမ်းချက်တွေ တင်းကျပ်စွာနဲ့ မနေစေချင်တာပါ ရန့်"

"အခန်းလေးတစ်ခန်း ငှားနိုင်လောက်အောင် ကျွန်မ ကြိုးစားရမှာ ရတု"

တကယ်ဆို ...

ကျွန်မ ဝင်ငွေနှင့် မဖြစ်နိုင် ...

ဒေါ်လေးဆီကိုလည်း ကျွန်မ အနည်းအကျဉ်းတော့ ထောက်ပံ့ရဦးမည်။

အဝတ်အစား အသုံးအဆောင်လေးတွေကိုလည်း ဝယ်ချင်သည်။

ကျွန်မ ငြိုးငြင်စွာတာရမယ် ...

ငွေစုဆောင်းရမယ် ...

"ရန့်"

"ဟင်"

"ဒါ ယူထားနော်"

ငွေတစ်ထောင်တန် တစ်ထပ်ကို သူမ လက်ထဲထည့်ပေးသည်။

"ဟင့်အင်း ... ကျွန်မ လက်မခံပါရစေနဲ့"

"ကိုယ်ကို မချစ်ဘူးလား ရန့်"





ရတု လေသံတွေက တင်းမာခက်ထန်သွားရတော့သည်။

"ကိုယ့်ချစ်သူ ဒုက္ခရောက်နေရတာကို ကိုယ် အကူအညီ မပေးရဘူးလား ရန့်"

"ကျွန်မ ..."

"ယူပါကွာ ... မင်းမှာ ငွေကြေး အကျပ်အတည်းဖြစ်နေတာ ကိုယ်သိတယ်၊ မင်း ကော်ဖီတောင် မြလေးဆီက ကပ်သောက်နေရတယ် မဟုတ်လား"

"ဟင်"

ရတုကို ဘယ်သူပြောလဲ ...

မြလေး ပြောတာလား ...

ကျွန်မ ရှက်ရွံ့စွာဖြင့် ရတုကို မကြည့်တော့ဘဲ ခေါင်းလေး ငုံ့ထားမိသည်။

"ရတုကို မင်း အဆောင်မှာနေတဲ့ အိစံက ပြောတာလေ၊ အိစံနဲ့ ကိုယ် ခင်တယ်"

"ရှင့် အဆက်တွေထဲက တစ်ယောက်တော့ မဟုတ်ပါဘူးနော် ... ရတု"

ရတုက ပြုံးနေသည်။

အိစံက ကျွန်မတို့ အဆောင်တွင် အတင်းပြောတတ်သော မိန်းကလေးတစ်ယောက်အဖြစ် နာမည်ဂုဏ်သတင်းကြီးမြင့်နေသူ ဖြစ်၏။

အဆောင်မှာ ဖုံးကွယ်ထားလို့ မရသော အခြေအနေပင်။

တစ်ယောက်နှင့် တစ်ယောက် ကင်းမရပါ။

နီးစပ်နေကြသည်။

ကျွန်မတို့ အခန်းထဲမှာပင် သုံးယောက်လောက် နေရ၏။

"ရန့်"

"ဟင်"

"ဒီအဆောင်မှာ မနေပါနဲ့တော့ကွာ၊ ကိုယ့်အစီအစဉ်ပဲ လက်ခံပါ"

"ဟင့်အင်း"

"ရန့်က ကိုယ့်အပေါ် ဘယ်တော့မှ အယုံအကြည် မရှိဘူး စိမ်းလွန်းတယ်ကွာ"

ရတု စိတ်မကောင်း ဖြစ်သွားတော့လည်း ကျွန်မ တကယ် မနေတတ်။

"ကျွန်မ မြလေးနဲ့ တိုင်ပင်ရဦးမယ်နော် ရတု"

ရတု ဆန္ဒတွေကို ကျွန်မ လိုက်လျောချင်တဲ့ဆန္ဒတွေပဲ ပြင်း ပြနေမိသည်။

"ရန့်"

"ရှင်"

"ငွေတွေ ယူထားနော်၊ မင်း လိုအပ်တာသုံး၊ ကိုယ့်ကို မစိမ်း ပါနဲ့ ရန့်လေးရယ် ... နော်"

ရတု ပေးလိုက်တဲ့ ငွေတွေကို ကျွန်မ ဆုပ်ကိုင်ထားမိသည်။



အခန်း ( ၄ )

"နင့်မှာ ပိုက်ဆံတွေ များလိုက်တာ ရန့်၊ နင် ရတုဆီက ယူလာတာလား"

"ရတု ပေးလိုက်တာပါ၊ ကျွန်မ လက်မခံတာကို ဇွတ် အတင်း ပေးလိုက်တယ် မြလေး"

မြလေးက စိတ်ပျက်တဲ့ အကြည့်တွေနှင့် ကျွန်မအားကြည့် နေသည်။

ကျွန်မ ငွေကြေးနှင့် ရတုကို ပတ်သက်နေခြင်း မဟုတ် ကြောင်း မြလေးကိုလည်း သိစေချင်မိနေ၏။

"ကျွန်မကို ဒီလိုအကြည့်မျိုးတွေနဲ့ မကြည့်ပါနဲ့ မြလေးရယ်၊ ကျွန်မ တကယ်ပဲ ရိုးသားဖြူစင်စွာနဲ့ ရတုကို ချစ်တာပါ"

"အဆောင်မှာ ရှင့်ကို ဘယ်လိုပြောနေကြလဲ၊ ရှင်သိရဲ့လား"

"ကျွန်မ သိပါတယ်၊ ဒါပေမယ့် ရတုကလည်း ကျွန်မကို ရိုးသား ဖြူစင်စွာနဲ့ ချစ်တာပါ"

"ရှင် အရမ်းရိုးအလွန်းတယ်၊ လူတွေကို အရမ်းမယုံနဲ့နော်၊ လောကကြီးက ဟန်ဆောင်ကောင်းတယ်နော်၊ ရှင် ဘာသိလို့လဲ"

အဆောင်ကို အချိန်နှင့် ပြန်လာသင့်ကြောင်း မြလေးက ပြောသည်။

ကျွန်မ အခုတလော ရတုနှင့်တွေ့နေ၍ ညကိုးနာရီနားကပ်မှ အဆောင်ကို ရောက်၏။

"အဆောင်က အထုတ်ခံရတယ်ဆိုရင် ရှင့်အတွက် နာမည်ပျက်လိမ့်မယ်နော် ရန့်"

"မြလေး"

"ပြော"

"ရတုက တို့နှစ်ယောက်အတွက် တိုက်ခန်းတစ်ခန်း ဝယ်ပေးမယ်တဲ့"

မြလေး အကြည့်တွေက ရန့်ထံသို့ ဆတ်ခနဲရောက်လာသည်။

ရတုကို မြလေးက မယုံပေ။

အထင်သေးသည်။

"အဲဒါ ရှင့်ကို မျှားတာ၊ သူထားတဲ့ တိုက်ခန်းမှာနေရင် ရှင် ဘာဖြစ်သွားမလဲ"

ကျွန်မကတော့ ရိုးသားစွာပဲ စဉ်းစားနေမိခဲ့သည်။

"ရန့်"





"ရှင်"

"အကောင်းဆုံးကတော့ ရတုကို မချစ်ဖို့ပဲ"

အဲဒါတော့ ...

မဖြစ်နိုင်ဟု ထင်မိသည်။

ရတုကို ကျွန်မ ချစ်မိနေ၏။

မြတ်နိုးသည်။

ငွေကြေးဥစ္စာတွေနှင့် ဘယ်လိုမှ မပတ်သက်တဲ့ အချစ်တွေပါ။

"ရှင်တော့ သွားပြီ"

"ကျွန်မ ရတုကို ချစ်တယ်"

ရတုကသာ ကျွန်မကို ချစ်နေမယ်ဆိုရင် ကျွန်မ ဘယ်ဘဝမှာပဲ နေရ နေရ ရတု ထားရာနေ စေရာသွားမည်ဖြစ်သည်။

"ရတုကို မချစ်ဖို့ မတားပါနဲ့နော် မြလေး"

"ရှင် ဒုက္ခရောက်လိမ့်မယ်နော် ရန့်"

"ကျွန်မ ရင်ဆိုင်မယ်"

"ကောင်းပါပြီ၊ ရှင် ရင်ဆိုင်ပေါ့"

"မြလေး"

"ဘာလဲ"

"ရှင့်မှာလည်း ငွေလိုနေတယ် မဟုတ်လား၊ ယူလေ"

"တော်ပါပြီ"

"ကျွန်မနဲ့ ရှင်က ဆိုးအတူ ကောင်းအတူ၊ ငယ်ဖော်ငယ်ဖက်

သူငယ်ချင်းတွေပဲဟာ၊ ကျွန်မရှိရင် ရှင်လည်းရှိရမယ်၊ ရှင်သုံးသင့်ပါတယ်"

"ရှင် ဘဝနဲ့ရင်းပြီး ရလာတဲ့ငွေတွေ"

"မဟုတ်ဘူး မြလေး၊ ရှင် မှားနေပြီ၊ ရတုက ကျွန်မ ငွေကြေးအခက်အခဲ ဒုက္ခတွေနဲ့ ရင်ဆိုင်ရမှာ စိုးရိမ်လို့ပါ၊ ကျွန်မဘဝကို တန်ဖိုးထားပါတယ်"

"ထားပါတော့လေ"

မြလေးက လက်မခံ။

"ရှင်ပဲ သုံးပါ၊ မြလေးက ရှင့်ထက်စာရင် အများကြီးချောင်လည်တာပါ၊ ကိစ္စမရှိဘူး"

ကျွန်မ ဘဝမှာ မြလေးက တရားခံတစ်ယောက် အဖြစ် မပါဝင်လိုဟု ပြောသည်။

"မြလေး"

"ဟင်"

"ကျွန်မတို့နှစ်ယောက် အိမ်ခန်းလေးတစ်ခန်းငှားပြီး နေနိုင်အောင် ကြိုးစားတည်ဆောက်ကြမယ်လေ"

"စည်းကမ်းတင်းကြပ်တဲ့ အဆောင်မှာနေရတာပဲ၊ မိန်းမတစ်ယောက်အတွက် လုံခြုံမှု ရှိပါတယ် ရနံ့"

မြလေးပင် ကျွန်မအား ဆန့်ကျင်ဘက်တွေ လုပ်လာပြီး ရှောင်ထွက်ဖို့ ကြံစည်ကြိုးစားနေပြီ ဖြစ်သည်။

"ရနံ့"





"ဟင်"

"စိတ်မကောင်း မဖြစ်ပါနဲ့၊ ရှင့်ဘဝ တိုးတက်ရေးအတွက်ပဲ ရှင် ကြိုးစားပါ၊ လော့လော့ရင်း တက်မကြိုးပါစေနဲ့"

ကျွန်မလည်း ရတုပေးတဲ့ ငွေတွေကို မသုံးချင်ပါဘူးလေ

ပတ်ဝန်းကျင်က မေးငေါ့ချင်နေကြောင်း ကျွန်မ ရိပ်စားမိနေခဲ့သည်။

အိစံ ဆိုရင် ပေါ်တင်ပဲ ...

ကျွန်မကို ရတုက အပျော်ကြံတာဟု အဆောင်မှာလျှောက်ပြောနေခဲ့သည်။

"ကျွန်မကို ဘယ်သူ့ပဲ ဘာတွေပြောပြော၊ မြလေးကတော့ ကျွန်မ အနားကနေ ရှောင်ခွာထွက်မသွားပါနဲ့နော်"

မြလေးအား တောင်းပန်ခယစွာဖြင့် ကျွန်မ ပြောမိသည်။

"မင်းကို မြလေး ဘယ်လောက်ထိ ချစ်ခင်တယ်ဆိုတာ ရနံ့သိထားစေချင်တယ်ကွာ၊ ဒါပေမယ့် ရတုနဲ့ ချစ်သူတွေ ဖြစ်နေကြတာတော့ ကိုယ် သဘောမကျဘူး"

ကျွန်မ ရင်မောစွာဖြင့် ပင့်သက်ရှိုက်နေမိသည်။

မြလေးရယ် ...

ကျွန်မ ...

ရတုကို ချစ်လို့ပါ ...

မြလေး စေတနာတွေကို ကျွန်မ နားလည်သဘောပေါက်ပါသည်။

ရတုနှင့် ကျွန်မ ခွဲခွာရမှာတော့ မလိုလားနိုင်အောင် ဖြစ်နေရ၏။

မြလေးက ကော်ဖီနှစ်ခွက်ဖျော်သည်။

"ရော့ ရန့် ... ရှင့်ဆီမှာ ငွေပဲရှိတာ၊ ကော်ဖီ မရှိဘူးသေးဘူး မဟုတ်လား"

ရတု ငွေတွေကို မသုံးဖို့ ကျွန်မ ဆုံးဖြတ်ထားမိလိုက်သည်။

"ကျွန်မက ဒီငွေတွေကို မသုံးချင်ပါဘူး၊ ရတုက အတင်းပေးလို့ပါ၊ မြလေးတိုက်တဲ့ ကော်ဖီလေးက ပိုပြီး အရသာရှိတယ် နော် မြလေး"

"ရန့်"

"ရှင်"

"ရှင် စိတ်မကောင်း မဖြစ်ပါနဲ့၊ ဘဝဆိုတာ ဒီလိုပဲပေါ့၊ ရှင်က ရိုးအ,တော့ ကျွန်မက စိတ်ပူတာပါ"

"ကျွန်မ သိပါတယ်"

မြလေးက ကျွန်မအပေါ် စေတနာကြီးမားစွာ ရှိနေကြောင်း ကျွန်မ သိသည်။

ရတုက နာမည်တကယ်ပျက်တယ် ...

ကောင်မလေးတွေ ထည်လဲတွဲနေတာပဲဟာ ...

ဒါပေမယ့် ...

အချစ်ဆိုတာက ခက်သည်။

ကျွန်မ ရတုကို ချစ်နေမိသည်။





လောကဓံရဲ့ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ရိုက်ပုတ်သမျှ ကျွန်မ ရင်ဆိုင်ရတော့မှာပဲ ဖြစ်သည်။

"ဒေါက် ... ဒေါက်"

"ဒေါက်"

တံခါးခေါက်သံကြားရ၍ မြလေးက ထပြီးဖွင့်ပေးသည်။

အိစံပါ။

"ရန့်ကို မမခေါ်နေတယ်"

အိစံ ထွက်သွားသည်။

မမက ဘာဖြစ်လို့ အိစံက တစ်ဆင့် ခေါ်ခိုင်းရတာလဲ။

အိစံ မျက်နှာထားက တင်းမာ ခက်ထန်နေသည်။

"အိစံ ကြားကနေ ဘာတွေဖြစ်နေတာလဲ မသိဘူး ရန့် သူက ရတု ကောင်မတွေထဲမှာ နံပါတ်တစ်ခုခု ရိုက်ထားသလားပဲ"

အဆောင်မှူးက ခေါ်တယ်ဆိုတော့ ကျွန်မ သွားရမှာပဲ။

စိတ်တော့ အပူသား ...

ကျွန်မကို ဘာတွေပြောမလဲ ...

အဆောင်ကနေ ထွက်သွားဖို့ ပြောရင် အခက်ပဲ။

"မြလေး လိုက်မယ်"

"နေပါစေ မြလေး ... မင်း အမှုပတ်မယ်၊ ကျွန်မပဲ ဖြေရှင်းမယ်"

"ရန့်"

"ဟင်"

"ရှင် ဘာမှ အားမငယ်ပါနဲ့နော်၊ ကျွန်မ ရှင့်ဘက်ကနေ အမြဲ ရပ်တည်မယ်နော်"

"ကျေးဇူးပါပဲ မြလေးရယ်"

ကျွန်မ ...

အဆောင်မှူးထံ ထွက်လာခဲ့သည်။

မမသည် ကျွန်မတို့ထက် နည်းနည်းပါးပါးပဲ အသက်ကြီးသော အစ်မတစ်ယောက်ပင် ဖြစ်နေခဲ့သည်။

"ကျွန်မကို ခေါ်တယ်ဆို မမ"

"ထိုင်"

မမသည် စည်းကမ်းစနစ် ကြီးပေမယ့် စိတ်သဘောထားတော့ ကောင်းသူဖြစ်သည်။

ကျွန်မတို့တွေ အပေါ်လည်း ချစ်ခင်ကြင်နာစွာ ဆက်ဆံတတ်သည်။

"ရနံ့"

"ရှင်"

"မင်း အခုတလော အဆောင်ပြန်တာ သိပ်ပြီး မိုးချုပ်လွန်းနေတယ်"

မမ အကြည့်တွေကို ကျွန်မ ရင်ဆိုင်ကြည့်ဖို့ ဝန်လေးနေမိသည်။

ကျွန်မ ကြမ်းပြင်ကိုသာ ငေးစိုက်ကြည့်ရင်း မမပြောလာမဲ့ စကားတွေကို နားထောင်နေခဲ့၏။





"ရနံ့"

"ရှင်"

"မင်းနဲ့ ဇေရတု ချစ်သူတွေ ဖြစ်နေတယ်ဆို"

"ဟင်"

မမက ရတုအား သိနေသည်။

ကျွန်မ အံ့ဩတုန်လှုပ်စွာဖြင့် မမအား မော့ကြည့်မိ၏။

'မမနဲ့ ..."

"ဇေရတုကို မိန်းကလေးတိုင်း သိကြတာပဲ ရနံ့"

"ရှင်"

"ရနံ့က အေးချမ်းဖြူစင်လွန်းတယ်၊ ရိုးအလွန်းတယ်၊ လူ့လောကကြီးအကြောင်း ဘာမှမသိဘူးဆိုတာ မမသိထားတယ်"

မမက ရီဝေဆို့နင့်နေတဲ့ မျက်လုံးတွေနှင့် ကြည့်နေသည်။

ကျွန်မ အံ့ဩသွားရ၏။

မမနဲ့ ဇေရတုများ ...

"ဇေရတုနဲ့ မမ ပတ်သက်ဆက်ဆံတာမျိုးတော့ မရှိပါဘူး ရနံ့၊ ဒါပေမဲ့ မမက မိန်းကလေးတွေ ဘဝတိုးတက်မှုအတွက် ကြိုးစားရင်း ကျဆုံးသွားမှာ မမ အကြောက်ဆုံးပဲ"

မမသည် အဆောင်မှာရှိတဲ့ မိန်းကလေးတွေနှင့် အရောတဝင် မဆက်ဆံတတ်။

စည်းစနစ်ကြီးသည်။

ခပ်တည်တည် နေ၏။

အဖျိုကြီး ...

ချောမောလှပသော မမသည် ယောကျ်ားတွေအပေါ် မုန်းတီးနာကြည်းနေသူဟု သတင်းရထားသည်။

ဘာကြောင့် ယောကျ်ားတွေအပေါ် မုန်းတီးနာကြည်းနေလဲဆိုတာတော့ မသိပေ။

"ရန့်"

"ရှင်"

"ယောကျ်ားတွေကို မယုံနဲ့ အထူးသဖြင့် ဇေရတုပဲ"

"ဟင်"

"မမက မိန်းကလေးတွေအပေါ် ကိုယ်ချင်းစာတယ်၊ ဒုက္ခရောက်မှာ စိတ်ပူတယ်၊ မမကိုယ်တိုင် ယောကျ်ားတစ်ယောက်ရဲ့ ရက်စက်ယုတ်မာမှုတွေကို ခံစားခဲ့ရတာ"

"ရှင်"

"ရန့်လေးလိုပဲ အရင်က မမ ရိုးသားဖြူစင်ခဲ့တာ"

မမ မျက်ဝန်းတွေက မျက်ရည်တွေနှင့် ရီဝေစိုစွတ်နေသည်။

အတိတ်က အကြောင်းတွေကို မမက ကျွန်မအား ပြောပြ၏။

"ရန့်"

"ရှင်"

"မမ ဘဝကို ငွေနဲ့ပေါက်ပြီး ဖျက်ဆီးပစ်လိုက်တာ ဘယ်သူလဲ သိလား"





"ဘယ်သူလဲ မမ"

"ဇေရတု ဖေဖေလေ"

"ဟင်"

ဇေရတု အဖေက မုဆိုးဖိုတစ်ယောက်ဖြစ်သည်တဲ့ ...

မမက ဝန်ထမ်းတဲ့ ...

ဂုဏ်တွေ ပကာသနတွေနှင့် ဝန်းရံနေသော ဦးမောင်မောင်ဇေသည် မမအား လက်ထပ်ယူဖို့အထိ သတ္တိ မရှိခဲ့ပေ။

"ရတုကရော ရန့်ကို လက်ထပ်ယူရဲတဲ့သတ္တိ ရှိမယ်လို့ ယုံနေလား ရန့်"

"ရှင်"

"မင်းက ပိုပြီးဖြူစင်ရိုးသားပါတယ်၊ မမလို ဘဝမျိုးမရောက်စေချင်ဘူး၊ မမကို ဒီခြံတစ်ခြံနဲ့ တိုက်တစ်လုံး သူပေးခဲ့တယ်၊ ဒါပေမဲ့ မမ နှလုံးသားတွေ တစ်စစီ ကြေကွဲသွားရတယ် ရန့်"

မမနှင့် ဦးမောင်မောင်ဇေက အသက်အရွယ်ချင်းမှ မမျှတာပဲ။

ရတုနှင့် ကျွန်မက ရွယ်တူသည်။

ပြီးတော့ ...

ရတုကို ကျွန်မ ယုံမိသည်။

ကျွန်မအပေါ် စစ်မှန်တဲ့ အချစ်တွေနှင့် ရတု ချစ်မည်ဟု ယုံကြည်နေမိသည်။

"ရန့်က အတွေ့အကြုံ မရှိတော့ ရတုကို အရမ်းအထင်ကြီး

ပြီးနေတာကိုး၊ ရတုကို ဦးဇေက ညီမလေးနဲ့ သဘောတူပေးစားမယ်လို့ ထင်လား"

"ဟင့်အင်း"

"ဒါနဲ့များ"

"ရန့် နှလုံးသားထဲမှာ ရတုကို ချစ်နေတယ် မမ ယုံကြည်နေတယ်၊ ရင်ဆိုင်ရဲတဲ့ အင်အားတွေ ရှိနေသလိုပဲ"

"အင်းလေ ... ရတုက ငယ်တာပဲ၊ အချစ်တစ်ခုပဲ စဉ်းစားမှာပေါ့၊ ရတုကို လက်ထပ်လည်း မိဘတွေက အမွေဖြတ်မှာပဲ"

ကျွန်မ အထိတ်တလန့်နှင့် မမကို မော့ကြည့်မိသည်။

"ရတုက သူဌေးသား၊ ဘာမှ မလုပ်တတ်ဘူး၊ မိဘက တစ်ဦးတည်းသော သားဆိုတော့ အရမ်းအလိုလိုက်ထားတာလို့ မမ သိထားတယ်၊ ရန့် လက်ထပ်ပြီးသား ရတုကို ဘာမှ အားကိုးလို့ရမှာ မဟုတ်ဘူးနော် ရန့်"

မမ စေတနာတွေကိုတော့ ကျွန်မ လေးစားမိသည်။

ရတုက တကယ့်ကို ရှုပ်ပွေတဲ့ ယောကျ်ားတစ်ယောက်တဲ့

"မမ စိတ်ပူတယ်၊ ရန့်ကို ရတု စွန့်ပစ်သွားမှာပဲ"

မမက မညှာမတာပင် ကျွန်မကို ဝေဖန်ပြောဆိုသည်။

"မမ"

"ပြော ရန့်"

"ကျွန်မ ရတုကို ချစ်နေမိပြီ၊ အရာအားလုံးကို ရင်ဆိုင်ကျော်ဖြတ်ဖို့ ကျွန်မ ဆုံးဖြတ်ထားပြီးပြီလေ"





"မမကတော့ ရန့် ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်နေလို့ တားဆီးပိုင်ခွင့် မရှိပါဘူးလေ၊ တစ်ခုပဲရှိတာက အဆောင်စည်းကမ်းကို အတိအကျ လိုက်နာဖို့၊ တခြားသူတွေ ထောက်ပြစရာ မဖြစ်အောင် နေထိုင်ပါ ရန့်၊ ဒါပဲပဲ"

မမသည် ပထမဆုံးအကြိမ် ခေါ်ယူသတိပေးတာပဲဖြစ်သည်။

သုံးကြိမ်မြောက်လျှင် အဆောင်မှ ထွက်ခွာသွားရသည်ဖြစ်၏။

"ရန့် သဘောပေါက်တယ်နော်"

"ဟုတ်"

"သွားနိုင်ပါပြီ"

မမ အနားမှ လေးလံသော ခြေလှမ်းများဖြင့် ထွက်လာခဲ့မိသည်။

အခန်း ( ၅ )

မမက ကျွန်မကို ခေါ်ယူသတိပေးကြောင်း ရတုအား ပြောပြမိသည်။

ရတုထံမှ ဘာအခွင့်အရေးမှ မလိုအပ်သော်လည်း ကျွန်မ နောက်ကျစွာနေ၍ မရကြောင်း အသိပေးခြင်းသာ။

"ရန့်"

"ရှင်"

"အဆောင်က ထွက်လိုက်တော့ကွာ ... နော်"

"ရှင်"

အဆောင်ကနေ ထွက်ရသော မိန်းကလေးတစ်ယောက်ရဲ့ နာမည်ဂုဏ်သတင်းက မကောင်းသတင်းသာ ဖြစ်နိုင်သည်။

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကဲ့ရဲ့သတင်းဆိုကြမည်သာ။

"ရန့် ဘာတွေ တွေဝေနေတာလဲ၊ ကိုယ့်ကို မယုံလို့လား၊





အားမကိုးချင်တာလား၊ အထင်သေးတာလား"

"မဟုတ်ပါဘူး၊ ကျွန်မ အဆောင်ကနေ ထွက်လိုက်ရင် ပတ်ဝန်းကျင်က ဘာပြောမလဲ၊ ရတုကလည်း ကျောင်းသား တစ်ယောက် မဟုတ်လား"

ကျွန်မ ရတုနှင့် သိပ်အလွတ်လပ်ကြီး မတွေ့ဆုံချင်ပေ။

ရတု မိဘတွေက ဘယ်နည်းနှင့်မှ သဘောတူမှာ မဟုတ်တာ ကျွန်မ သိနေသည်။

ကျွန်မ ...

အသည်းမကွဲချင်။

အချစ်အတွက်လည်း ကြေကွဲဝမ်းနည်းမှုတွေ ခံစားရမှာ ကျွန်မ ကြောက်နေမိသည်။

"ရန့်"

"ဟင်"

"ပတ်ဝန်းကျင်ကို မင်း ဘာကြောက်နေတာလဲ၊ ဘဝကို ရတုနဲ့ လက်တွဲပြီး ရင်မဆိုင်ရဲတာလား"

"မဟုတ်ပါဘူး ရတုရယ်၊ ရန့် ပြောချင်တာက"

"ဘာမှ မပြောနဲ့တော့ ရန့်၊ ကိုယ် အားလုံး သဘောပေါက်တယ် ... လာ"

"ရှင်"

သူက ကျွန်မလက်ကို ဆွဲကာ တစ်နေရာကို ခေါ်သွားသည်။

ငါးထပ်တိုက်တစ်လုံးရဲ့ လှေကားထစ်တွေအတိုင်း တက်စေ၏။

"ရတု ဘာလုပ်တာလဲ"

"လာပါ"

"ဒုက္ခပါပဲ"

လှေကားထစ်တွေအတိုင်း တက်သွားပြီး တတိယအထပ်အရောက်တွင် အခန်းတစ်ခန်းရှေ့မှာ ရပ်သွားသည်။

အခန်းတံခါးကို သော့ဖွင့်လိုက်တော့၏။

"ဟင်"

ကျွန်မ အံ့သြသွားမိသည်။

အခန်းတံခါး ပွင့်သွားသည်နှင့် အထဲမှာ အသင့်နေနိုင်သော အိမ်ထောင်ပရိဘောဂတွေ အစုံရှိနေ၏။

"ဝင်"

"ဟင့်အင်း"

"ဝင်ပါကွာ"

သူက ဖွတ် ...

ကျွန်မ လက်ကလေးတွေကို ဆုပ်ကိုင်ပြီး အထဲဝင်လာခဲ့သည်။

"ရတု ... ဒါ"

"ရန့် နေဖို့အတွက် ကိုယ်ဝယ်ထားတာလေ"

"ဘုရားရေ"





ကျွန်မ လန့်သွားမိသည်။

အထဲမှာ တကယ့်ကို နေချင်စရာလေးဖြစ်အောင် ပြင်ဆင်ထား၏။

"ရတု"

"ပြော"

"ဒါတွေက ... "

"ရန့် နေဖို့လေ"

"ရှင် ငွေတွေဘယ်က ရလာခဲ့ရတာလဲဟင်"

"ဟား ... ဟား ... ဟား"

ရတုက တဟားဟားနှင့် အော်ဟစ်ရယ်မောနေတော့သည်။

"ဒီတိုက်ခန်းကို ရန့်နာမည်နဲ့ ဝယ်လိုက်တာ တစ်ပတ်ပဲရှိသေးတယ်၊ ပရိဘောဂတွေ ဖြည့်ထားပြီး ရန့် အံ့သြသွားအောင် ပြမလို့"

ကျွန်မ တုန်လှုပ်ချောက်ချားစွာဖြင့် ရတုအား ကြည့်မိသည်။

တိုက်ခန်းဝယ်တာ ကျွန်မ နာမည်နှင့်ဟု ရတုကပြော၏။

အိပ်မက်တွေများ ဖြစ်နေတာလား ...

ရတု ဘာတွေလုပ်နေတာလဲ ...

မဖြစ်နိုင်တာပဲ ...

အဲဒါ လုံးဝမဖြစ်နိုင်ဘူး ...

ပတ်ဝန်းကျင်က ကျွန်မကို ဘယ်လိုထင်မြင်ယူဆကြမလဲ။

ငွေကြေးနဲ့ ပစ္စည်းဥစ္စာ တစ်ခုခုကြောင့် ရတုကို ချစ်တယ်လို့ အဖြစ်မခံနိုင်ပါဘူး ...

"ရတု"

"ဟင်"

"ကျွန်မ လက်မခံဘူး"

"ဘာဖြစ်လို့"

"ကျွန်မ ရတုကိုချစ်တာ ဘာမျှော်လင့်ချက်မှ မရှိဘူးဆိုတာ သက်သေပြဖို့"

"ဘာဆိုင်လဲကွာ"

"ဆိုင်တယ် ရတု၊ ကျွန်မကို ငွေကြေးဥစ္စာတွေနဲ့ မမျှားပါနဲ့"

"ဟာကွာ"

ကျွန်မ စကားကြောင့် ရတု ဆတ်ခနဲ ကြည့်သည်။

မျက်နှာလေး တည်သွားသည်။

ရတု မျက်နှာလေး ညိုသွားသဖြင့် ကျွန်မ နည်းနည်းတော့ မနေတတ် မထိုင်တတ်တော့ ဖြစ်သွားရ၏။

"ရန့်"

"ဟင်"

"ကိုယ်က မင်းကို ဖြားယောင်းသွေးဆောင်တာ မဟုတ်ပါဘူး။ ကိုယ့်အချစ်ကို သက်သေပြတာပါ"

"ကျွန်မ လက်မခံပါရစေနဲ့"





"ကိုယ့်ကို မချစ်လို့လား ရန့်"

"ရတုကို သိပ်ချစ်လို့ပါ"

"ချစ်ရင် လက်ခံနော်"

"ဟင့်အင်း"

ကျွန်မ ငြင်းနေမိသည်။

ဒီတိုက်ခန်းမှာနေဖို့ ကျွန်မစိတ်တွေ မလုံမလဲဖြစ်မိ၏။

အရက်အကြောက် ကြီးသော ကျွန်မ အနေနှင့် ယောက်ျားလေးတစ်ယောက် ဝယ်ပေးတဲ့ တိုက်ခန်းမှာ နေဖို့ဆိုတာ မတွေ့ရဲသော အခြေအနေတွေပဲ ဖြစ်နေခဲ့သည်။

"ရန့် ... ငြင်းဖို့တော့ မကြိုးစားနဲ့နော်၊ ရတုကို ချစ်ရင် လက်ခံပါ။ ဒါ ဘာပြဿနာမှ မရှိဘူး၊ ကိုယ့် ဘဏ်စာရင်းကငွေနဲ့ ဝယ်တာပါ"

ရတု နာမည်နှင့် ဘဏ်စာရင်းမှာ ငွေတွေ ဒီလောက်ပဲရှိလား ...

ရှင် ချမ်းသာတာ ကျွန်မ အစောကြီးတည်းက သိဖို့ကောင်းတယ် ...

ပြီးတော့ ...

ကျွန်မ ...

ရှင့် အချစ်တွေကို အစောကြီးကတည်းက ငြင်းဆန်သင့်တယ် ...

လက်မခံသင့်ပါဘူး။

"ရန်"

"ဟင်"

"ဒီညပဲ ပြောင်းလာတော့နော်"

"ဟင်"

"မငြင်းပါနဲ့ ရန့်ရယ်၊ ရတုကို ချစ်တယ်မဟုတ်လား၊ စိတ်ချမ်းသာစေချင်တယ် မဟုတ်လား"

ရတု အကြည့်တွေက ရီဝေစိုစွတ်နေပြီး ကြေကွဲရိပ်တွေ လွှမ်းနေသည်။

ကျွန်မ နှလုံးသားတွေ နာကျင်သွားရ၏။

"နော် ... ရန့်"

"မြလေးက ရှိသေးတယ် ရတုရယ်"

"မြလေးက ရန့်နောက်ကို လိုက်မှာ မဟုတ်ပါဘူးကွာ ... ရန့်တစ်ယောက်တည်းပဲ ပြောင်းလာပါ၊ ကိုယ်ရှိနေတာပဲ"

"ဟင့်အင်း ... မဖြစ်နိုင်ပါဘူး၊ ကျွန်မ တစ်ယောက်တည်း ဘယ်လိုနေမလဲ"

"ကိုယ့်ကို ရန့် ဘာဖြစ်လို့ စိမ်းနေ့ရတာလဲ၊ ခုထိ အားမကိုးသေးဘူးလားကွာ"

ရတုက စိတ်ပျက်တဲ့ အမူအရာတွေ ဖြစ်နေသည်။

ကျွန်မ ငြိမ်သက်နေမိ၏။

ရတု ဆန္ဒတွေကိုလည်း ကျွန်မ ငြင်းဆန်ရမှာ ခက်နေသည်။





ရှင့်ကို ကျွန်မ အရမ်းချစ်တယ် ...

အမှန်အတိုင်း ဝန်ခံရရင်တော့ ရှင်ထားရာနေ စေရာသွားချင်တာပါ ရတုရယ် ...

"မင်း ကိုယ့်ကို ချစ်တယ်ဆိုရင် ဒီနေ့ပဲ ပြောင်းလာတော့ကွာ၊ ထ ... အဆောင်မှာပြန်ပြီး ပစ္စည်းတွေ ပြန်သိမ်းမယ် ရန့်"

"အို ... မဖြစ်သေးပါဘူး။ ကျွန်မ မြလေးကို တိုင်ပင်ရဦးမယ် ရတု ..."

"ကိုယ့်ထက် ဘယ်သူ့ကိုများ သံယောဇဉ်ကြီးနေရတာလဲ ရန့်"

"မြလေးက ကျွန်မနဲ့ ဆိုးတူကောင်းဖက်တွေပါ"

"တော်ပြီကွာ"

ကျွန်မ ရတုဝယ်ပေးတဲ့ တိုက်ခန်းမှာတော့ မနေချင်တာ အမှန်ပဲ။

ရှက်နေမိသည်။

ပတ်ဝန်းကျင်ကို ကျွန်မ ဘယ်လိုရင်ဆိုင်ရမလဲဆို မစဉ်းစားတတ်တော့။

"ထ"

ရတုကတော့ သူဖြစ်စေချင်တာတွေ အားလုံး ဇွတ်အတင်းပင် စီစဉ်နေသည်။

"ကိုယ်က ဘာရည်ရွယ်ချက်နဲ့မှ မဟုတ်ပါဘူး၊ ရန့်ဘဝလေး အေးချမ်းပြီး ပြည့်စုံစေချင်လို့ပါ"

"ရတု စေတနာတွေကို ကျွန်မ နားလည်ပါတယ်၊ ဒါပေမယ့် ဒီလောက်ထိ ရတု လုပ်ပေးစရာ မလိုပါဘူး"

"ရတုကို ချစ်တယ်၊ ကိုယ်မြတ်နိုးတယ်၊ ဒီထက်မက ကိုယ် လုပ်ပေးချင်တယ်"

"ရတု"

"ဟင်"

"ကျွန်မကို ရတု လက်ထပ်ရဲတဲ့ သတ္တိတွေ ရှိရဲ့လား"

ရတုကို ငေးမောကြည့်ပြီး ပြောလိုက်မိသည်။

ကျွန်မ စောင့်မျှော်နေရတဲ့ ကာလအတွင်းမှာပင် စိတ်မော စွာဖြင့် မွန်းကျပ်လာရသည်။

ရတုက ကျွန်မအား ငုံ့ကြည့်၏။

"ရန့်"

"ဟင်"

"အခု လက်ထပ်မလား"

"ရှင့်မိဘတွေ"

"ကိုယ် ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် ရတုနဲ့ ရန့်လက်ထပ် ရဖို့ မဟုတ်လား"

မိဘတွေ သဘောမတူလည်း ရတုက ကျွန်မအား လက်ထပ် မည်ဟု ပြောသည်။

"ကိုယ် ရန့်ကို ချစ်တယ်၊ အဲဒါ ရန့် ယုံပါနော်"

"ယုံပါတယ် ရတုရယ်"





ရတု အချစ်တွေကိုတော့ ကျွန် အကြွင်းမဲ့ ယုံကြည်နေမိ သည်။

"ဒီနေ့ပဲ လက်ထပ်မလား"

"ဟင့်အင်း"

ကျွန်မ ပျာပျာသလဲ ငြင်းဆန်ပစ်လိုက်မိတော့သည်။

မိဘတွေဆန္ဒမပါဘဲ ကျွန်မ ရတုကို လက်မထပ်လိုပေ။

ရတုသည် ကျွန်မကိုပဲ စူးစိုက်စွာကြည့်ပြီး ကျွန်မကိုယ်လေး ကို ပွေ့ဖက်သည်။

"ရတု ... ဟို ... ကျွန်မ ပြန်တော့မယ်နော်"

"နေပါဦး"

"ဟင့်အင်း"

"ရန့်ကလည်းကွာ"

ရတုသည် မိန်းကလေးတွေနှင့် ရှုပ်ထွေးနေတတ်သူဖြစ် သည်။

နိုက်ကလပ်တွေလည်း တက်တတ်သည်တဲ့ ...

ကျွန်မကို ချစ်သည်ဟုပြောပြီး လက်ထပ်ဖို့အထိ ပြောနေ သည်။

မြလေးကတော့ ရှင်က အယုံသွင်းဖို့ လွယ်သည်ဟု ပြောမှာ ပဲ။

"ရန့်ဟာ တကယ့်ကို ရိုးသားဖြူစင်တဲ့ မိန်းကလေး တစ်ယောက်ပါပဲလား"

ရတု ပြောပြီး သူမ ကိုယ်လုံးလေးအား ပွေ့ဖက်ထား
သည်။

ကြမ်းတမ်းတဲ့ အနမ်းတွေကို ကျွန်မ ခံယူလိုက်ရ၏။

"ရတု"

"ဟင်"

"ကျွန်မ ပြန်တော့မယ်"

"ကိုယ် လိုက်ပို့မယ်"

"ကျွန်မ အိမ်မပြောင်းသေးဘူးနော် ရတု"

"ဘာဖြစ်လို့လဲ"

မြလေးကို အဆောင်မှာ တစ်ယောက်တည်းထားပြီး ကျွန်မ တိုက်ခန်းမှာ မနေလို။

ပတ်ဝန်းကျင်ကို ကျွန်မ ရင်မဆိုင်ရဲပေမယ့် မြလေး မကျေမနပ် ဖြစ်မှာတော့ အစိုးရိမ်ဆုံး ဖြစ်နေသည်။

"ကျွန်မကို လိုက်ပို့ပေးနော်၊ နောက်မှ ကျွန်မ စဉ်းစားမယ်"

"ရန့် သဘောပါပဲကွာ၊ ကိုယ့်အချစ်တွေကို ရန့် ယုံကြည်ရင်ပြီးတာပါပဲ"

"အင်း"

"ရန့်"

"ရှင်"

"မင်းလို ချောမောလှပပြီး စိတ်သဘောထား ဖြူစင်တဲ့





မိန်းကလေးတစ်ယောက်ကိုပဲ ကိုယ် လက်ထပ်ချင်တာပါ"

ကျွန်မ ...

မျက်နှာအနှံ့ သူက နမ်းသည်။

ရန်းဖယ်၍ မရ။

ရတုနှင့် ပတ်သက်ပြီး ကျွန်မ နှလုံးသားတွေထဲမှာ ဘယ်အရာမဆို ယုံကြည်လက်ခံဖို့ အဆင်သင့် ဖြစ်နေရသည်။

"ရတုရယ် ကျွန်မ အသက်ရှူကျပ်နေပြီ"

ရတုက တင်းကျပ်စွာ ဖက်ထားသော လက်တွေကို လျှော့ပေးသည်။

ကျွန်မ ရုန်းထွက်မိ၏။

"ပြန်မယ်"

"ဒီတိုက်ခန်းလေးကို မင်း ဘယ်တော့လောက် ပြောင်းလာမှာလဲ ရန့်"

ကျွန်မ ကိုယ်လုံးလေးကို မလွှတ်သေးဘဲ မေးသည်။

"ကျွန်မ ပြောင်းလာမှာပါ။ မြလေးကို ... "

"ရန့် ... "

"ရှင်"

"ကိုယ့်ကိုချစ်တယ် မဟုတ်လား"

"ချစ်ပါတယ်"

"ရန့်ကို ကိုယ်လိုက်လျောပါတယ်၊ မြလေးကို ခေါ်ထားချင်ခေါ်ထားလေ၊ ကိုယ်က ရတု တစ်ယောက်ပဲထားပြီး အိမ်ဖော်မ

လေးတစ်ယောက် ထားမလားလို့"

ရတုက ကျွန်မနဲ့လွတ်လပ်စွာ တွေ့ဆုံနိုင်ရန် စီစဉ်နေခဲ့သည်။

မြလေးကိုတော့ ခေါ်ရမယ် ...

ကျွန်မ တစ်ကိုယ်ကောင်း မဆန်ချင်ဘူး။

"ကိုယ် ရန့်ကို လိုက်ပို့ပေးမယ်နော်"

ရတုသည် ကျွန်မအား အရိပ်တကြည့်ကြည့်နှင့် တယုတယ ဖြည့်စွမ်းပေးနေသည်။

"အလှပြင်လိုက်"

အခန်းထဲမှာ အလှပြင် မိန်းကလေးအသုံးအဆောင် ပစ္စည်းတွေ အစုံအလင် ရှိနေတာ တွေ့လိုက်ရသည်။

"ရှင်က မိန်းကလေးကိစ္စ အတော်နဲ့စပ်တယ် ထင်တယ်နော် ရတု"

"ဟုတ်တယ် ရန့် ... ကိုယ့်မိတ်ဆွေ မိန်းကလေးတစ်ယောက်ကို အကူအညီတောင်းပြီး ဝယ်ထားတာ၊ ရန့်လည်း ဘာမှ သိမှာ မဟုတ်ဘူးလေ"

ကျွန်မ ရတုအား စိတ်မချစွာ မော့ပြီး ကြည့်မိနေသည်။

မိန်းကလေးတွေကို ရန့် ပတ်သက်ဆက်ဆံနေတုန်းပဲလားဟု ကျွန်မ တွေးမိလာ၏။

မျက်ရည်တွေက ဝဲချင်လာသည်။

ရတုကို ကျောခိုင်းခဲ့မိ၏။





ကျွန်မ ရတုနှင့်ပတ်သက်လာလျှင် ဝမ်းနည်းလွန်းနေသည်။ ကြေကွဲလွယ်၏။

နှုတ်ခမ်းသားလေးများကို တင်းကျပ်စွာ စေ့ကပ်ထားမိသည်။

## အခန်း ( ၆ )

"ရှင့်အတွက် တိုက်ခန်းရော ပစ္စည်းတွေရော အစုံပဲ စီစဉ်ထားပြီ ... ဟုတ်လား"

"အင်း"

"ကျုပ်တော့ ညည်းအစား ရင်လေးတယ်"

အဆောင်မှာ ကျွန်မနေဖို့ မသင့်တော်တော့ပေ။

စပ်စုနေတတ်ကြသော ပတ်ဝန်းကျင်နှင့် ဝေးစွာရှောင်ရှားမှ ဖြစ်တော့မည်။

ဆက်ပြီး မနေချင်တော့။

"မြလေး"

"ဟင်"

"ရှင်လည်း လိုက်နေပါ၊ ကျွန်မ တစ်ယောက်တည်း မနေချင်ဘူး။ ရှင်ပါ လိုက်လာခဲ့နော်"

"ဟင့်အင်း ... "





"ဘာဖြစ်လို့လဲ"

"မလိုက်ချင်ဘူး"

မြလေးက ငြင်းနေသည်။

ကျွန်မ သိ၏။

ရတုနှင့် ကျွန်မကြား မြလေး ဝင်ချင်ပုံ မပေါ်ပေ။

"မြလေးရယ် ... ကျွန်မကို မစိမ်းပါနဲ့၊ ရှင်နဲ့ ကျွန်မက ပြောမနာ ဆိုမနာ ငယ်သူငယ်ချင်းတွေပါ"

"ရှင်သွားနေပါ၊ ရှင် အဆင်ပြေရင် ပြီးတာပါပဲ၊ ရပါတယ်"

"မြလေး"

"ကျုပ် မနေချင်ဘူး"

မြလေး ဇွတ်အတင်းပင် ငြင်းဆန်နေတော့သည်။

"ကျွန်မကို မသနားဘူးလား"

"သနားပါတယ်"

"လိုက်နေပါ"

"ဟင့်အင်း"

မြလေးကတော့ ဇွတ်အတင်းပင် ငြင်းဆန်နေတော့သည်။

ကျွန်မ စိတ်အားငယ်နေမိ၏။

"ရှန်း"

"ဟင်"

"ရှင် သူများကိုလိုက်ပြီး အားကိုးမနေစမ်းပါနဲ့၊ ကိုယ့်ဘဝလမ်းကြောင်းကိုပဲ ကြည့်စမ်းပါ"

"မြလေးရယ် … ကျွန်မဟာ ရှင့်ဘဝထဲကနေ ထုတ်ပယ်သင့်တဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး"

"ရှင့်ဘေးမှာ ရတု ရှိနေပြီပဲ"

"ဟင့်အင်း … "

"သတ္တိမကြောင်နဲ့လေ၊ ရှင်လုပ်စရာရှိတာ လုပ်ပါ၊ ရင်ဆိုင်စရာရှိတာလည်း ရင်ဆိုင်နိုင်အောင် ကြိုးစားပါ"

"ရှင့်ကိုတော့ ကျွန်မရဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက်တစ်ယောက်အဖြစ် လိုအပ်တယ်"

"ရန့်"

"မြလေး လိုက်ခဲ့ပါ"

"မလိုက်ပါဘူး၊ ရတုကိုပဲ ရှင် အားကိုးနေပါ၊ ကျွန်မပြောတဲ့စကားတွေကိုပဲ ရှင်နားထောင်စမ်းပါ"

ကျွန်မတစ်ယောက် သွားနေဖို့ အခက်အခဲတွေ တွေ့နေရသည်။

မြလေး လိုက်စေချင်မိ၏။

အဆောင်မှာ နေထိုင်သလို မြိုးမြိုးမြှေတာစရာ မလိုတော့။

ရတုက စားသောက်စရာတွေ အပြည့်ထည့်ထားပေးသည်။

မြလေး နေရင် ငွေပိုမှာ …

အင်းလေ …

မြလေးက ကျွန်မလောက် မကြပ်တည်းပေ။

"ရန့်"





"ဟင်"

"ရှင် သတ္တိရှိစမ်းပါ၊ ဘဝကို ရင်ဆိုင်တတ်အောင် ကြိုးစားပါ၊ တစ်ခါတစ်လေ ရှင့်ဆီ ကျွန်မ လာနေမှာပေါ့"

"မြလေး"

"ပြော"

"ကျွန်မကို လုံးလုံး ပစ်ထားတာမျိုးတော့ မလုပ်ပါနဲ့၊ အရေးဆို ရှင့်ပဲ တိုင်ပင်စရာ ရှိတာပါ"

"မပစ်ပယ်ထားပါ၊ ဒီအဆောင်က စည်းကမ်းကြီးတယ်၊ မိန်းကလေးတစ်ယောက်အတွက် လုံခြုံမှုအပြည့်ရှိတယ်လေ"

"ကျွန်မ ဘဝမှာ အားအကိုးဆုံးက ရှင်ပါပဲ၊ မြလေး ယုံပါနော်"

"ယုံပါတယ် ရန့်ရယ်"

မြလေးကတော့ ရန့်အား အင်းအားတွေ အပြည့်ရှိနေဖို့ အားပေးနှစ်သိမ့်စကားတွေ ပြောနေခဲ့သည်။

ကျွန်မလည်း အဆောင်ကနေ ထွက်ဖို့ အတော်လေး အင်အားစုရမှာပါ။

တစ်ယောက်တည်း …

ရတု အနိုင်ကျင့်သမျှ ခံရတော့မှာလား။

"ရန့်"

"ဟင်"

"ရတုက လက်ထပ်ဖို့ ဘာပြောလဲ"

"ရန့် ဆန္ဒရှိနေရင် အခုချက်ချင်း လက်ထပ်လည်း ရပါတယ်တဲ့"

"မဆိုးပါဘူး"

"မိဘတွေ သဘောမတူလည်း ရန့်ကို လက်ထပ်ယူမှာပါပဲတဲ့"

"သတ္တိတွေ ရှိလှချည်လား ရန့်ရ"

"ရတုက ကျွန်မအပေါ် စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ချစ်တာပါ"

"ရှင် ကံကောင်းပါစေ"

ကျွန်မ အဆောင်ကနေထွက်ဖို့ အဆောင်မှူးမမနှင့်သွားတွေ့သည်။

အိစံက အဆောင်သူတစ်သိုက်နှင့် အတင်းပြောခဲ့ကြ၏။

ကျွန်မ အနားရောက်မှ အသံကပို၍ ကျယ်လောင်သွားသည်။

"ရန့်ဆိုတဲ့ မိန်းမက ရိုးအ,တယ်သာဆိုတာ ယောကျ်ား တစ်ယောက် ပစ်ကျသွားအောင်တော့ အစွမ်းထက်တယ်နော်"

"အေးလေ ... ဇေရတုလို မိန်းမကျမ်းကျေနေတဲ့ ယောကျ်ား တစ်ယောက်တောင် ခံလိုက်ရတာပဲ"

"အမြူအဆွယ် ဘယ်လောက်များ ကောင်းနေလို့လဲ"

အဆောင်ကနေ ထွက်ဖို့ပဲ အရေးတကြီး လုပ်ဆောင်ချင်နေမိသည်။





မမနှင့် တွေ့၏။

"ကျွန်မ အဆောင်ကနေ ထွက်ဖို့ လာနှုတ်ဆက်တာပါ မမ"

မမက တအံ့တသြနှင့် ကျွန်မကို မော့ကြည့်သည်။

"ဒီအဆောင်က စည်းစနစ်ကြီးလို့လား ရန့်"

မမအား တခြားသူတွေက ဝိုင်းပြီး ဂုံးတိုက်ထားပုံပင်။

ကျွန်မကို တင်းမာသော မျက်နှာထားတွေနှင့် ကြည့်နေသည်။

မမအား ဘာမှ ရှင်းပြမနေချင်တော့လောက်အောင် ဖြစ်ရ၏။

ပြောချင်တာ ပြောပါစေ။

ထင်ချင်သလို ထင်ပါစေ။

ကျွန်မ ခေါင်းငုံ့ပြီး မမပြောသမျှ ခံယူနေမိသည်။

"ညည်းလေး ရတုကို အားမကိုးနဲ့နော်၊ ဘဝပျက်မယ်၊ သားအဖနှစ်ယောက်လုံးက နာမည်ဆိုးတွေနဲ့"

"မမ"

"ညည်းနာမည်နဲ့ တိုက်ခန်းဝယ်ပေးတယ်ဆို"

"ဟုတ်ကဲ့"

"တစ်နေ့ကျမှ ညည်းလူ့လောကကြီးအကြောင်း ကောင်းကောင်းသိမှာပါ။ မမကတော့ ဘာမှ မပြောလိုပါဘူး၊ တစ်ခုတော့ ရှိတာပေါ့လေ၊ ဒီအဆောင်က မိန်းကလေးတစ်ယောက် ကိုယ်ကျင့်တရား ပျက်သွားရတာမျိုးတော့ နာမည်ပျက်တာပေါ့"

"ရှင်"

"မင်းလို မိန်းကလေးမျိုးကို ငါ့အဆောင်မှာနေဖို့ လက်ခံမိတာ မှားတာပဲ"

အိစံတို့လည်း အပြင်မှာ ကောင်လေးတွေနဲ့ တတွဲတွဲနေကြတာပဲ။

ကျွန်မ ...

ပျက်စီးလေလွင့်သွားတဲ့ မိန်းကလေးတစ်ယောက်တော့ မဟုတ်ပေ။

ရတုကို ရိုးသားစွာ ချစ်သူထားခဲ့မိတာပါ။

"ညည်းကို ရိုးအ,မယ် ထင်တာ၊ ကျုပ် လူကဲခတ်ညံ့သွားတယ်"

ကျွန်မကို အဆောင်မှာရှိတဲ့ မိန်းကလေးတွေ အားလုံး မလိုတမာ ရှိနေပုံပင်။

ရန်စောင်နေကြသည်။

ရတုရဲ့ ချစ်ခင်ကြင်နာမှုရတာပင် မနာလို ဝန်တိုနေကြ၏။

မမ ပြောချင်တာ ပြောပါစေ။

ပတ်ဝန်းကျင်ရဲ့ တွန်းတိုက်မှုကြောင့် မမ ကျွန်မအပေါ် အမြင်စောင်းသွားခြင်းသာ ဖြစ်မည်။

အဆောင်လခ ကျန်တာတွေ အကုန်ရှင်းပေးလိုက်မိသည်။

မမကို နှုတ်ဆက်ပြီး ကျွန်မ ထွက်လာခဲ့၏။

လမ်းတွင် ...





"အဆောင်နာမည် ပျက်တယ်ဟယ်၊ ယောကျ်ားတွေကို မြူစားတဲ့မိန်းမ တို့အဆောင်မှာ နေသွားတယ်လို့ ကျန်တဲ့ မိန်းကလေးတွေတော့ မလွယ်ဘူး"

အိစံက ပြောသည်။

ကျွန်မ ခြေလှမ်းတွေကို ခပ်သွက်သွက်လှမ်းပြီး အခန်းထဲရောက်အောင် အမြန်ဆုံး လှမ်းလာနေမိသည်။

အခန်းထဲရောက်သည်နှင့် ကျွန်မ အိပ်ရာပေါ် မှောက်ချလိုက်မိ၏။

"အဟင့် ... ဟင့် ... ဟင့်"

ကြေကွဲစွာ ရှိုက်ငိုမိသည်။

"ရန့် ဘာဖြစ်လာတာလဲ၊ အိစံတို့ ဘာပြောလို့လဲ၊ မမကရော ရှင့်ကို ဘာပြောလဲ"

ကျွန်မ ရုတ်တရက် ဘာမှ မပြောနိုင်ဘဲ တသိမ့်သိမ့် ရှိုက်ငိုမိနေသည်။

"ရန့်"

အားရအောင် ငိုပြီးမှ ကျွန်မ ခေါင်းကမော့လာသည်။

"ဘာဖြစ်လာတာလဲ"

လမ်းမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေ မြလေးအား ပြောပြမိသည်။

လမ်းမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေ မြလေးအား ပြောပြမိသည်။

"ဘာဆိုင်လဲ၊ လူတိုင်း ရည်းစားဆိုတာ ရှိကြတာပဲ၊ ဒီလောက်ထိ မို့ချိုးမှုစ်ချိုး ပြောစရာ မလိုဘူး"

မြလေး ဒေါကန်နေသည်။

"ရှင် ... ဘာဖြစ်လို့ ငိုခံလာရတာလဲ"

ကျွန်မ ဘယ်လောက်အထိ ရိုးအ,ကြောင်း မြလေး အသိဆုံးပင်။

"လာ ... သွားရှင်းမယ်"

"ဟင့်အင်း ... နေပါစေ မြလေး၊ ကျွန်မ ကျေနပ်ပါတယ်၊ သူတို့ ပြောစရာ အခြေအနေမျိုး ကျွန်မရောက်နေတာလေ"

"ရှင်က ဒီလောက်ရိုးအ,တဲ့ မိန်းကလေးတစ်ယောက်ပဲဟာ၊ ဘာအပြစ်ရှိလို့လဲ၊ ချစ်သူထားတာ မိန်းကလေးတစ်ယောက်ရဲ့ အခွင့်အရေးပဲဟာ၊ အိစံတို့လည်း အပြင်မှာ တွဲနေတာပဲ"

"တော်ပါတော့ မြလေးရယ်၊ ရှင်က အဆောင်မှာ ဆက်နေရဦးမှာ၊ ကျွန်မ အပြစ်ပဲ ထားလိုက်ပါတော့"

ကျွန်မ ရန်ဖြစ်ရမှာ အကြောက်ဆုံးပင် ဖြစ်နေသည်။

မြလေးအား ဖျောင်းဖျနေမိ၏။

မြလေးက မကျေနပ်။

မဟုတ်မခံတတ်တဲ့ မြလေး စိတ်ဓာတ်က ဘာမဆိုရင်ဆိုင်ရဲသည်။

ကျွန်မလို မပျော့ည့်။

"ရန့်"





"ဟင်"

"ရှင့်အတွက် ရင်လေးတယ်"

"ဒါကြောင့် ကျွန်မနဲ့အတူတူ မြလေး လိုက်နေပါလို့ ပြောတာပေါ့"

"မဖြစ်သေးပါဘူး"

"ဘာလို့ မဖြစ်ရမှာလဲ၊ ကျွန်မ အားလုံးတာဝန်ယူပါတယ်"

"ကျူပ် ရှက်တယ်"

ချစ်သူနှစ်ယောက်ကြားထဲမှာ အပျိုကြီး မျက်နှာပူမှာပါပဲ။

"ဒေါ်လေးကိုတော့ နင် ပစ်မထားနဲ့နော်"

"အင်းပါ"

"မြလေး အဆောင်မှာပဲနေပြီး ရှင့်ဆီ လာလည်ပါ့မယ်လေ၊ ရှင် ဘာမှ စိတ်အားမငယ်ပါနဲ့"

ကျွန်မ ...

အားငယ်နေမိသည်။

အဆောင်ကနေ ထွက်သွားချင်တဲ့ စိတ်တွေ ပြင်းပြစွာဖြစ်ပေါ်နေမိ၏။

ရတုက ...

ညနေမှ လာခေါ်မယ်တဲ့ ...

အဆောင်ကနေ ရတု ကားနှင့်ပစ္စည်းတွေတင်ပြီး မပြောင်းချင်ပေ။

ကဲ့ရဲ့ရှုတ်ချကြမဲ့ မျက်ဝန်းတွေကို ကျွန်မ ဘယ်လို ရင်ဆိုင်ရမလဲ။

"ရန့် ... "

"ဟင်"

"စိတ်ညစ်နေလား၊ ရှင့် အနာဂတ်က လင်းလက်နေပြီပဲ"

"မြလေး"

"ပြော"

"ကျွန်မတို့ အခုပဲ အငှားကားနဲ့ ပြောင်းချင်တယ်၊ ရတုလာမှဆို ကျွန်မ ဒီအဆောင်ကလူတွေရဲ့ အကြည့်တွေကို ရင်မဆိုင်ရဲဘူး"

"ဘာဆိုင်လဲ၊ ပတ်ဝန်းကျင်ကို ဂရုမစိုက်နေစမ်းပါနဲ့ ရန့်ရယ်၊ လူပျိုနဲ့ အပျို ချစ်ကြိုက်တာ ဘာဖြစ်လဲ၊ ရှင်က မဟုတ်တာတွေ လုပ်နေတာမှ မဟုတ်တာပဲဟာ"

"ဟုတ်သားပဲနော်"

"အဆောင်မှာရှိတဲ့ မိန်းကလေးတွေ အတော်များများမှာ အတွဲတွေကိုယ်စီ ရှိနေကြတာပဲဟာ၊ တစ်ခုပဲရှိတယ်၊ သူတို့က ရှင့် ချစ်သူလောက် မချမ်းသာကြဘူးလေ"

ကျွန်မကို မြလေးက အားပေးစကားတွေ တတွတ်တွတ် ပြောနေသည်။

ဒီအဆောင်ထဲကနေ အမြန်ဆုံး ထွက်နိုင်ဖို့ပဲ ကျွန်မတွေးနေမိ၏။

ရတုက ညနေစောင်းမှ ကားနှင့်လာကြိုမည်တဲ့။



အခန်း ( ၇ )

ရတုဝယ်ပေးသော အခန်းတွင် ကျွန်မ နေထိုင်စဉ်အစတွင် အတော်လေး စိတ်မလုံမလဲနှင့် မနေတတ် မထိုင်တတ် ဖြစ်ခဲ့ရသည်။

ပတ်ဝန်းကျင်နှင့် ရင်မဆိုင်ရဲလောက်အောင် ဖြစ်ခဲ့ရ၏။

"ရန့် ... အားမငယ်နဲ့နော်၊ ကိုယ် အလုပ်တစ်ခုလုပ်မယ်၊ ရန့်ကို လက်ထပ်မယ်"

"ရတု"

"ပြော"

"ကျွန်မအတွက် ရှင်ပင်ပန်းမှာပဲစိုးတယ်၊ ကျွန်မ အခွင့်အရေးတွေ အများကြီး ယူမိနေပြီလားပဲ"

"မဆိုင်ပါဘူး ရန့်၊ ကိုယ်တို့နှစ်ယောက် ဘဝအတွက် စုဆောင်းထားတာပါ။ ရန့်ကို ကိုယ်ချစ်တယ်၊ မြတ်နိုးတယ်၊ ဘာမဆို ကိုယ်ရင်ဆိုင်ရဲပါတယ်"

"ရတုရယ်"

ကျွန်မ ရတု ရင်ခွင်ထဲ တိုးဝင်ဖက်တွယ် ထားမိသည်။

"ရတု မိဘတွေ သဘောမတူရင် ခက်မယ်ထင်တယ်"

ကျွန်မ စိုးရိမ်ထိတ်လန့်စွာဖြင့် ပြောမိသည်။

ရတုက ကျွန်မ ကိုယ်လုံးလေးကို တင်းကျပ်စွာ ဖက်ထား၏။

ကျွန်မ ပါးပြင်လေးကို တိုးတိတ်ညင်သာစွာ နမ်းသည်။

ချစ်သူအပေါ် အလွန်အမင်း ကျွန်မ ယုံကြည်အားကိုးနေမိ၏။

မြလေးက စိတ်မချ။

ရတုကို မယုံနိုင်တဲ့။

ငယ်စဉ်လေးတည်းက မြလေးနှင့်ကျွန်မ ဆိုးတူ ကောင်းဖက် တိုင်ပင်ညှိနှိုင်းကာ တစ်ယောက်အခက်အခဲ တစ်ယောက်ဖြေရှင်းခဲ့ကြသည်။

အခုတော့ ...

ရတုနှင့် နှစ်ယောက်တည်း ဘဝကို ဖြတ်သန်းဖြေရှင်းရတော့မည်ဖြစ်သည်။

"မင်း ဒုက္ခရောက်လိမ့်မယ်နော် ရန့်၊ ဘဝကို ရင်ဆိုင် ကျော်ဖြတ်ဖို့ သတ္တိမွေးထားဦး"

မြလေးက ပြောခဲ့သည်။

ကျွန်မကတော့ ကံကြမ္မာကိုပဲ စောင့်ကြည့်ရတော့မည်ဖြစ်၏။





"ရန့်"

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ၊ ငြိမ်နေလိုက်တာကွာ"

"ကျွန်မ ရှေ့ဆက်ပြီး ရင်ဆိုင်ရမဲ့ အကြောင်းတွေ စဉ်းစားနေတာပါ ရတုရယ်"

"စိတ်ပျက် အားငယ်စရာတွေ မတွေးနဲ့နော်၊ ကိုယ် တစ်ယောက်လုံး ရှိတယ်"

"ရတုရယ် ... ကျွန်မကို စွန့်ခွာပြီး ဘယ်မှ ထွက်မသွားပါနဲ့နော်"

"အင်းပါကွာ"

ကျွန်မကို ရတုက နှစ်သိမ့်အားပေးပြီး ကတိအထပ်ထပ်ပေးနေသည်။

ရတုက အိမ်ဖော်ကောင်မလေး တစ်ယောက် ငှားပေးထား၏။

ကျွန်မ ဝေယျာဝစ္စတွေ လုပ်ပေးဖို့ပဲဖြစ်သည်။

"ရန့်အတွက် ရတု ဒီလောက်အထိ အကုန်အကျခံဖို့ မလိုပါဘူး"

"ကိုယ်က ရတုကို ဒီထက်မက ဖြည့်စွမ်းပေးချင်တာပါ"

ရတု အချစ်တွေကို ကျွန်မ အယုံကြီး ယုံကြည်နေမိသည်။ အားကိုးရာ ရတုပဲ ရှိတော့၏။

"ရန့်"

"ရှင်"

"မင်းအဒေါ်ဆီကို မင်းရတဲ့ လခတွေ အကုန်အပ်လိုက်နော်"

"ရှင်"

"မင်း မပူပါနဲ့၊ ကိုယ် မင်းစရိတ်တွေ ထောက်ပံ့မှာပါ"

"ရတုမှာ အလုပ်မှ မရှိတာပဲ"

"ကိုယ် သုံးချင်သလောက် သုံးခွင့် ကိုယ့်ဒက်ဒီက ပေးထားပါတယ်"

"ရှင် အရမ်းကံကောင်းတယ်နော် ရတု"

"ရှန့်"

"ရှင်"

"ကိုယ့်ကို မောင်လို့ ခေါ်ပါလား"

"ဟင်"

ကျွန်မ ရှက်မိသည်။

မခေါ်ချင်ပါဘူး ...

ကျွန်မက ရတု တဲ့ ...

သူက ကိုယ်တဲ့ ...

မောင်ဟု ခေါ်ဝေါ်သုံးစွဲရန် သူက စတင်တောင်းဆိုလာခဲ့သည်။

"ရှန့်"

"ဟင်"

"ခေါ်လေ ... မောင်လို့"





"ဟင့်အင်း"

"မင်းဟာ အရမ်းအရှက်အကြောက်ကြီးတဲ့ မိန်းကလေးတစ်ယောက်ပဲ"

ကျွန်မရင်ထဲမှာ ရတုကို မောင်ဟု တိုးတိတ်စွာ ခေါ်မိနေသည်။

မောင် ...

ကျွန်မ ချစ်မြတ်နိုးရတဲ့ မောင် ...

မောင်သည် ကျွန်မ ချစ်မြတ်နိုးရပါသော ယောကျ်ားတစ်ယောက်သာဖြစ်သည်။

ကျွန်မအတွက် စားသောက်စရာတွေ အပြည့် မောင်က ဖြည့်စွမ်းပေးထား၏။

မြလေးကို သတိရလိုက်တာ ...

လကုန်ကာနီးပြီးဆိုလျှင် ကျွန်မနှင့်မြလေးမှာ ငွေပြတ်နေပြီ။

သောက်စရာ ကော်ဖီပင် မရှိတော့။

အငတ်ခံနေရသည်။

အဆောင်မှာက ကိုယ့်မာနနှင့်ကိုယ် နေရ၍ ငွေချေးလို့မရ၊ ဘယ်သူမှလည်း မချေးကြ။

ကိုယ့်မာနနဲ့ကိုယ်ပဲ။

မြလေးကတော့ ကျွန်မထံ အလည်သက်သက်ပင် မလာခဲ့။

ကျွန်မ သတိရနေမိသည်။

အခု အချိန်မှာ ...

မြလေး ရောက်လာရင် ဘယ်လောက်ကောင်းလိုက်မလဲ။

ကျွန်မ စားစရာတွေ အပြည့်ထည့်ပေးလိုက်ချင်မိသည်။

မြလေး လက်ခံမလား ...

မောင်ကတော့ ဇွတ်အတင်းပင် မောင်ဟု ခေါ်စေသည်။

"ရနံ့"

"မောင်"

"မောင် ရနံ့ကို လက်ထပ်ဖို့ ဒက်ဒီဆီမှာ တောင်းဆိုမယ်"

"ဟင် ... မောင့်ဒက်ဒီက သဘောတူမှာ မဟုတ်ဘူးထင်တယ်၊ ကျွန်မ ကြောက်တယ်မောင်၊ မပြောပါနဲ့"

ကျွန်မကို မောင့်ဒက်ဒီက ဘယ်နည်းနှင့်မှ မောင်နှင့်လက်ထပ်ရန် အသာတကြည် ခွင့်လွှတ်မှာ မဟုတ်။

"ဒက်ဒီ သဘောမတူလည်း ရနံ့ကို မောင် လက်ထပ်မယ်"

မောင် ပြန်သွားသည်။

အိမ်ဖော်မလေး မအိကလည်း ကျွန်မ အားကိုးလောက်အောင် အဖော်ရ၏။

အလိုက်သိသည်။

ဘာမှ လိုလေးသေးမရှိအောင် လုပ်ဆောင်ပေးနေတတ်၏။

မောင်က ဘာပြောထားလဲမှ မသိတာ။

"မမ"

"ဟင်"





"အစ်ကိုလေးက မမကို အရမ်းချစ်တာပဲနော်"

"အင်း"

"အစ်ကိုလေးအကြောင်း ကျွန်မ ကောင်းကောင်းသိတယ်၊ ရည်းစား အရမ်းများတာ"

"ဟင် ... မအိက အစ်ကိုလေးတို့အိမ်မှာ အလုပ်လုပ်ဖူးလား"

"အင်းလေ ... အစ်ကိုလေးက ဒီကို ခေါ်လာတာပဲဟာ"

"ဒုက္ခပါပဲ"

မောင့်ဒက်ဒီ သိသွားရင် ကျွန်မကို အပြစ်တင်တော့မည်။

မအိက ငယ်စဉ်လေးတည်းက မောင်တို့အိမ်မှာ နေခဲ့တာတဲ့ ...

"ဘဘကြီးက အရမ်းမာနကြီးတယ်၊ တော်ရုံလူကိုလည်း တူတယ်၊ တန်တယ် မထင်ဘူး။ အစ်ကိုလေးကိုလည်း အရမ်းချစ်တာပဲ၊ သားအဖနှစ်ယောက်လုံးကတော့ မိန်းမတွေနဲ့ ရှုပ်တယ်"

ဘုရားရေ ...

ဒုက္ခပါပဲ။

ကျွန်မကိုရော မြလေး ပြောသလို အပျော်ကြံစည်တာပဲလား။

"အစ်ကိုလေးမှာ လူကြီးတွေ သဘောတူထားတဲ့ မမနေနီဆိုတဲ့ မိန်းကလေးတစ်ယောက်လည်း ရှိသေးတယ်"

"ဟင်"

မအိအား ကျွန်မ အထိတ်တလန့်နှင့် မော့ကြည့်လိုက်မိသည်။

"ဒုက္ခပါပဲ ... ကျွန်မ ပြောမိပြီ၊ အစ်ကိုလေးကို ကျွန်မပြောတယ်လို့ မပြောနဲ့နော်"

"စိတ်ချပါကွယ်၊ မမ ဘာမှ မပြောပါဘူး"

မောင်နှင့်ပတ်သက်ပြီး ကျွန်မ စိတ်ပူစရာ အကြောင်းအရာတွေ ဖြစ်လာရသည်။

မိန်းကလေးတစ်ယောက် နာမည်က မအိထံမှကြားလိုက်ရ၏။

နေနီတဲ့ ...

"အစ်ကိုလေးမှာက ချစ်သူ ကောင်မလေးတွေ အရမ်းများတာပဲ မမ"

"နေနီကရော ဘာမှ မပြောဘူးလားဟင် မအိ"

"မပြောဘူး ... အစ်ကိုလေး နေချင်သလိုနေပဲ၊ မမနေနီက ကျိတ်ပိုးနေတာလေ"

မောင် ...

ရှင့် သတင်းက တကယ်ပဲ မွှေးမြနေတာပါပဲလား။

"မမနေနီက ချောတယ်၊ ပညာတတ်တယ်၊ အရမ်းလည်း ချမ်းသာတယ်"

"ဟင်"

ကျွန်မနှင့် ဘာမှမဆိုင်သော နေနီပင် ဖြစ်သည်။





မောင်က လက်ထပ်ဖို့ ကတိပေးထားပြီးသားတဲ့။

"မမက အရမ်းရိုးသားတယ်၊ အစ်ကိုလေး ချစ်ပါတယ်၊ ဒါပေမယ့် မမရန့်ကို လက်ထပ်ရင်တော့ အရာရာကို အစ်ကိုလေး စွန့်လွှတ်ရမှာပဲ"

ကျွန်မ အိပ်စက်၍ပင် မရတော့လောက်အောင် စိတ်တွေ တုန်လှုပ်ချောက်ချားလာရတော့သည်။

မောင် ...

ကျွန်မကို ဒီနေ့အထိ ချစ်သူဘဝက ကျော်လွန်ပြီး အခွင့်အရေးတွေ မယူခဲ့။

တန်ဖိုး ထားခဲ့သည်။

ရိုးသားဖြူစင်စွာဖြင့် စောင့်ရှောက်နေခဲ့ခြင်းသာ ဖြစ်၏။

"အစ်ကိုလေးက မမကိုတော့ ချစ်ပါတယ်၊ ဘယ် မိန်းကလေးကိုမှ ဒီလောက်အထိ ဂရုတစိုက် မရှိဘူး၊ အစ်ကိုလေးကိုပဲ မိန်းကလေးတွေက ချစ်ကြတာ၊ မမနေနီက အကဲဆုံးပဲ"

ကျွန်မ စိတ်ထဲမှာ အားငယ်စိတ်တွေနှင့်အတူ စိုးရိမ်ပူပန်မှုတွေ ပြည့်ကျပ်လာရသည်။

"မမ"

"ဟင်"

"ကျွန်မပြောတာတွေ အစ်ကိုလေးကို ဘာမှ သွားမပြောနဲ့နော်"

"အေးပါကွယ်"

မအိပြောပြီးမှ ကြောက်နေသည်။

ကျွန်မ မောင်နှင့် ပတ်သက်တာတွေ ဘာမှ ဝေဖန်ပြောဆိုခြင်း မပြုလို။

မောင့် စိတ်ဆန္ဒတွေ အတိုင်းပဲ နေစေချင်မိနေသည်။

"မမ ကော်ဖီသောက်ဦးမလား၊ မအိ ဖျော်ပေးမယ်လေ"

"အေးကွယ်"

မအိ ပြန်ထွက်သွားသည်။

ကော်ဖီတစ်ခွက် ဖျော်ပြီး ကျွန်မထံ လာပေး၏။

"မမအိပ်တော့နော်၊ မအိကို ခိုင်းစရာရှိတာ ခိုင်းပါနော်၊ အားမနာပါနဲ့၊ အစ်ကိုလေးက မမကို ဂရုစိုက်ရမယ်တဲ့"

မအိ ပြန်ထွက်သွားသည်။

ကျွန်မ အိပ်၍မရ။

မျက်လုံးတွေ ကြောင်နေ၏။

မြလေးကို သတိရလိုက်တာ ...

ရင်ထဲမှာ မွန်းကျပ်နေသည်။

မောင်ကသာ ကျွန်မကို စွန့်ပစ်သွားလျှင် ကျွန်မဘဝမှာ ဆောက်တည်ရာမရအောင် တစ်စစီ လွင့်စင်ပျက်စီးသွားတော့မည်ဖြစ်၏။

မြလေးဆီ ဖုန်းဆက်ရင် ကောင်းမလား ...

တွေးနေတုန်း ...

မောင့်ထံမှ ဖုန်းလာသည်။





"ရနံ့ မအိပ်သေးဘူးလား၊ မောင့်စိတ်ထဲမှာ ရနံ့ မအိပ်သေးဘူး ထင်နေပြီး ဖုန်းဆက်လိုက်တာလေ"

မောင် ...

ကျွန်မကို ဂရုစိုက်သားပဲ။

ရင်ထဲမှာ ဝမ်းသာပီတိတွေနှင့် ဖြစ်သွားရသည်။

"ရနံ့"

"ရှင်"

"မအိပ်သေးဘူးလား"

"အိပ်တော့မှာပါ၊ လောလောဆယ်တော့ အိပ်ရာပြောင်း အိပ်လို့လား မသိဘူး၊ ကျွန်မ အိပ်လို့မရသေးဘူး"

မောင် စိတ်အေးလက်အေး ရှိစေရန် ကျွန်မ ရင်ထဲမှာ စိုးရိမ်ကြောင့်ကြမှုတွေကို မောင် မသိစေရတော့ပေ။

"မင်း အားငယ်နေမှာ စိတ်ပူလို့ မောင်ဖုန်းဆက်လိုက်တာပဲ ရနံ့"

"ကျွန်မ အားမငယ်ပါဘူး မောင်ရယ်၊ ကျွန်မဘဝမှာ အရာအားလုံး ပြည့်စုံနေတာပဲဟာ"

"ရနံ့"

"ရှင်"

"မောင့်ကို ချစ်လား"

"ချစ်တယ်"

"ယုံကြည်ရဲ့လား"

"အင်း"

"မင်းကို မောင် ဘယ်တော့မှ စွန့်ခွာမသွားပါဘူး၊ မင်းယုံပါ ရနံ့ရယ်"

မောင့်ထံမှ လေးနက်ကြည်လင်ပြီး အင်အားတွေရှိနေတဲ့ စကားတွေ ကြားရသည်။

ကျွန်မကို ဂရုစိုက်လွန်း၏။

စိတ်ချင်း နီးစပ်နေ၍လားမသိ၊ ကျွန်မ အိပ်မပျော်သေးတာကို မောင်က သိနေပြီးသား ဖြစ်နေသည်။

"ရနံ့"

"ရှင်"

"မအိကရော အားကိုးရရဲ့လား"

"အားကိုးရပါတယ် မောင် ... ကျွန်မ ပြောစရာမလိုအောင်ပဲ လုပ်ပေးပါတယ် မောင်"

"မောင် စိတ်မချလို့ မောင်တို့အိမ်မှာ ငယ်ငယ်လေးတည်းကနေတဲ့ မအိကို ခေါ်လာတာလေ"

"မောင့်ဒက်ဒီ သိသွားရင်ခက်မယ်၊ ကျွန်မ အတွက် မောင် အဲဒီလောက်အထိ လုပ်ပေးဖို့ မလိုသေးပါဘူး"

"အခုထိ ဒက်ဒီနဲ့မောင် မဆုံဖြစ်သေးဘူး၊ ရနံ့ကို လက်ထပ်မဲ့ အကြောင်း ပြောမလို့လေ"

"မောင်"

"ပြော"





"မောင့်ဒက်ဒီက မောင်နဲ့ ကျွန်မကို သဘောတူမှာ မဟုတ်ဘူး၊ ကျွန်မနဲ့ လက်ထပ်ရင် မောင်ပဲဆင်းရဲဒုက္ခရောက်လိမ့်မယ်"

"ဒါတွေ မစဉ်းစားပါနဲ့၊ ဘာပဲဖြစ်ဖြစ် မောင် ရနံ့ကို လက်ထပ်မှာပါ"

မောင့် အသံတွေက လေးနက်ပြီး တိကျပြတ်သားလွန်းနေသည်။

ကျွန်မ အင်အားတွေ ရသွားမိသလိုပင်။

မောင်နှင့် ပတ်သက်ပြီး ကျွန်မ ဘာတစ်ခုမှ မေးရဲတဲ့သတ္တိ မရှိပေ။

အရေးကြီးတာက မောင် ကျွန်မကို စွန့်ခွာမသွားဖို့ပဲဖြစ်သည်။

မောင် ထားရာနေ စေရာသွားချင်တဲ့ မိန်းကလေးတစ်ယောက်ပါ။

ကျွန်မ စကားတွေကြောင့် မောင် နားပူနားဆာ မဖြစ်စေရ။

"ရနံ့ အိပ်တော့၊ ဂွတ်လပ်ဖ်"

ကျွန်မ အိပ်စက်ဖို့အတွက် အတော်လေး ကြိုးစားနေမိသည်။

## အခန်း ( ၈ )

"နေနီဆိုတဲ့ မိန်းမတစ်ယောက်အကြောင်းကို နင်သိလား ရှန်"

မြလေး ရောက်လာသည်။

ကျွန်မ ဖုန်းဆက်ခေါ်၍ မြလေး ရောက်လာရခြင်းဖြစ်၏။

"နေနီ"

"အင်း"

"ဘာဖြစ်လို့လဲ"

"မမဆီမှာ ရှင့်အကြောင်းတွေ လာစုံစမ်းတယ်"

"ဟင်"

ကျွန်မ အထိတ်တလန့်နှင့် မြလေးကို ဆတ်ခနဲကြည့်မိသည်။

အဆောင်မှာ လာစုံစမ်းတယ် ...

"မမက ဘာပြောလဲ"





"ဘာမှတော့ မပြောပါဘူး၊ အဆောင်ကနေ ထွက်သွားပြီလို့ပဲပြောတယ်"

မမက ကျွန်မဘက်က ကာကွယ်ပြီး ပြောဆိုကြောင်း မြလေးက ပြောသည်။

"နင့်လိပ်စာ တောင်းတယ်၊ မမက မသိဘူးတဲ့၊ ကျုပ်တောင်ခေါ်မမေးဘူး"

"နေနီက မောင့်ရဲ့ မိဘတွေ သဘောတူထားတဲ့ မိန်းကလေးတဲ့၊ မောင့်ချစ်သူတော့ မဟုတ်ဘူး"

မြလေးက စိုးရိမ်ပူပန်တဲ့ မျက်ဝန်းတွေနှင့် ကျွန်မကိုကြည့်သည်။

"ရှင် ..."

"ဟင့်အင်း ... ကျွန်မအတွက် မပူနဲ့"

"ဒီမိန်းမက ထက်သလိုပဲနော်၊ ရုပ်ကလည်း ချောတယ် ချမ်းသာပုံပဲ၊ ရှင် ယှဉ်ပြိုင်နိုင်ပါ့မလား"

"ကျွန်မ ဘယ်သူ့ကိုမှ မယှဉ်ပြိုင်ပါဘူး မြလေး၊ အရှုံးပေးမှာပါ"

"ရှန်"

"ဟင်"

"နင့်ကို ပူတယ်"

"မပူပါနဲ့၊ ကျွန်မ လုပ်မိသွားတဲ့ အပြစ်တွေအတွက် ကျွန်မ ရင်ဆိုင်ဖို့ အဆင်သင့်ပါပဲ"

ကျွန်မ ...

မြလေး ရှေ့မှာ စိတ်ညစ်နေတဲ့ အမူအရာမျိုး မလုပ်ခဲ့ ...

မောင် လူရှုပ်လူပွေတစ်ယောက် ဖြစ်မှန်း အစောကြီးထဲက သိထားပြီးသားပဲ။

"ရန့်ကို စိတ်ပူတာက ရတု စိတ်တွေကို ပျော်ရွှင်အောင် ဘယ်လောက်အထိ ဆွဲဆောင်ထားနိုင်မလား ဆိုတာပဲ"

မောင် ပျော်အောင် ...

ဟုတ်သားပဲ ...

ကျွန်မ မိန်းမသားတစ်ယောက် အနေနဲ့ မောင့်ကိုတော့ စိတ်ပျော်အောင် ထားနိုင်စွမ်း ရှိရမည်ဖြစ်သည်။

"လက်ထပ်ပြီးရင် ယောကျ်ားတွေဘက်က အချစ်လျော့သွားတတ်တယ်၊ 'ဒီမိန်းမကို လက်ထပ်လိုက်တာ မှားပြီလို့ ထင်တတ်ကြတယ်"

"ဟုတ်လား"

"မြလေး အစ်မတွေရဲ့ အတွေ့အကြုံအရ ပြောတာပဲ ရန့်၊ ဘယ်လောက်ချစ်တဲ့ ငယ်ချစ်ဦးတွေပဲ လက်ထပ်ပါစေ လက်ထပ်ပြီးတာနဲ့ အတော်များများက စိတ်သဘောထား ကွဲကြတာပဲ"

"ဟင်"

ကျွန်မ ...

အတော်လေး ထိတ်လန့်သွားမိသည်။

မောင်နဲ့ ကျွန်မဘဝက မိုးနဲ့မြေကြီးလို ကွာဟနေခဲ့သည်။





မိဘ သဘောမတူဘဲ လက်ထပ်ကြရမှာ။

ပြီးတော့ ...

အမွေအဖြတ်ခံချင် ခံရမှာ။

ထိုကဲ့သို့သော အခြေအနေတွေနှင့် ကြုံတွေ့ခဲ့လျှင် မောင်နှင့်ကျွန်မ အနာဂတ်က ဘယ်လိုနည်းနှင့်မှ မလှပနိုင်တော့ပေ။

ကျွန်မထံတွင် မောင် ဘယ်အတိုင်းအတာအထိ ပျော်ရွှင်နိုင်မလဲ။

အဝတ်ကောင်း အစားကောင်းတွေ ဝတ်ဆင်ပြီး စည်းစိမ်ချမ်းသာတွေနှင့် ပြည့်စုံစွာ နေခဲ့ရတဲ့ မောင့်ဘဝသည် ကျွန်မရဲ့ နိမ့်ကျတဲ့ဘဝနဲ့ ပေါင်းမိကာမှ အဆင်မပြေ ဆင်းရဲဒုက္ခတွေနှင့် ရင်ဆိုင် ဖြတ်သန်းရတော့မှာပဲ ဖြစ်သည်။

ဖြစ်သင့်ပါ့မလား ...

မောင့်ကို ကျွန်မ ချစ်သည်။

မြတ်နိုးမိ၏။

"ရန့်"

"ဟင်"

"နေနီက ရှင့်ကို အသေအလဲ အမဲဖျက်မဲ့ပုံပဲနော်၊ ရှင် သတိထား"

ကျွန်မနှင့်မြလေး ကုမ္ပဏီကိုသွားဖို့ အဆင်သင့်ဖြစ်နေကြသည်။

အလုပ်မသွားခင် မြလေး ဝင်လာခြင်းဖြစ်၏။

"ရှင် အပြန် ကျွန်မဆီ ဝင်ပြီးမှ ပြန်နော်"

"ကျုပ်နဲ့ ဘာပြောစရာ ရှိသေးလို့လဲ၊ တန်းပြီး ဖယ်ရီနဲ့ ပြန်တော့မယ်လေ"

မြလေးသည် ကျွန်မအခန်းတွင်နေဖို့ အတော်လေးဝန်လေးသူ ဖြစ်သည်။

အမြဲတမ်း ...

ငြင်းဆန်တတ်သည်။

"ကျွန်မ ပြောစရာရှိသေးလို့ပါ"

အမှန်တော့ ...

အပြန်တွင် မြလေး စားသောက်စရာ အစားအသောက်တွေ၊ ကော်ဖီမစ်ထုပ်တွေ ထည့်ပေးလိုက်ချင်၍ ဖြစ်သည်။

မြလေးအတွက် တစ်လစာ ဖူလုံသွားလျှင် လခပိုမည်ဖြစ်သည်။

"ရှန့်"

"ဟင်"

"ရှင့်လူ မလာဘူးလား"

"မလာဘူး"

"ညအိပ်ရင်ရော"

"ဟာ ... ကျွန်မတို့က လက်ထပ်ထားကြသေးတာမှ မဟုတ်တာဘဲ၊ အတူတူ မအိပ်ကြပါဘူး၊ မောင်က စည်းစောင့်တယ်လေ"





"အဆိုးဘူး"

မြလေး သဘောကျသွားသည်။

လက်မထပ်ရသေးဘဲ အတူတူ မအိပ်သင့်ကြောင်း မြလေးက သတိပေး၏။

"ဒါဆိုရင်တော့ ရတုက ရှင့်အပေါ် တန်ဖိုးထားသားပဲ"

"မောင်နဲ့ နေ့ခင်းဘက်တွေပဲ အတွေ့များတာပါ၊ ပတ်ဝန်းကျင်က ရှန့်ကို အထင်သေးမှာစိုးလို့ အပြင်မှာပဲ တွေ့ကြတယ်လေ"

"ရှင့်စိတ်တွေကို အလိုမလိုက်နဲ့နော်၊ ယောကျ်ားလေး တစ်ယောက်အပေါ် ပုံအပ်လိုက်ရင် ရှင်ပဲ ဒုက္ခတွေ ပင်လယ်ဝေမှာ"

"အင်းပါ"

"ရှန့်က ရိုးအ,တယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်မအနားမှာ ရှင်ရှိနေဖို့တော့ လိုအပ်မယ် ထင်တယ်နော် မြလေး"

"ရှန့်ရယ်"

မြလေးသည် ကျွန်မအပေါ် သံယောဇဉ်ကြီးမားသူပင် ဖြစ်သည်။

ကျောင်းသူဘဝထဲက မြလေးကပဲ ကျွန်မအား ကျွေးမွေး စောင့်ရှောက်ခဲ့သူဖြစ်၏။

အခု ...

ကျွန်မ ပြည့်စုံနေသည်။၏

မြလေးအား ကျွေးမွေးချင်မိ၏။

"သွားကြမယ်"

"အင်း"

ကုမ္ပဏီကို သွားရမှာပင် ကျွန်မ ထိတ်လန့်တုန်လှုပ်နေမိသည်။

ဦးမောင်မောင်ဇေနှင့် ရင်ဆိုင်ရမလား ...

လောလောဆယ်တော့ ...

ကျွန်မက သူ့သား ဇေရတုနှင့် ချစ်သူမိန်းကလေးဆိုတာ မသိသေးပေ။

မောင်နှင့် ပတ်သက် ဆက်ဆံခဲ့ဖူးသော အရင်က မောင့်ချစ်သူ မိန်းကလေးများသည် ငွေကြေးချမ်းသာကြသူတွေသာ ဖြစ်သည်။

အခု ...

ကျွန်မက ...

မောင့်ဒက်ဒီ သဘောတူမှာ မဟုတ်။

"နေ့က ဒီအဆောင်မှာနေတဲ့ ကောင်မလေးလို့ပဲသိတာ ရှင့်နာမည် မသိဘူး"

"ကျွန်မနဲ့ ကုမ္ပဏီမှာ တွေ့ကြရင်တော့ ဒုက္ခပဲနော်"

"ဘာမှ ကြောက်စရာ မလိုပါဘူး။ ရှင် အ,တီး အ,တ လုပ် မနေနဲ့နော်၊ ဘာမဆို ရင်ဆိုင်ရဲတဲ့ သတ္တိ ရှိစမ်းပါ"

ဟုတ်တယ်နော် ...





ကျွန်မ သတ္တိမွေးရမယ် ...

နေရာတကာ တုန်လှုပ်ချောက်ချားမှုတွေပဲ ခံစားနေလို့ မဖြစ်ဘူး ...

"ရန့် ... "

"ဟင်"

"ဒီလို အခြေအနေမျိုးတွေကို ရှင် အစောကြီးတည်းက ရင်ဆိုင် တွေ့ကြုံရလိမ့်မယ်ဆိုတာ မင်းသိပြီးသားပဲဟာ"

ကုမ္ပဏီကို ရောက်လာကြသည်။

အရင်က ...

ကျွန်မ ပျော်ရွှင်သွက်လက်စွာ တက်ခဲ့မိသော လှေကားထစ်တွေကို အခုတော့ လေးလံနှေးကွေးတဲ့ ခြေလှမ်းတွေနှင့် တက်မိနေသည်။

"ရန့်"

"ဟင်"

"ရှင် ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး"

"ဒီလောက်အထိ ကြောက်ရွံ့တုန်လှုပ်မနေစမ်းပါနဲ့"

"အင်းနော်"

ကျွန်မ စိတ်တွေကို ပြန်တင်းလိုက်ပြီး လှေကားထစ်တွေအတိုင်း တက်လာမိသည်။

စားပွဲမှာ ထိုင်မိကြ၏။

"သင်းရန့် ရောက်ပြီလား"

"အင်း"

"ဆရာ ခေါ်နေတယ်"

ဘုရားရေ ...

ကျွန်မ ...

မြလေး မျက်နှာကို လှမ်းကြည့်လိုက်ပြီး ဘုရားတ,မိသည်။

ဦးမောင်မောင်ဇေက ကျွန်မအား ဘာအကြောင်းနှင့်ခေါ်ရတာလဲ ...

"အရေးကြီးလို့တဲ့ သင်းရန့်၊ အမြန်သွားလိုက်လေ"

မြလေးက ဘာမှ မကြောက်ဖို့ အမူအရာနှင့် ပြနေသည်။

အရေးကြီးလို့တဲ့ ...

အမြန်တဲ့ ...

ကျွန်မနှင့် ဦးမောင်မောင်ဇေ အရေးတကြီး တွေ့ဆုံစရာ ဘာအကြောင်းမှ မရှိပေ။

ဟုတ်ပါပြီ။

မောင့်ကိစ္စပဲ ...

ကျွန်မကို ဘာပြောမလဲ။

အလုပ်ကနေ ထုတ်ပစ်လိုက်တော့မလား ...

ကျွန်မစိတ်တွေ လေးလံစွာဖြင့် ဦးမောင်မောင်ဇေရုံးခန်းထဲ ဝင်လာခဲ့မိသည်။

"ဆရာ ... ကျွန်မကို ခေါ်တယ်ဆိုလို့ပါ"





"ထိုင် သင်းရန့် ... "

ဆရာ့ရှေ့တွင် သူမ ဝင်ပြီးထိုင်လိုက်မိသည်။

ခြေဖျားလက်ဖျားတွေပင် အေးစက်ထုံကျင်လာရ၏။

"သင်းရန့်"

"ရှင်"

"မင်းကိုခေါ်ရတဲ့ အကြောင်းရင်းက ရာထူးတိုးပေးဖို့ပဲ"

"ရှင်"

"မင်း အံ့သြသွားလား၊ မင်း ထမ်းဆောင်ရမဲ့ ရာထူးက ဆရာ့ရဲ့ အတွင်းရေးမှူး အဖြစ်ပဲ"

ဟူး ...

တော်ပါသေးရဲ့ ...

ကျွန်မ ရင်ဝတွင် ဆို့တစ်နေသော အပူလုံးကြီး တစ်စိတ်တစ်ဒေသတော့ ဖွဲကြွေပြုတ်ကျသွားရသည်။

"ဆရာ မင်းအရည်အချင်းကို စောင့်ကြည့်နေတာ ကြာပြီ၊ ဆရာ့ အတွင်းရေးမှူးမကလည်း အိမ်ထောင်ပြုသွားပြီလေ"

"ဟို ... ဟို ... ဆရာ ... ကျွန်မက လုပ်ငန်းအတွေ့အကြုံ ဘာမှမရှိဘူး၊ ပြီးတော့ လူကြောက်တယ်"

ကျွန်မ ...

ဆရာ့လက်အောက်မှာ အမှုထမ်းဖို့အတွက် ဝန်လေးနေမိသည်။

တကယ်တော့ ...

တစ်နေ့ကျရင် ...

ဆရာက ကျွန်မကို မုန်းတီးရှုံ့ရှာသွားတော့မှာပါ။

ကျွန်မက ဆရာ့သားရဲ့ချစ်သူ။

နိမ့်ကျတဲ့ ကောင်မလေးတစ်ယောက်အဖြစ် ဆရာသိတော့မယ်။

"မင်း ဘာမှ မကြောက်ပါနဲ့ သင်းရနံ့၊ မင်းက ရိုးအေးတယ်၊ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်တဲ့ နေရာမှာ သေသပ်တယ်၊ တာဝန်ကျေတယ်ဆိုတဲ့ သတင်းတွေ ဆရာကြားခဲ့တာပါ"

မောင်နှင့် ကျွန်မ ချစ်သူတွေ ဖြစ်နေကြတာ၊ မောင်က ကျွန်မကို တိုက်ခန်းဝယ်ပေးပြီး ထားတာ ...

ကျွန်မ စားဝတ်နေရေးအတွက် ထောက်ပံ့နေတာတွေ မသိကြ။

"သင်းရနံ့ ..."

"ရှင်"

"ဒီနေ့ပဲ ဆရာ့အနားကို ပြောင်းလာခဲ့တော့ သင်းရနံ့၊ ဒီတာဝန်ကို မင်း လက်ခံပါ၊ မင်းဘဝလည်း တိုးတက်မြင့်မား လာတာပေါ့ကွာ"

ကျွန်မ အဆောင်မှူး မမသည် တစ်ချိန်က ဦးမောင်မောင်ဇေရဲ့ အတွင်းရေးမှူးမလေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

ထိတ်လန့်တုန်လှုပ်မှုတွေ ရုတ်ခြည်းဖြစ်ပေါ်လာမိ၏။

မြလေး ဘာပြောမလဲ ...





ထိုတာဝန်ကြီးကို ကျွန်မ ထမ်းဆောင်ရန် ဝန်လေးနေမိသည်။

"ကျွန်မ တာဝန်မကျေမှာ ကြောက်ပါတယ် ဆရာ"

"လုပ်ငန်းအတွေ့အကြုံက မင်းကို သင်ပေးမှာပဲ သင်းရနံ့၊ မကြောက်ပါနဲ့၊ မင်း ရုပ်ရည်နဲ့ လုပ်ငန်းအတွေ့အကြုံ ပေါင်းစပ်လိုက်ရင် ထက်မြက်တဲ့ အတွင်းရေးမှူးမလေး ဖြစ်လာမှာပါ"

မမက ဦးမောင်မောင်ဇေကို သတိထားဟု ပြောခဲ့ဖူးသည်။

ကျွန်မ ဘယ်လို ငြင်းဆန်ရမလဲ။

တစ်နေ့ကျရင် ...

မောင်နှင့်ကျွန်မ အကြောင်းတွေ ဦးမောင်မောင်ဇေ သိသွားမှာ သေချာသည်။

သိရင် ...

"သင်းရနံ့"

"ရှင်"

"မင်း ပစ္စည်းတွေကို သွားသိမ်းတော့လေ"

"ကျွန်မ ..."

"မငြင်းပါနဲ့ သင်းရနံ့၊ ဆရာ အကောင်းဆုံး ရွေးချယ်ထားလိုက်တာပဲ၊ မင်းပစ္စည်းတွေ သိမ်းလာခဲ့"

ဆရာ့ အမိန့်အား လွန်ဆန်နိုင်ခြင်း မရှိတော့ပေ။

ကျွန်မ ထမည်အလုပ်တွင် မောင်နှင့် မိန်းမချောလေးတစ်ယောက်ဝင်လာသည်။

"သားပါလား၊ နေနီလည်း ပါလာတာကို၊ လာကြ"

ကျွန်မ ခန္ဓာကိုယ်လေး နေရာမှာပင် ယိုင်ခွေကျလုမတတ် ဖြစ်သွားမိသည်။

မောင်က ကျွန်မကို မကြည့် ...

မသိချင်ယောင် ဆောင်နေသည်။

ကျွန်မ နှလုံးသားတွေထဲမှာ စူးရှနာကျင်တဲ့ ဝေဒနာတစ်ခု ကို ပြင်းပြစွာ ခံစားလိုက်ရ၏။

မောင် ...

ရက်စက်လိုက်တာ ...

နေနီဟာ မောင် လက်ထပ်ယူမဲ့ မိန်းကလေးတစ်ယောက် ပဲလား ...

ကျွန်မ ...

ထွက်လာခဲ့မိသည်။

မြလေးက ကျွန်မအား စိတ်ပူပြီး အခြေအနေမေးနေ၏။

"ဆရာက ကျွန်မကို သူ့အတွင်းရေးမှူးမလေး ရာထူးပေး တာပါ"

"ဟင်"

မြလေးကတော့ အထိတ်တလန့်ကြည့်နေသည်။

"နင် လက်ခံခဲ့လား"

ကျွန်မ ခေါင်းညိတ်ပြမိသည်။

"ဟင် ... နင်"





"အခုပဲ ပြောင်းလာခဲ့တော့တဲ့"

"ရှန်"

"ဟင် ... "

"စောစောက ရတုကို တွေ့လိုက်လား"

"အင်း"

"အဲဒါ နေနီလေ"

"အင်း ... "

"နင် ဘာဆက်လုပ်တော့မလဲ"

"မသိဘူး"

"ဦးမောင်မောင်ဇေ အနား သွားနေမလား"

"အင်း"

"ဒုက္ခပဲ"

ကျွန်မ မျက်ရည်တွေ ဝဲကျတော့မတတ် ကြေကွဲဝမ်းနည်း နေမိသည်။

ဟန်ပင်မဆောင်နိုင်တော့။

"ရှန် ... ရှင် ဘာဖြစ်နေတာလဲ၊ သတ္တိရှိစမ်းပါ၊ ရင်ဆိုင်ဖို့ ကြိုးစားစမ်းပါဟယ်"

ကျွန်မ ...

စားပွဲမှာ နှမ်းလျစွာ ထိုင်ချပစ်လိုက်မိတော့သည်။

အခန်း ( ၉ )

"မောင်"

"ဟင်"

"ဟိုနေ့က ... "

"မောင်နဲ့တွဲလာတဲ့ နေနီ့အကြောင်း ရန့်သိချင်လို့လား"

"အင်း"

"မိတ်ဆွေတွေပါ"

မောင်က ပေါ့ပျက်စွာ ဖြေသည်။

ကျွန်မ သိထားတာကတော့ မောင်နှင့်လက်ထပ်မည့် မိန်းကလေး ...

လူကြီးတွေ စေ့စပ်ထားတာ သဘောတူထားတဲ့ မိန်းကလေး ...

"ရန့် မပူပါနဲ့ မောင်က ရန့်ကိုပဲ လက်ထပ်မှာပါ"

"ဟင့်အင်း ... "





"ဘာလဲ မယုံတာလား"

"မဟုတ်ပါဘူး မောင်၊ ကျွန်မနဲ့ လက်ထပ်ရင် မောင် စိတ်ဆင်းရဲမှာ စိုးလို့ပါ"

"ဘာဆိုင်လဲ"

"မောင့်ဒက်ဒီက သဘောတူမှာ မဟုတ်ဘူး၊ အမွေဖြတ်မှာပဲ၊ မောင် ဘာလုပ်စားမှာလဲ၊ ဒုက္ခရောက်မှာ"

"ရောက်ရောက်ကွာ"

"မဖြစ်သင့်ဘူးထင်တယ်၊ မောင် ဆင်းရဲဒုက္ခဒဏ်ကို ကြာကြာခံစားနိုင်မှာ မဟုတ်ဘူး"

ကျွန်မနှင့် လက်ထပ်ပြီး မောင် ဆင်းရဲဒဏ် မခံနိုင်လျှင် ကျွန်မကို မုန်းတီးနာကြည်းစွာ စိတ်ကုန်သွားမှာပဲ ဖြစ်သည်။

စောစောစီးစီး လမ်းခွဲလိုက်ကြတာ အကောင်းဆုံးဟု ထင်မိ၏။

"ကျွန်မက သိပ်အရေးမကြီးပါဘူး၊ မောင်နဲ့ စောစောစီးစီး လမ်းခွဲလိုက်ကြတာ အကောင်းဆုံးပဲလို့ ထင်တယ်နော်"

"ဘာ ... "

မောင်သည် ကျွန်မအား ဒေါသအနည်းငယ် ဖြစ်သွားသော မျက်နှာထားနှင့် ကျွန်မအား စိုက်ကြည့်သည်။

"ရန့်က ခွဲနိုင်လို့လား"

ကျွန်မ မောင့်ကို မော့ကြည့်ပြီး မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လာရသည်။

"ကောင်မလေး အရူးမထစမ်းပါနဲ့၊ မောင့်ကိုလည်း မခွဲနိုင်ဘဲနဲ့"

မောင့် မျက်နှာအမူအရာတွေက တင်းမာမှုတွေပြေလျော့သွားပြီး ကျွန်မကိုယ်လုံးလေးအား တင်းကျပ်စွာ ပွေ့ဖက်ထားသည်။

ကျွန်မ အိမ်ကို မြလေးနှင့်အတူ ပြန်ရောက်လာပြီး မောင်နှင့်ပတ်သက်တာတွေ ရင်ဖွင့်မိခဲ့သေး၏။

ပြီးတော့ ...

"နင့်အဆက် လာတော့မယ်၊ ငါပြန်မယ် ရန့်"

မြလေးက ပြန်ဖို့ပြင်သည်။

ကျွန်မ စားစရာတွေကို မြလေး ငြင်းဆန်နေသည့်ကြားမှာပင် ဇွတ်အတင်း ထည့်ပေးလိုက်မိ၏။

မြလေး ပြန်သွားပြီး မကြာခင် မောင် ရောက်လာတော့သည်။

ကျွန်မ ဟန်ဆောင်နေမိ၏။

မောင့်ကို စိတ်ဆင်းရဲစရာတွေ မရှိစေချင်တာတော့ အမှန်ပဲဖြစ်သည်။

"ရန့်"

"ရှင်"

"မောင်နဲ့ နေနီနီ တွဲလာတာမြင်ပြီး မင်း စိတ်ထိခိုက်နေတာ မဟုတ်လား"





မောင်က ကျွန်မအား ငုံ့ကြည့်ပြီး မေးနေသည်။

အကြြင်နာတွေ ...

အချစ်တွေ လွှမ်းနေတဲ့ မောင့်မျက်ဝန်းတွေကြောင့် ကျွန်မ အနည်းငယ်တော့ စိတ်သက်သာမှု ရစေခဲ့သည်။

"နေနီနီကို မောင် ဘယ်တော့မှ လက်မထပ်ပါဘူး၊ မောင် ပြောထားပြီးပြီပဲ၊ မောင်နဲ့ လက်ထပ်မဲ့ မိန်းကလေးက ရိုးသားဖြူစင်ပြီး အပြစ်ကင်းစင်ရမယ်လေ"

မောင့်ဘက်မှ မိန်းကလေးတွေနဲ့ ဘယ်လောက်ပဲ ပတ်သက်ပါစေ မောင့်မိန်းမကတော့ ရိုးသားဖြူစင်ရမယ် ...

ချစ်သူရည်းစား မထားဘူးတဲ့ မောင်ဟာ အဲဒီမိန်းမရဲ့ ချစ်ဦးသူပဲ ဖြစ်စေရမယ်တဲ့ ...

"ကျွန်မက ဆင်းရဲတယ်"

"မောင့်မိန်းမက ချစ်သာဖို့မှ မလိုတာပဲ"

"မိဘတွေက အမွေဖြတ်ရင်ရော မောင်"

"ရန့် ဘာမှကြောက်စရာ မလိုပါဘူးကွာ၊ မောင် ယောကျ်ားပါ မိန်းမတစ်ယောက်ကို ထမင်းမငတ်အောင်တော့ တာဝန်ယူနိုင်ပါတယ်"

မောင်က ရဲရဲတင်းတင်းပင် အာမခံချက်တွေ ပေးနေ၍ ကျွန်မ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိတာတော့ အမှန်ပင်။

"မောင်က ရန့်ကို ချစ်တယ်၊ မြတ်နိုးတယ်၊ ရန့်ရဲ့ ဖြူစင်ရိုးသားတဲ့ ဘဝလေးကို အရမ်းတန်ဖိုးထားမိတယ်"

"မောင်ရယ်"

မောင့် ရင်ခွင်ထဲ တိုးဝင်ကာ အားကိုးတကြီး ဖက်တွယ်ထား မိသည်။

"မောင် ဘယ်တော့မှ ရန့်ကို မစွန့်လွှတ်ဘူး"

မောင်က ကျွန်မ နဖူးလေးကို ခပ်ဖွဖွလေး နမ်းပြီးပြောခဲ့ သည်။

ကျွန်မ ကျေနပ်စွာ ခံယူခဲ့မိ၏။

"ရန့်"

"ရှင်"

"မင်းကို ဒက်ဒီက အတွင်းရေးမှူးရာထူး ခန့်အပ်လိုက်တယ် ဆို"

"အင်း"

"အလုပ်ထွက်လိုက်တော့"

"ဟင်"

မောင့် မျက်ဝန်းတွေ ကျွန်မကို စိတ်မချသော အရိပ်လက္ခဏာတွေ လွှမ်းနေသည်။

"ဘာဖြစ်လို့လဲ မောင်"

"မင်း အလုပ်လုပ်ဖို့မှ မလိုအပ်တော့တာပဲ ရန့်"

ထိုတာဝန် ထမ်းဆောင်ခြင်းဖြင့် ကျွန်မ လခတိုးလာနိုင် သည်။

ဘာပဲဖြစ်ဖြစ် ...





ကျွန်မ အလုပ်တစ်ခုခု လုပ်နေဖို့တော့ လိုအပ်တာပဲ မဟုတ် လား ...

"မင်းအတွက် စရိတ်တွေအားလုံး မောင် ထောက်ပံ့ပါ့မယ် ရန့်ရယ်"

"မောင်က ကျောင်းသားပဲ"

"ဒက်ဒီငွေတွေကို မောင်ကြိုက်သလောက် သုံးစွဲနိုင်တာပဲ ရန့်"

"ကျွန်မ ယောကျ်ားတစ်ယောက်ရဲ့ ထောက်ပံ့မှုတွေကို လက်ခံရမှာ ကြောက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင်နဲ့ကျွန်မ လက်မထပ်ရသေးဘူးလေ၊ ပတ်ဝန်းကျင်က ဘာပြောမလဲ၊ အလုပ် ရှိနေတော့ ကျွန်မအတွက် ဂုဏ်သိက္ခာ ရှိတာပေါ့နော်"

"မလုပ်ရဘူးကွာ၊ ရန့် ဘာမှမလုပ်နဲ့၊ မောင့်အထောက်အပံ့ ကို ရန့် ယူတာ ဘာမှ စိတ်မလုံစရာ မရှိဘူး၊ မောင်နဲ့ ရန့်က လက်ထပ်ကြတော့မဲ့ ချစ်သူတွေပဲ"

မောင့်စကားတွေက လေးနက်ခိုင်းမာသော အရိပ်လက္ခဏာတွေနှင့် အင်းအားတွေ ပြည့်ဝနေသည်။

ကျွန်မကတော့ အလုပ်မထွက်ချင်။

"မောင့်ဒက်ဒီနဲ့ အခုတည်းက အဝေးဆုံးနေတာ ကောင်း တယ်၊ ရန့် အလုပ်လုပ်စရာ မလိုပါဘူး"

"လိုတယ် မောင်"

"ဘာဖြစ်လို့လဲ"

"ကျွန်မ ဝင်ငွေတစ်ခုခုတော့ ရှိမှဖြစ်မှာပေါ့ မောင်"

"မောင့်ကို အားမကိုးတာလား ရန့်"

မောင့် အကြည့်တွေက ကျွန်မထံ စူးစိုက်စွာ ကြည့်နေသည်။

"ကျွန်မက မောင့်ကို အားမကိုးတာ မဟုတ်ဘူးမောင်၊ ဘာပဲဖြစ်ဖြစ် မောင်တစ်ထမ်း မယ်တစ်ရွက် လုပ်တာမျိုးပါ၊ ဖြစ်နိုင်ရင် မောင့်ကို ပင်ပန်းခက်ခဲတဲ့ အလုပ်တွေ မလုပ်စေချင်ပါဘူး"

"မောင်က ယောကျ်ားပဲ"

"မောင်က တစ်သက်လုံး နုနုနယ်နယ် နေလာခဲ့တာပဲဟာ၊ အလုပ်ကြမ်းမှ မလုပ်နိုင်တာ"

"မောင် လုပ်နိုင်ပါတယ်၊ ရန့် ဘာမှ အားမငယ်နဲ့နော်"

ဒက်ဒီ အနားမှာ ရန့်ကို မနေစေချင်တာတဲ့ ...

ဘာကြောင့်လဲ ...

ကျွန်မ ဘာမှ ဆက်မမေးတော့ ...

"မောင်"

"ပြော"

"နေနီက ကျွန်မအကြောင်းတွေ အဆောင်မှာ လာမေးတယ်၊ မောင်နဲ့ ဘာမှမပတ်သက်တာ အမှန်ပဲလားဟင်"

"မပတ်သက်ပါဘူးကွာ၊ ရန့် အဆောင်ကို ဘာဖြစ်လို့ လာမေးရတာလဲ၊ မောင်က လူကြီးချင်းတွေ ခင်မင်လို့ ဆက်ဆံနေရတာ"





မောင့်မှာ တခြားချစ်သူတွေ ရှိနေသေးလားဟု ကျွန်မ မေးရမှာ ဝန်လေးနေသည်။

ကျွန်မနှင့်ပတ်သက်ပြီး မောင့်စိတ်တွေကို အနှောင့်အယှက် မပေးလို ...

"ဒီနေ့ကစပြီး ရန့် အလုပ်ကထွက်တော့၊ တခြားအလုပ်လည်း ရှာစရာ မလိုဘူးနော်"

"ကျွန်မ အလုပ်ကနေ မထွက်ပါရစေနဲ့မောင်"

"ထွက်ကွာ"

"ကျွန်မ သင်ထားတဲ့ ပညာတွေ နှမြောစရာကောင်းနေမှာပေါ့"

"နောက်ဆို မောင့် ဝေယျာဝစ္စတွေ ရန့် လုပ်ပေးရတော့မယ်၊ မောင့်အတွက် သားသားမီးမီးလေးတွေ မွေးပေးရတော့မယ်"

"ဟာ ... မောင်ကလည်း ... "

ကျွန်မ ရှက်ရွံ့စွာဖြင့် မောင့်ကို လက်သီးဆုပ်လေးများဖြင့် ထုရိုက်မိသည်။

"မရှက်နဲ့၊ မောင် အကောင်းပြောတာ၊ မင်း ဘာမှလုပ်စရာ မလိုတော့ဘူး"

မောင်က ကျွန်မ အလုပ်လုပ်မယ် ဆိုတာ လက်မခံပေ။

အလုပ်ကနေ ထွက်စေသည်။

"မောင်သွားတော့မယ်၊ နောက်နေ့ ရန့်အလုပ်မဆင်းနဲ့တော့နော်၊ မြလေးကတစ်ဆင့် ထွက်စာတင်လိုက်"

"မောင်"

"ဆင်ခြေမပေးစမ်းနဲ့ ရန့်"

မောင်သည် ကျွန်မ အခန်းတွင် ညဉ့်နက်တဲ့အထိမနေတတ်ပေ။

ကျွန်မ ဂုဏ်သိက္ခာအတွက် စောင့်စည်းစွာနေထိုင်သည်။

စကားပြောပြီး ပြန်တတ်၏။

အချိန်ကြာကြာ တွေ့ချင်လျှင် နေ့ခင်းဘက်တွေ အပြင်မှာတွေ့ကြသည်။

"မနက်ဖြန် ရန့်နဲ့မောင် ဈေးဝယ်ထွက်မယ်၊ တစ်လစာလိုအပ်တာတွေ ဖြည့်ရအောင်"

"ပစ္စည်းတွေ ရှိပါသေးတယ် မောင်ရဲ့"

"ရန့် အပြင်ထွက်ရအောင်ပါ၊ ဈေးဝယ်မယ်"

မောင်သည် ကျွန်မအတွက် လိုလေသေးမရှိ ဖြည့်ပေးတတ်သည်။

စားစရာ သောက်စရာတွေကအစ မကြာခဏ ဝယ်ပေးတတ်သည်။

ကျွန်မ အားနာလှပါပြီ။

ဒေါ်လေးထံ ငွေပို့ဖို့ပင် ကျွန်မအား မှာနေသေးသည်။

ကျွန်မ လက်မခံချင်တော့ ...

မောင့်ဒက်ဒီက ဘာပြောမလဲ ...

ငွေတွေလည်း ပေးတတ်သည်။





"ရန့် စုဆောင်းထားနော်၊ မောင်တို့ လက်ထပ်ရင် အခက်အခဲ မရှိအောင်"

မောင် ပေးထားသမျှ ကျွန်မ အမြဲတမ်း စုဆောင်းထားခဲ့သည်။

ဒါပေမဲ့ ...

စိတ်တွေထဲမှာ မလုံမလဲတော့ ဖြစ်နေသည်။

ယောကျ်ားလေး တစ်ယောက်ရဲ့ ထောက်ပံ့မှုကို ကျွန်မလက်ခံနေမိတာ ပတ်ဝန်းကျင်က ပြောစရာ ဖြစ်နေမှာပဲ။

နောက်နေ့ ...

ကျွန်မ အလုပ်မဆင်းတော့ ...

မြလေးနှင့်အတူ မောင့်ဒက်ဒီ ကိုယ်တိုင် လိုက်လာခဲ့သည်။

ကျွန်မရဲ့ နေထိုင်မှုက ခမ်းနားနေ၍ မောင့်ဒက်ဒီက အံ့သြနေတော့၏။

"ဆရာက သင်းရန့်ကို ဆင်းရဲနွမ်းပါးမယ် ထင်နေတာ"

ကျွန်မ တစ်ကိုယ်လုံး ထူပူ နွေးထွေးသွားပြီး သိမ်ငယ်မှုတွေခံစားနေရသည်။

ဆရာ့မျက်နှာအား မကြည့်ရဲတော့ ...

ဒီအဆောင်အယောင်တွေကို ဆရာ့သား ရတုဖြည့်စွမ်းပေးခြင်းသာ ...

တကယ်တော့ ...

ဆရာ့ငွေတွေပါပဲ။

"ရန့်"

"ရှင်"

"ဘာလို့ အလုပ်မဆင်းတာလဲ"

"ကျွန်မ ဆရာပေးတဲ့တာဝန်ကို မထမ်းဆောင်နိုင်လို့ပါ"

ကျွန်မ ကြောက်ရွံ့တုန်လှုပ်နေတဲ့ စိတ်တွေကို အတော်လေး ထိန်းချုပ်ထားရပြီး ဆရာ့အား ရှင်းပြနေမိသည်။

ခြေဖျားလက်ဖျားတွေပင် အေးစက်ချင်လာမိသည်။

"မင်းအတွက် လခနဲ့ အခွင့်အရေးတွေ တိုးမှာပဲဟာ၊ အင်းလေး မင်းက ပြည့်စုံနေတဲ့ မိန်းကလေးဆိုတော့ ..."

ကျွန်မ ဆရာ ဆက်ပြောမဲ့ စကားတွေကို မကြားရဲအောင်ဖြစ်မိသည်။

"ဒီမှာ မင်းဘယ်သူနဲ့ နေတာလဲ ရန့်၊ တစ်ယောက်တည်းနေတာလား"

မအိက မီးဖိုခန်းထဲ ရောက်နေ၍ တော်ပါသေးသည်။

အခြေအနေကို ရိပ်မိသော မအိကလည်း အပြင်မထွက်ပေ။

ဆရာ့အတွက် ကော်ဖီနှင့်မုန့်ကို မြလေးက စီစဥ်ပေးသည်။

တော်ပါသေးရဲ့ ...

ကျွန်မသာဆို ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် သိမှာ မဟုတ်။

"ရန့်"

"ရှင်"

"ဒီမှာ မင်းတစ်ယောက်တည်းနေတာလား"





"မဟုတ်ပါဘူး၊ အဒေါ်နဲ့နေတာပါ၊ ကျွန်မမှာ မိဘတွေ မရှိတော့ဘူးလေ၊ အဒေါ်ကပဲ စောင့်ရှောက်ထားတာပါ"

ကျွန်မ အဒေါ်နှင့်နေတာဟု ကြိုးစားပြီး လိမ်ညာသည်။

ရင်တွေ တုန်နေပြီ။

"မင်း တကယ်ပဲ အလုပ်ကနေ ထွက်တော့မှာလား"

"ဟုတ်ကဲ့"

"စဥ်းစားပါဦး၊ ဆရာကတော့ ဖုံးကွယ်နေတဲ့ မင်းအရည်အချင်းတွေကို မြှင့်တင်ဖော်ထုတ်ပေးချင်တာပါ"

အမှန်အတိုင်း ပြောရလျှင် လစာတိုးမြှင့်လာမည့် အလုပ်ကို ကျွန်မ လက်ခံချင်မိသည်။

မောင်က သဘောမကျ ...

ဖြစ်ပေါ်လာမည့် ပြဿနာအရပ်ရပ်ကို ကြိုတင်တားဆီးရန် ထိုအလုပ်တာဝန်ကို လက်မခံရန် မောင် တားဆီးခြင်းဖြစ်နိုင်သည်။

"ရန့်"

"ရှင်"

"အလုပ်က မထွက်ပါနဲ့"

ဆရာက ကျွန်မအား အခွင့်အရေးတွေပေးပြီး အလုပ်ကနေ မထွက်ရန် အတင်းအကျပ် ပြောနေတော့သည်။

ကျွန်မ ငြင်းဆန်နေမိ၏။

"မဖြစ်တော့ပါဘူး ဆရာ၊ ကျွန်မ အိမ်ထောင်ပြုတော့မှာမို့ပါ"

"ဟာ ... မင်းအိမ်ထောင်ပြုတော့မှာလား ရှန်း ဘယ်သူနဲ့လဲ၊ မင်းမှာ ချစ်သူရှိနေလိမ့်မယ်လို့ မထင်ဘူး"

"ကျွန်မ အမျိုးသားက နိုင်ငံခြားမှာ အလုပ်လုပ်နေတာပါ ဆရာ၊ မကြာခင် ပြန်ရောက်တော့မယ်လေ"

"ဒါကြောင့်လား"

"ဟုတ်ကဲ့"

"အင်းလေ ... မင်း ကိုယ်ရေးကိုယ်တာ ကိစ္စရှိရင်တော့ ဆရာ ဘာမှ မပြောလိုတော့ပါဘူး၊ မင်း အလုပ်ထွက်တာတော့ စိတ်မကောင်းဘူး သင်းရှန်း ဆရာ့အတွက် ဆုံးရှုံးမှု တစ်ရပ်ပဲ"

ဆရာ ကော်ဖီကို မော့သောက်ပြီး ကျွန်မအား နှုတ်ဆက်ပြီး ပြန်သွားသည်။

ကျွန်မ သက်ပြင်းမောကြီးကို ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်၏။

ဆိုဖာနောက်မှီအား ခြေပစ်လက်ပစ် မှီချပစ်လိုက်တော့သည်။

✥



အခန်း ( ၁၀ )

"ရှင်တော့ ဒုက္ခပဲ ရှန်း ဒီလို အနေအထိုင်မျိုးနဲ့ ရှင်နေထိုင်ရတာ သူ့သားကြောင့်ဆိုတာ ဆရာသိရင်တော့ တကယ့်ကို မလွယ်တာပဲ"

နဂိုကတည်းက ကျွန်မ ဆင်းရဲနွမ်းပါးကြောင်း ဆရာသိထားသည်။

ကျွန်မ ဘာမှမပြောနိုင်။

စိတ်မောလူမော ဖြစ်နေသည်။

ဆရာသည် အဆင့်အတန်း ခွဲခြားတတ်သူဖြစ်ကြောင်း မအိက ပြောပြ၏။

"ဆရာက ရှင့်ကို ရာထူးတိုးပေးတာ အကြောင်းရှိမယ်၊ ရှင် အလုပ်ထွက်လိုက်တာပဲ ကောင်းပါတယ်လေ"

မြလေးကလည်း ကျွန်မ အစား ရင်မောသည်ဟု ပြောနေသည်။

ကျွန်မ မျက်နှာပူလိုက်တာ ...

ဆရာ့ ငွေကြေးတွေနှင့် ကျွန်မ အဆင့်အတန်းမြင့်စွာ နေထိုင်ခဲ့ရသည် မဟုတ်လား။

"မြလေး"

"ပြော"

"ကျွန်မနဲ့ နေနီနီ ဘယ်သူပိုချောလဲဟင်"

အရှုံးထပြီး ကောက်ခါငင်ခါနှင့် ကျွန်မ မေးမိသည်။

"ရှင်က ပိုပြီးဆွဲဆောင်မှု ရှိပါတယ်၊ နေနီနီကတော့ ငွေကြေးချမ်းသာတဲ့ ဂုဏ်ရှိတာပါ"

"မောင့်ကို ကျွန်မ ဆွဲဆောင်နိုင်စွမ်း ရှိပါ့မလား"

"ရှိပါတယ်၊ ရှင် ဆွဲဆောင်နိုင်စွမ်း ရှိလို့လည်း ရတုက ဒီအခြေအနေမျိုးအထိ ထားပေးတာပဲ မဟုတ်လား"

ကျွန်မ စိတ်အားတွေ ငယ်မိတာတော့ အမှန်ပဲဖြစ်သည်။

"ကျွန်မကို မောင်ချစ်တာတော့ အကြွင်းမဲ့ ယုံကြည်တယ် မြလေးရယ်"

"မင်း ကံကောင်းပါစေ"

ကျွန်မ ဦးမောင်မောင်ဖေ လက်အောက်မှာလည်း လုပ်ချင်တဲ့ ဆန္ဒ မရှိတော့။

အလုပ်ထွက်လိုက်တာပဲ ကောင်းပါသည်ဟု တွေးမိလိုက်သည်။

"မောင်က ကျွန်မကို တကယ်ပဲ ညှာတာတယ်၊ စောင့်ထိန်း





တယ်၊ ကျွန်မ နှလုံးသားတွေ နာကျင်သွားအောင် ဘာမှမလုပ်ဘူး"

မောင် ယောကျ်ားကောင်း ပီသကြောင်း မြလေးကို သက်သေ အထောက်အထားတွေနှင့် ပြောပြနေမိသည်။

မြလေး စိတ်ထဲမှာ မောင့် အထင်သေးမှာပဲ ကြောက်နေမိ၏။

"ရတုဟာ ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ ငါ လက်ခံပါတယ်၊ နင် ကံကောင်းမှာပါ"

မြလေး ကျွန်မအား နှစ်သိမ့်နေကြောင်း ကျွန်မ သိသည်။

ကျွန်မအတွက် စိတ်ပူပင်သောက ရောက်နေကြောင်း မြလေး မျက်နှာတွေပေါ်မှာ သိသာထင်ရှားနေ၏။

"မြလေး ပြန်မယ်"

မောင် ဈေးသွားရန် ကျွန်မအား လာခေါ်တော့မည်ဖြစ်သည်။

"နင် စားစရာတွေ ယူသွားဦးလေ မြလေး"

"တော်ပါပြီ၊ နင်ပေးထားတာတွေ အများကြီးပဲ ရှိသေးတယ်"

"စားစရာတွေ မယူရင်တောင်မှ ဝမ်းဆက်စ တစ်စလောက် ယူသွားလေ မြလေး"

မောင် ဝယ်ပေးထားတာတွေက ကျွန်မထံတွင် ပုံနေသည်။

မြလေးက လက်မခံ။

"နင့်အတွက် ဝယ်ပေးထားတာတွေပဲ နင်ဝတ်လေ"

"များနေလို့"

"နင်ပဲဝတ်ပါ"

"မြလေး"

"ပြော"

"ငါ့ကို သိပ်ပြီး သူစိမ်းဆန်ဆန် မဆက်ဆံပါနဲ့ဟယ်၊ နင်နဲ့ ကျွန်မက ကောင်းတူဆိုးဖက်၊ ငတ်ဖော်ငတ်ဖက်တွေပဲ၊ ကျွန်မ အဆင်မပြေခင်က ရှင့်အဝတ်အစားတွေပဲ ဝတ်ခဲ့ရတာ မဟုတ်လား"

"အဲဒါက ကျုပ်ကိုယ်တိုင် ပစ္စည်းတွေလေ၊ အခုဟာက ရှင့်အဆက်က ဝယ်ပေးတာပဲ၊ ရှင်ပဲဝတ်ပါ၊ ကျုပ်က ရှင့်ထက် ပိုပြီး အဆင်ပြေပါတယ်"

မြလေး မိဘတွေက ငွေကြေးအသင့်အတင့် ရှိကြသည်။

ကျွန်မလောက် မဆင်းရဲပေ။

"ရှင် အဆင်ပြေရင်တော့ ရှင့်အဒေါ်ကိုပဲ ထောက်ပံ့ပါ ရှင့်၊ အသက်ကြီးပြီ ကျုပ်က အကြောင်းမဟုတ်ပါဘူး၊ စားစရာတွေရတာပဲ အတော်လေး အဆင်ပြေနေပါပြီ"

မြလေးက ကျွန်မကို နှစ်သိမ့်အားပေးပြီး ပြန်သွားသည်။

မောင်က ကျွန်မအား အလှအပတွေ ပြင်ဆင်ပြီး အသင့်စောင့်နေရန် မှာထား၏။

ဖြစ်နိုင်ရင် ...





မောင့်ထံမှ ထောက်ပံ့ကြေးတွေကို ကျွန်မ ဘယ်နည်းနှင့်မှ လက်မခံလိုတော့ပေ။

စိတ်တွေ မလုံ ...

ကျွန်မ အလုပ်တစ်ခု ရှာရမယ် ...

ဝင်ငွေရှိတဲ့ အလုပ်တစ်ခုခု ရှိမှဖြစ်တော့မယ် ...

မောင်က လက်ခံမှာ မဟုတ်။

ကျွန်မ ငြင်းဆန်လျှင် မောင် စိတ်ခုသွားမှာလည်း စိုးမိသည်။

"မမ ..."

"ဟင် ... မအိ"

"ဘာတွေ စဉ်းစားနေတာလဲ၊ ရေချိုးတော့လေ"

"မအိ"

"ရှင်"

"မမ ဘာလုပ်သင့်လဲ"

"ဟင်"

မအိက ဘာမှ နားမလည်ဟန်ဖြင့် ကျွန်မအား မော့ကြည့်နေသည်။

ကျွန်မ ကြောက်တယ် ...

ကလေးသာသာ ရှိသေးတဲ့ မအိက ဘာသိမှာမို့လို့လဲ ...

"မမ ရေချိုးလေ"

"အင်း"

"မမ"

"ဟင်"

"ကံကောင်းတယ်နော်၊ ဘဘကြီး ရောက်လာတုန်း ကျွန်မ အပြင်မှာ မရှိလို့"

"ညည်းလေး အလိုက်သိလို့ တော်သေးတာပေါ့"

ကျွန်မ ...

ရေချိုးခန်းထဲ ဝင်လာခဲ့မိသည်။

စိတ်မပါ။

မောင့်ဒက်ဒီ ရောက်လာတာပဲ စိတ်ထဲမှာ မလုံမလဲဖြစ်နေမိသည်။

မျက်နှာ ပူနေမိ၏။

ရေချိုးပြီး အလှပြင်သည်။

ကျွန်မ ဘယ်တော့မှ အလွန်အမင်း အလှမပြင်တတ်ပေ။

မောင်က ရိုးသားဖြူစင်မှုကိုပဲ သဘောကျတာတဲ့။

"မမက အရမ်းချောတာပဲ၊ မမနေနီ ချောတာ ပူပူလောင်လောင်ကြီး"

မအိက ပြောသည်။

ကျွန်မ ပြုံးနေမိ၏။

မောင့်ကို ကျွန်မရဲ့ ရိုးသားဖြူစင်မှုတွေနှင့်ပဲ ဆွဲဆောင်ရမည်ဖြစ်သည်။

"တီ ... တီ"





"တီ"

မောင် လာပြီ။

မအိက တံခါးဖွင့်ပေးသည်။

"ရန့် သိပ်လှတာပဲ၊ တွေ့လိုက်တာနဲ့ မောင့်ရင်ထဲမှာ အေးချမ်းသွားတာပဲကွာ"

မောင်က တွေ့တွေ့ချင်း နှုတ်ဆက်စကားတွေ ပြောသည်။

"မြှောက်နေပြန်ပါပြီ"

"တကယ်ပြောတာ၊ ရန့်က သိပ်အေးချမ်းတယ်၊ မျက်နှာလေးက အမြဲဖြူစင်ဝင်းပနေတာပဲ"

"မောင်"

"ပြော"

"ကျွန်မ အလုပ်မဆင်းလို့ မောင့်ဒက်ဒီ လာတယ်လေ"

"ဟုတ်လား"

"ကျွန်မကို အလုပ်အတင်းဆင်းခိုင်းတယ်၊ ကျွန်မက လက်ထပ်တော့မှာလို့၊ ကျွန်မ အမျိုးသားက နိုင်ငံခြားသင်္ဘောလိုက်နေတာလို့ ပြောလိုက်တယ်"

"ကောင်းတာပဲ"

"မောင်"

"ဟင်"

"မောင့်ဒက်ဒီက ကျွန်မကို ဒီလို အဆောင်အယောင်တွေနဲ့ နေတာမြင်တော့ အရမ်းအံ့သြနေတယ်"

"ရန့်"

"ရှင်"

"ဘာကိုမှ ဂရုမစိုက်စမ်းပါနဲ့၊ မောင့်ဒက်ဒီ ရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေ မောင် သုံးချင်သလောက်သုံး၊ ဒက်ဒီ ဘာမှမပြောဘူး"

"ကျွန်မ မျက်နှာပူလိုက်တာ မောင်ရယ်"

ကျွန်မ ကြောက်ရွံ့တုန်လှုပ်စွာ ရင်မဆိုင်ရဲကြောင်းပြောတော့ မောင်က ပြုံးနေသည်။

"သွားစို့"

"ဟုတ်"

မောင်က ကျွန်မလက်လေးကို ဆွဲပြီးထွက်လာခဲ့ကြသည်။

အေးစက်နေတဲ့ ကျွန်မလက်လေးတွေကို ဆုပ်ကိုင်ပြီး ရန့် ကြောက်နေလားတဲ့ ...

"ခုထိ ဘာကြောက်ရွံ့တုန်လှုပ်နေတာလဲကွာ၊ မောင့်ကို မယုံလို့လား ရန့်"

"မဟုတ်ပါဘူး မောင်၊ ကျွန်မ သတ္တိမရှိတာပါ၊ စိတ်ထဲမှာ မလုံမလဲ ဖြစ်နေတယ်၊ ကျွန်မကို လိုအပ်တာထက်ပိုပြီး မောင် မထောက်ပံ့သင့်ဘူး"

"မင်းဟာ အလွန်အမင်း ရိုးသားလွန်းတဲ့ မိန်းကလေးပဲ ရန့်ရယ်"

မောင့်လက်တွေက ကျွန်မ လက်ချောင်းလေးတွေကို





တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်ထားသည်။

"မောင်ရသင့်ရထိုက်တဲ့ အခွင့်အရေးပါ ရန့်ရယ်၊ ဒက်ဒီက သူ့ သဘောကျတဲ့ ကောင်မလေးတွေဆိုရင် မောင့်ထက်တောင် ကျသေးတယ်"

"ဟင်"

မောင့်ဒက်ဒီရဲ့ နာမည်ဂုဏ်သတင်းတွေကို ကျွန်မကြားပြီးသားဖြစ်သည်။

"အသေးအမွှား ကိစ္စလေးတွေကို တွေးပြီး ပူမနေပါနဲ့၊ မောင့်ချစ်သူ လှပဖို့ အေးချမ်းဖို့ စိတ်ဆန္ဒတွေ ပြည့်ဝနေဖို့ပဲ အရေးကြီးတာ"

ကျွန်မသည် မောင် စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာမှ မပြောတော့ပေ။

ဈေးဝယ်ကြသည်။

ကျွန်မအတွက် လိုအပ်မဲ့ အသုံးအဆောင်ပစ္စည်းတွေ ဝယ်၏။

လက်ဝတ်ရတနာဆိုင်တွေပင် ဝင်ပြီး လက်ဝတ်ရတနာတွေ ဝယ်ပေးသည်။

"မောင် ... အဲဒါတွေ ကျွန်မ လုံးဝ မလိုချင်ဘူး"

ကျွန်မ ငြင်းဆန်မိသည်။

"ရန့်နော် ... လူတောထဲမှာ မောင့်ကို အရှက်မခွဲနဲ့ ဘာဖြစ်လို့ တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေရတာလဲ လာစမ်းပါ"

မောင်က ကျွန်မလက်ကို ဆုပ်ကိုင်ပြီး ဆိုင်ထဲ အဝင်းဝင်သည်။

ကျွန်မ သေချင်တာပဲ။

ရှက်လိုက်တာ ...

မောင် ဘာတွေလုပ်နေတာလဲ။

အဲဒီလောက်အထိ မောင် ပေးကမ်းထောက်ပံ့နေဖို့မသင့်ဟု ထင်သည်။

"ရန်"

"ဟင်"

"မောင့်ချစ်သူကို လှစေချင်လို့ပါ"

"ကျွန်မ"

"ဘာမှ မကြောက်ပါနဲ့ ရန့်ရယ်၊ မောင် ချစ်လို့ပါ၊ အမှတ်တရ ပါကွာ"

မောင်က လက်ဝတ်ရတနာတွေကို ဇွတ်အတင်းပင်ဝတ်ပေး သည်။

ကျွန်မကတော့ မပျော်နိုင်။

ရင်ထဲမှာ ...

လေးလံနေမိသည်။

မောင့်အထောက်အပံ့တွေကို ကျွန်မတကယ်လက်မခံချင်၊ ကျွန်မကို ပစ္စည်းဥစ္စာတွေနှင့် နှစ်သိမ့်မှုပေးနေတာလား ပူလောင်သွားသည်။





မောင်တို့ သားအဖ နာမည်ကြီးတွေ မဟုတ်လား။

ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက် ဝယ်၍မဆုံးအောင် ဖြစ်နေ သည်။

"ရန့်"

"ရှင်"

"မင်း လက်လေးတွေ ခုထိ အေးစက်နေတုန်းပါပဲလား"

"ကြောက်တယ်"

"ဘာကိုလဲ"

"မောင်ထားခဲ့မှာ"

"ဘာဖြစ်လို့ ကြောင့်ကြနေရတာလဲ၊ ခုထိ ရန့်ဆီက မောင် ဘာအခွင့်အရေးမှ မယူသေးဘူး၊ မင်းရဲ့ အပျိုစင်ဘဝလေးကို မောင် ချက်ဆီးပစ်ခဲ့သေးလို့လား၊ မောင် တန်ဖိုးထားတာပါ၊ မောင် လက်ထပ်ယူမဲ့ မိန်းကလေး ဖြစ်နေလို့လေ"

လက်ဆောင်ပစ္စည်းတွေပေးပြီး တခြားကောင်မလေးတွေ ကဲ့သို့ အပျော်ကြံသွားမှာပဲ ကျွန်မ စိတ်ပူနေမိသည်။

မောင် ပြောသလိုပါပဲ။

ကျွန်မ ပါးပြင်လေးကို အမြတ်တနိုး နမ်းတာကလွဲပြီး မောင် ဘာအခွင့်အရေးမှ ပိုကဲပြီး မတောင်ဆိုခဲ့ပေ။

"ရန့် ... မောင်တို့ တစ်ခုခုစားမယ်၊ ပြီးတော့ ပြန်မယ်နော်၊ မောင့်နောက်သာ ရန့် လျှောက်လိုက်နေရရင် ခြေဖျားလက်ဖျား တွေ အေးစက်တောင့်တင်းပြီး သေမှာပဲ"

မောင်နှင့်ကျွန်မ စားသောက်ဆိုင်ထဲသို့ ဝင်လာကြသည်။

လွတ်နေတဲ့ စားပွဲမှာ ဝင်ထိုင်ပြီးမှ အကြည့်တွေက တခြားစားပွဲတစ်ခုဆီသို့ အမှတ်မထင် ရောက်သွားရတော့၏။

"ဟင်"

နေနီနီ ...

သူငယ်ချင်းတစ်ယောက်နှင့် စားပွဲမှာထိုင်ပြီး စားသောက်နေသည်။

ကျွန်မတို့ကို တွေ့သွား၏။

ဆတ်ခနဲထပြီး ကျွန်မတို့ စားပွဲဆီ ထလာသည်။

"ရတု"

"သြော် ... နေနီ၊ ထိုင်လေ"

မောင်က အနည်းငယ် တွန့်ဆုတ်နေတဲ့ လေသံတွေနှင့် နှုတ်ဆက်သည်။

"သူက ... "

"ကိုယ့်ချစ်သူလေ ... သင်းရနံ့တဲ့၊ ကိုယ် လက်ထပ်မဲ့ မိန်းကလေးပဲ"

"အဆောင်မှာနေတယ်ဆိုတဲ့ သင်းရနံ့လား"

ကျွန်မ ...

ခေါင်းညိတ်ပြမိသည်။

နေနီနီ နှုတ်ခမ်းတွေကို တွန့်မဲ့စွာ ပြုံးပစ်လိုက်၏။





"အဆောင်မှာ နေတုန်းက မင်းအရမ်းချို့တဲ့တယ်လို့ သတင်းကြားတယ်၊ အခုတော့လည်း မင်းက သူဌေးကတော် ောင် အရှုံးပေးရမှာပါလား"

"နေနီ"

"ရတု ဘာတွေလုပ်နေတာလဲ၊ အန်ကယ်က ပြောတော့ ရတု ဘယ်မိန်းကလေးကိုမှ အတည်ချစ်တာ မဟုတ်ဘူးဆို"

"ကိုယ် ရနံ့ကိုတော့ တကယ်ချစ်တယ်၊ လက်ထပ်ဖို့အထိ ြေးစားထားတယ် နေနီ"

"ဟင်"

နေနီနီ့ အမူအရာတွေ လုံးဝမကျေနပ်ဟန် ပြနေသည်။

မျက်ဝန်းတွေက ဒေါသတွေနှင့် တင်းမာခက်ထန်နေ၏။

မောင့်အပေါ် နေနီနီ့ ဆက်ဆံမှုတွေက မရိုးသားနိုင်ပေ။

မအိပြောသလို လူကြီးတွေ သဘောတူထားတဲ့ မိန်းကလေး ဲ ဖြစ်နိုင်သည်။

"ရတု"

"ဟင်"

"ညနေ နေနီလာမယ်၊ ပြောစရာတွေ ရှိသေးတယ်၊ ရှင် စောင့်နေပါ"

နေနီနီ ထပြီးထွက်သွားသည်။

စားသောက်ဆိုင်ထဲမှ ထွက်သွား၍ ကျွန်မ အသက်ရှူ ချောင်သွားသည်။

နေနီနီသည် မောင့်အပေါ် အတော်လေး ဩဇာညောင်းပုံပင်။

"ရှန့်"

"ဟင်"

"စားလေ"

"မောင်"

"ပြော"

"နေနီနီက ... "

"ရှန့် ... ဘာကြောက်နေပြန်ပြီလဲ၊ မောင့်တာဝန်ထားပါ။ နေနီနီက ဒက်ဒီ့သူငယ်ချင်းသမီးဆိုတော့ မောင် အေးအေးဆေးဆေး ဆက်ဆံတာပါ"

ဒါပေမယ့် ...

မောင်သည် အစားအသောက်တွင်ပင် ကုန်အောင်မစားတော့ဘဲ ပြန်သည်။

ညနေ ...

နေနီနီနဲ့ တွေ့ဖို့ရှိတယ် မဟုတ်လား။

ဘယ်တော့မှ စောစီးစွာ ပြန်လေ့မရှိသော မောင်သည် ကျွန်မကို ထားခဲ့ပြီး အိမ်ပြန်သွားတော့သည်။



အခန်း ( ၁၁ )

"သင်းရှန့်"

နေနီနီသည် နောက်နေ့မနက်တွင် ကျွန်မထံ လာရောက်တွေ့ဆုံခဲ့သည်။

အခန်းလေးကို ကြည့်ပြီး နှုတ်ခမ်းသားတွေကို တွန့်မဲ့ပြီးပြုံး၏။

ကျွန်မအား မောင့်ထံမှ ချူယူနိုင်သားပဲဟူသော အထင်သေးတဲ့ မျက်ဝန်းတွေနှင့်ကြည့်နေသည်။

"ရတုက ညည်းအပေါ်တော့ အတော်လေး ကျသားပဲ"

"ရှင်"

"တခြားကောင်မလေးတွေဆို ရတုကိုပဲ လက်ဆောင်ပစ္စာတွေ ဆက်သကြရတာပဲ သင်းရှန့်၊ ညည်းနဲ့ကျမှ ပစ်ကျသွားတာပညာကုန်သုံးလိုက်တယ် ထင်တယ်"

"ကျွန်မ"

"သင်းရနံ့"

"ရှင်"

"ညည်းကို ပြောစရာရှိလို့ လာတာ"

"ပြောပါ နေနီ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျုပ်နဲ့ ရတုလက်ထပ်တော့မယ်"

"ဟင်"

"မကြာခင် လူကြီးချင်း စေ့စပ်တော့မယ်"

ကျွန်မ ကိုယ်လေး ဆတ်ခနဲယိုင်ခွေကျသွားတော့မတတ် ဖြစ်သွားမိ၏။

အင်အားတွေ ချိနဲ့သွားသလို ခံစားလိုက်ရသည်။

မောင် ...

နေနီနဲ့ စေ့စပ်တော့မယ် ...

ဘုရားရေ ...

ကျွန်မ ဘာဆက်လုပ်ရမလဲ ...

အလုပ်လည်း မရှိတော့ ...

ပတ်ဝန်းကျင်ကို ကျွန်မ ဘယ်လိုလုပ်ပြီး ဆက်ဆံတော့မလဲ။

မျက်နှာမပြရဲအောင်ပင် ဖြစ်ရတော့မည်။

"သင်းရနံ့"





"ရှင်"

"ညည်းလည်း ဒီလောက် ပစ္စည်းဥစ္စာတွေ တစ်နင့်တစ်ပိုး ရပြီးပြီပဲ၊ ရတုကို မနှောက်ယှက်ပါနဲ့တော့၊ ငါတောင်းပန်ပါတယ်၊ ရတု ဘဝနိမ့်ကျသွားတာမျိုး ညည်းမြင်ချင်လား သင်းရနံ့"

မောင့်ကို ကျွန်မ ချစ်မြတ်နိုးတာ မောင့်ပစ္စည်းတွေနှင့်မဆိုင်ပေ။

ပစ္စည်းတွေ ပြန်ယူသွားပါ၊ မောင့်ကိုပဲ ကျွန်မ လိုအပ်ပါတယ်။

"ရတု ဒက်ဒီကလည်း ညည်းနဲ့ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူး၊ ရတုနဲ့ညည်း လက်ထပ်တာနဲ့ အမွေဖြတ်မှာပဲ၊ ဆင်းရဲ ပင်ပန်းဒုက္ခတွေကို ရတု ခံစားနိုင်မလား"

နေနီနီရဲ့ စကားတွေကို ကျွန်မ နားထောင်နိုင်စွမ်း မရှိတော့။

ဆိုဖာဆက်တီရဲ့ နောက်မှီအား နှမ်းလျစွာမှီရင်း နေနီအား ငေးကြည့်နေမိသည်။

မောင် ...

ကျွန်မဆီကို မလာတော့ဘူးလား ...

နေနီကိုလွှတ်ပြီး မောင် မဖြေရှင်းချင်တဲ့အကြောင်းအရာတွေ ကျွန်မနဲ့ ဖြေရှင်းခိုင်းလိုက်တာလား ...

"နေနီ"

"ပြော"

"မောင်နဲ့ တွေ့ပါရစေ"

"သူ့အဖေ နေမကောင်းဘူး"

"ဟင်"

"ရုန့်"

"ရှင်"

"ညည်းဘက်ကပဲ စတင်ပြီး နောက်ဆုတ်ပေးပါ"

"ကျွန်မဘက်က"

"ဟုတ်တယ်လေ၊ အမှန်အတိုင်း ပြောရရင်တော့ ရတုက ညည်းမာယာတွေကြားထဲမှာ နစ်မွန်းတော့မဲ့ ယောကျ်ားတစ်ယောက်ပဲ"

နေနီနီသည် ကျွန်မအား ရစရာမရှိအောင် ပုတ်ခတ်ပြောဆိုနေသည်။

ကျွန်မ ရိုးသားစွာ မောင့်ကို ချစ်ခဲ့ခြင်းသာ ဖြစ်ပါကြောင်း ရှင်းပြလည်း နေနီနီက လက်ခံမှာ မဟုတ်ပေ။

ပြောချင်တာ ပြောပါစေ။

"ညည်းနဲ့ သူ့သား ချစ်သူတွေ ဖြစ်နေကြတာ အန်ကယ်သိရင် ဘယ်လောက်စိတ်ထိခိုက် ကြေကွဲသွားမလဲ၊ ဒေါသတွေလည်း အရမ်းဖြစ်မှာ၊ အန်ကယ့်မှာ နှလုံးရောဂါရှိနေတယ် ရုန့်"

နေနီနီပြောတဲ့ စကားတွေက မောင့်ဘဝရှေ့ရေးအတွက် ကျွန်မဘက်မှ ရှောင်ခွာပေးပါရန်ဟူ၍ပဲ ဖြစ်သည်။

"ရတု ဆင်းရဲဒုက္ခရောက်မှာ ညည်း ကြည့်ရက်လား၊ ညည်း





မှာ ဘာမှ အထင်ကြီးစရာ မရှိဘဲ နှစ်သက်မြတ်နိုးနေသေးတယ်"

နေနီနီ့အား တုံ့ပြန်ပြောဆိုနိုင်တဲ့ အင်အားတွေ ကင်းမဲ့သွားရသည်။

ကျွန်မ နှလုံးသားတွေထဲမှ မောင့်အား ရိုးသားဖြူစင်စွာ ချစ်မြတ်နိုးကြောင်း မောင် အသိဆုံးသာ ဖြစ်ပါလိမ့်မည်။

မောင့်ထံမှ ဘာအရာမျှ ရယူရန် ဖြားယောင်းမြူဆွယ်ခြင်း မရှိခဲ့။

"သင်းရုန့်"

"ရှင်"

"မင်း စဉ်းစားပါ ရုန့်၊ တတ်နိုင်ရင် မင်းဘက်က ရတုကို ရှောင်ပေးစေချင်တယ်"

နေနီနီ ပြန်သွားသည်။

မောင် ...

ကျွန်မအား နေနီနီနှင့် လူကြီးချင်း စေ့စပ်ဖို့ကိစ္စ ဘာမှ မပြောခဲ့ပေ။

တကယ်ဆို ...

ရှင်းလင်းစွာ ပြောပြသင့်သည်။

မောင့်ဆန္ဒက ကျွန်မဆန္ဒပဲ ...

ရှင်ဖြစ်ချင်တာတွေကို ကျွန်မ အရာအားလုံး လိုက်လျောမှာပါ။

နေနီနီကို လွှတ်ပြီး ပြောခိုင်းစရာ မလိုပါဘူး မောင်ရယ်။

ကျွန်မထံ မောင် ရောက်မလာ ...

တစ်ပတ်ရှိပြီ ...

မြလေးကတော့ ဆရာ နေမကောင်းဘူးတဲ့ ...

ဟတ်အတက်ခံ ရ၍ ဆေးရုံမှာတဲ့ ...

ကျွန်မ ပင်ပန်းနွမ်းနယ်စွာဖြင့် ရင်တွေ တထိတ်ထိတ် ခုန်နေသည်။

"မြလေး"

"ဟင်"

"ဆရာ့ကို ရှင်သွားပြီး မကြည့်ဘူးလားဟင်"

ရုတ်တရက်ကြီး ဆရာ နေမကောင်းဖြစ်သွားရတာ စိတ်ဆင်းရဲသောကတွေ ကြီးစွာ ခံစားလိုက်ရ၍ ဖြစ်နိုင်သည်။

ကျွန်မကြောင့်များလား ...

နေနီနီသည် မောင်နှင့်ကျွန်မ ချစ်ကြိုက်နေတာ မောင့်ဒက်ဒီအား ပြောပြလိုက်တာ ဖြစ်ဖို့များသည်။

"ကြည့်တယ် ..."

မြလေးက ပြန်ဖြေသည်။

"မောင့်ကို တွေ့လားဟင်"

"ရှိတာပေါ့ ... ရတုရော၊ နေနီနီရောပဲ"

"ကျွန်မ အကြောင်းတွေများ မောင့်ဒက်ဒီ သိသွားတာလားဟင် မြလေး"





"ထင်တာပဲ၊ ကျုပ်ကိုတွေ့တော့ ရတု မျက်နှာမကောင်းဘူး၊ မသိချင်ယောင်ဆောင် ဆောင်နေတယ်"

"ဟင်"

သေချာပါပြီ။

ကျွန်မနှင့်မောင် ချစ်သူတွေဖြစ်နေကြတာ မောင့် ဒက်ဒီ သိသွားပြီ ဖြစ်သည်။

အခြေအနေ မကောင်းတော့ ...

ကျန်းကျန်းမာမာ ရှိနေတတ်သော ဆရာသည် ရုတ်ချည်း နေမကောင်းဖြစ်သွားရတာ စိတ်သောကတွေ ကြီးစွာရောက်သွားသောကြောင့် ဖြစ်နိုင်သည်။

"မြလေး"

"ပြော"

"ကျွန်မ ဘာဆက်လုပ်ရမလဲ"

"အခြေအနေကို စောင့်ကြည့်ပါဦးလေ"

မြလေးကလည်း ဘာမှ အကြံမပေးတတ်သလို တွေတွေနေသည်။

"ရှင့်ကိစ္စပဲ၊ ခေါင်းအေးအေးထားပြီး စဉ်းစားဆုံးဖြတ်စေချင်တယ် ရနံ့"

မောင် ...

ကျွန်မနဲ့ လက်ထပ်ရင်တော့ ဆင်းရဲဒုက္ခရောက်မှာပဲ။

မောင် ဘယ်လိုဆုံးဖြတ်မလဲ ...

ဆွေးနွေးချင်တယ် ...

မောင်နဲ့ တွေ့ချင်တယ် ...

ကျွန်မ ရှောင်ပေးသင့်လား ...

ရင်ထဲမှာ ...

နာကျင်နေသည်။

နှလုံးသားတွေထဲမှာ စူးနင့်စွာ ပြင်းပြတဲ့ ဝေဒနာတွေ ခံစားလာရ၏။

မောင့်ကို ကျွန်မ ဘာမက်မောမှုမှ မရှိဘဲ ရိုးသားဖြူစင်စွာ ချစ်မြတ်နိုးခဲ့တာ ဖြစ်ကြောင်း မောင် အသိဆုံးပင် ဖြစ်လိမ့်မည်။

ကျွန်မမှာ အလုပ်လည်းမရှိတော့သော အခြေအနေဖြစ်သည်။

ဘာဆက်လုပ်ရတော့မလဲ။

မောင် မလာပေ။

ဖုန်းဆက်ဖို့ကလည်း မောင့်ဒက်ဒီ နေမကောင်းတဲ့ အချိန်မှာ မောင့်ကို စိတ်အနှောက်အယှက် မပေးလို။

ကျွန်မ အဆက်အသွယ် မလုပ်ဘဲ နေလိုက်သည်။

မောင်ကလည်း မလာ ...

ဖုန်းပင် မဆက် ...

နေနိုင်လိုက်တာ မောင် ...

မောင့်ဒက်ဒီ ဆန္ဒအတိုင်း နေနီနီနဲ့မောင် လက်ထပ်တော့မှာလား။





"မမ"

"ဘာလဲ အိ ..."

"အစ်ကိုလေးဆီ ဖုန်းဆက်ပါလား မမ"

"မဆက်တော့ပါဘူးကွယ်၊ မောင့်စိတ်တွေကို အနှောင့်အယှက် မပေးချင်တော့လို့ပါ"

မောင် ပေးကမ်းထောက်ပံ့ခဲ့သော ပစ္စည်းတွေကို ကျွန်မ ဆက်ပြီး မသုံးစွဲလိုတော့ပေ။

ကျွန်မ အဆောင်လည်း ပြန်စရာ မရှိတော့။

ရန်ကုန်မှာ ဆက်ပြီး ရပ်တည်နိုင်စွမ်း မရှိတော့အောင် ဖြစ်နေသည်။

ကျွန်မ အအိပ်ပျက် အစားပျက်နှင့် ကျန်းမာရေးပင် ချို့တဲ့လာ၏။

မြလေးပင် လာရောက်ပြုစုနေရတော့သည်။

"ရန့် ... ရှင့်စိတ်တွေကို ထိန်းစမ်းပါ၊ အလုပ်တစ်ခု ထပ်ရှာရင် အကောင်းဆုံးပဲ ထင်တယ်ဟာ"

အလုပ်ရှိနေလျှင် ကျွန်မ စိတ်တွေကို ဖြေသိမ့်ရာရနိုင်သည်ဟု ပြောသည်။

မောင်က ကျွန်မကို အလုပ်မှ မလုပ်စေချင်တော့တာ။

"ရန့်"

"ဟင်"

"နင် ဆေးခန်းပြသင့်တယ်"

"ဟင့်အင်း"

ကျွန်မ အိမ်မှာပဲ ဆေးတွေဝယ်ပြီး သောက်နေမိသည်။

ဆေးခန်း မပြချင်။

မောင် ကျွန်မကို ပေးထားတဲ့ ပိုက်ဆံတွေကို ကျွန်မ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာ မသုံးချင်။

နေနီနီ့ စကားတွေက ကျွန်မကို တုန်လှုပ်ချောက်ချားသွားစေသည်။

မာယာတွေနှင့် မြူဆွယ်၍ ရသော ငွေတွေတဲ့ ...

ကျွန်မ အိပ်ရာထဲ လဲနေသည်။

ဖျားနေ၏။

အအိပ်အစားက မမှန် ...

မြလေးပင် အလုပ်ကိစ္စတွေ များနေ၍ ကျွန်မဆီ မလာနိုင်။

မအိပဲ ပြုစုပေးနေရသည်။

မောင်နှင့်မတွေ့တာ နှစ်ပတ်လောက် ကြာသွားမှ ကျွန်မထံ မောင်ရောက်လာ၏။

"ရန့် နေမကောင်းဘူးလား"

"မောင်"

ကျွန်မ ...

ဘာပြောရမှန်း မသိ ...

မောင် အရင်ကထက် သိသိသာသာ ချောင်ကျသွားသည်။





ကျွန်မ လှဲနေသော အိပ်ရာပေါ်သို့ မောင် တိုးဝင်လာကာ ကျွန်မ ကိုယ်လုံးလေးအား ထွေးပွေ့လိုက်၏။

"ရန့်"

"ဟင်"

"ဝိန်သွားလိုက်တာ၊ ဘာလဲ ... မောင့်ကို လွမ်းဖျားလွမ်းနာ ကျနေလို့လား"

"မောင်"

"ရန့်"

"မောင်လည်း ပိန်သွားတာပဲနော်"

ကျွန်မ ...

ထလိုက်သည်။

မောင့်မျက်နှာလေးအား တမက်တမောနှင့် ငေးကြည့်နေ၏။

"ရန့်ကို မောင် လွမ်းလိုက်တာကွာ"

မောင်သည် အရင်ကလိုပင် ကျွန်မအား ချစ်ခင်ကြင်နာစွာ ယုယနေသည်။

တင်းတင်းလေး ပွေ့ဖက်ထား၏။

ကျွန်မ မျက်နှာအနှံ့ မြတ်နိုးစွာ နမ်းသည်။

ဒီနေ့အထိ ...

ချစ်သူအဆင့်တက် ကျော်လွန်သော ကျွန်မအပေါ် ဘာအခွင့်အရေးမှ မယူခဲ့ပေ။

"မောင်"

"ပြော"

"မောင့်ဒက်ဒီ နေကောင်းသွားပြီလားဟင်"

"အင်း"

နေနီနီနှင့် မောင့်အကြောင်းတွေ မေးရင်ကောင်းမလားဟု ကျွန်မ တွေးမိနေသည်။

မောင့်ဘက်မှ ဘာမှ မစ ...

အရင်အတိုင်းပင် ...

ကျွန်မအား ချစ်ခင်ကြင်နာစွာ တယုတယ ရှိနေခဲ့သည်။

"ဒက်ဒီ ဆေးရုံတက်နေရလို့ မောင် မလာနိုင်တာပါ၊ မောင် ရန့်ကို နေ့တိုင်း သတိရနေတယ်ကွာ"

ကျွန်မကိုယ်တိုင်လည်း မောင့်ကို လွမ်းဖျားလွမ်းနာကျနေတာပဲ မဟုတ်လား။

"ရန့်"

"ဟင်"

"ဆေးခန်းမပြဘူးလား၊ မြလေးရောဂါ လာမကြည့်ဘူးလား"

"ကြည့်ပါတယ်၊ ကျွန်မ စိတ်ညစ်ပြီး အအိပ်ပျက် အစားပျက်ဖြစ်တာပါ မောင်၊ တခြား ဘာရောဂါမှ ကြီးကြီးမားမား မရှိတာပဲ"

"မောင့်အပြစ်ပါကွာ၊ ဒီလောက်အထိ ရန့်ကို မောင်ပစ်မထားသင့်ဘူး"

မောင် ...





ရှင် ဟန်ဆောင်နေတာများလား ...

နေနီနီနဲ့မောင် စေ့စပ်ဖို့ လူကြီးတွေက သဘောတူထားတာ မဟုတ်လား။

မောင့်ကြည့်ရတာ ဘာမှမဖြစ်သလိုပဲ ကြည်လင်နေသည်။

"အခု ရန့် ဘာဆေးတွေ သောက်နေလဲ၊ ကပ်စေးနည်းပြီး ဆေးခန်းမပြတာ မဟုတ်လား၊ ထ ... ဒီညနေ မောင်နဲ့အတူတူ ဆေးခန်းပြရမယ်"

"ဟာ ... မဟုတ်တာပဲ၊ ကျွန်မနဲ့မောင် ဆေးခန်းအတူတူသွားပြရင် ပတ်ဝန်းကျင်က ဘာပြောကြမလဲ"

"ပြောပြောကွာ၊ ဘာဖြစ်လဲ၊ ရန့်နဲ့မောင်က မကြာခင် လက်ထပ်ကြတော့မဲ့ ချစ်သူတွေပဲဟာ"

"ဟင်"

မောင့်မျက်နှာကို ကျွန်မ ငေးကြောင်စွာ ကြည့်မိသည်။

နားမလည်နိုင်။

မောင် သက်သက်ဟန်ဆောင်စကားတွေ ပြောနေတာဟု ထင်မိသည်။

နေနီနီနဲ့မောင် ...

စေ့စပ်ကြတော့မယ် ...

နှလုံးရောဂါရှိနေတဲ့ မောင့်ဒက်ဒီရဲ့ တောင်းဆိုမှုတွေ မောင် ဆန့်ကျင်ရဲပါ့မလား။

"မောင့်ကို မယုံတာလား၊ အဲဒီလို မယုံသင်္ကာတဲ့ အကြည့်တွေနဲ့ မောင့်ကိုမကြည့်ပါနဲ့လား ရနံ့ရယ်"

မောင်သည် ကျွန်မ ကိုယ်လုံးလေးအား တင်းကျပ်စွာ ပွေ့ဖက်ရင်း ပြောနေသည်။

ကျွန်မ ငိုချင်လာမိ၏။

ရင်ထဲမှာ ...

ကြေကွဲဆို့နစ်လာရသည်။

မောင် ဟန်ဆောင်နေပေမဲ့ မောင့်လေသံတွေက ကျွန်မ ယုံကြည်လောက်အောင် အင်အားတွေ ပြည့်ဝမနေပါဘူး။

အဖျားခတ် တုန်ခါနေသည်။

မောင့်မျက်ဝန်းတွေက ရီဝေစိုစွတ်နေ၏။

"မောင် ရနံ့ကို တကယ်ပဲ လက်ထပ်မှာပါ၊ အပြစ်ကင်းစင်တဲ့ ရနံ့ဘဝလေး မောင့်ကြောင့် နည်းနည်းလေးမှ အထိအခိုက် မခံနိုင်ပါဘူး"

"မောင်ရယ်"

နေနီနီနဲ့ အကြောင်းတွေ မောင့်ထံမှ တစွန်းတစပင် မကြားရပေ။

ဟန်ဆောင်နေခဲ့သည်။

ကျွန်မ စိတ်ထိခိုက်မှာစိုး၍ မဟုတ်လား မောင်ရယ်။

"မောင်"

"ရနံ့"





"ကျွန်မနဲ့ လက်ထပ်ဖို့ကိစ္စ မောင့်စိတ်ထဲမှာ သိပ်မထားပါနဲ့၊ မောင့်ဒက်ဒီ ကျန်းမာရေးသာ ဂရုစိုက်ပါနော်"

နေနီနီ ကျွန်မထံ လာသွားတဲ့အကြောင်းတွေ မပြောဖြစ်တော့။

မောင့်စိတ်တွေ အနှောင့်အယှက် လုံးဝမဖြစ်စေလိုပေ။

"ကျွန်မအတွက် မောင် စိတ်မပူပါနဲ့၊ ကျွန်မ နေတတ်ပါတယ် မောင်ရယ်"

မောင့် မျက်ဝန်းတွေထဲမှ စိုးရိမ်ပူပန်မှု အရိပ်တွေကို ကျွန်မ ဖယ်ရှားပေးချင်နေမိသည်။

ကျွန်မကို ဆေးခန်းပြရန်ပဲ မောင်က စကားလမ်းကြောင်းလွှဲပြီး ပြောနေခဲ့၏။

ဆေးခန်းပြပေးမယ်သာ ပြောပြီး ကျွန်မထံတွင် ခဏတဖြုတ်နေပြီး မောင် ပြန်သွားတော့သည်။

## အခန်း ( ၁၂ )

ကျွန်မ အခန်းလေးရှိရာသို့ ဦးမောင်မောင်ဇေ ရောက်လာသောအခါ ကျွန်မ ပို၍ ထိတ်လန့်တုန်လှုပ်သွားမိသည်။

အရှက်တွေ အကြောက်တွေနှင့် ရောပြွမ်းကာ ကျွန်မ ဆောက်တည်ရာ မရအောင် ဖြစ်သွားမိ၏။

ဆရာက ကျွန်မကို အံ့ဩထူးဆန်းသော မျက်ဝန်းတွေနှင့် ကြည့်နေသည်။

"မင်း ဒီလိုအခြေအနေမျိုး နေနိုင်တာ ထူးတော့ မထူးဆန်းပါဘူး သင်းရနံ့၊ မင်း ရုပ်ရည်က ယောကျ်ားတစ်ယောက်ကို ဆွဲဆောင်နိုင်စွမ်း ရှိတာပဲ"

နေနီနီ့ လေသံအတိုင်း တစ်ထပ်တည်း ထွက်ပေါ်လာသည်။

ကျွန်မ ချမ်းသာစွာ နေထိုင်နေတာတွေ သူ့သားပေးကမ်းထောက်ပံ့ထားတာဖြစ်ကြောင်း ဆရာသိသွား၏။

ရှက်ရွံ့စွာဖြင့် ဆရာ့ကို ရင်ဆိုင်ရဲအောင် ဖြစ်ခဲ့ရသည်။





"သင်းရနံ့"

"ရှင်"

"မင်းဆီ ဆရာ ဘာကြောင့် ရောက်လာလဲဆိုတာ မင်းသိတယ်နော်"

"ဟုတ်ကဲ့"

"မင်းနဲ့ ရတုကို ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူးဆိုတာ မင်း သဘောပေါက်မှာပါ"

"ဟုတ်ကဲ့"

"မင်း နောက်ဆုတ်ပေးစေချင်တယ်"

"ရှင်"

"နေနီနီနဲ့ လက်ထပ်ဖို့ အားလုံး စီစဉ်ပြီးပြီ သင်းရနံ့၊ သားက လက်ခံဘူး ဖြစ်နေတယ်"

မောင် လက်မခံ၍ ကျွန်မထံ ဆရာ ရောက်လာခြင်းပဲဖြစ်သည်။

"လောလောဆယ် သားက မင်းအပေါ် စွဲလမ်းမြတ်နိုးနေတယ်၊ နေနီနီနဲ့ လက်ထပ်ဖို့ ဘယ်လိုမှ ပြောမရဘူး၊ ဆရာ့ရဲ့မိတ်ဆွေ အစုရှယ်ယာရှင်တွေ ဖြစ်နေလို့ နေနီနီ့ကို သား လက်ထပ်မှ ဖြစ်မယ် ရနံ့"

ကျွန်မကြောက်လွန်း၍ဒူးတွေတဆတ်ဆတ်တုန်ယင်နေသည်။

"သင်းရနံ့"

"ရှင်"

"မင်း ရတုကို ချစ်လား"

"ဟုတ်ကဲ့"

"ရတု ဆင်းရဲဒုက္ခရောက်မှာ မင်း ကြည့်ရက်လား"

"ရှင်"

"ငါကတော့ ရတု နေနိုင်ကို လက်မထပ်ရင် အမွေဖြတ်မှာပဲ၊ မင်းအတွက် ဝယ်ထားတဲ့ ဒီတိုက်ခန်းနဲ့ ပစ္စည်းတွေပါ ပြန်သိမ်းလို့ ရတယ်နော်"

ရတု စိတ်သောကရောက်မှာ ဆင်းရဲနွမ်းပါးတဲ့ဘဝကို ရင်ဆိုင်ရမှာ ကျွန်မ အကြောက်ဆုံး ဖြစ်နေသည်။

"မင်း ပစ္စည်းတွေကို ဆရာ ဘာတစ်ခုမှ ပြန်မယူပါဘူး။ မင်း ယူသွားနိုင်တယ်၊ အကောင်းဆုံးက မင်းဒေသကို ပြန်ဖို့ပဲ"

"ရှင်"

"မင်း သဘောပေါက်ပါတယ်နော် ရန့်"

"ဟုတ်"

"ရတုကို မင်းဘက်ကပဲ စပြီးရှောင်ပေးပါ"

ကျွန်မ ဘယ်လိုအဖြေပေးရမှန်းတောင် မသိတော့ပေ။

"မင်း နစ်နာကြေးအဖြစ် ဒီတိုက်ခန်းနဲ့ ပစ္စည်းတွေ ပေးပါတယ် ရန့်"

"ဟို ... ကျွန်မ ဘာမှ မနစ်နာပါဘူး၊ မောင်က ကျွန်မကို ဘာတစ်ခုမှ ထိခိုက်နစ်နာအောင် မလုပ်ခဲ့ပါဘူး၊ ကျွန်မ မောင့်ကို ချစ်တာ စည်းစိမ်ဥစ္စာတွေနဲ့ ဘာမှမဆိုင်ပါဘူး"





ကျွန်မ ပျာပျာသလဲနှင့် မောင့်ဒက်ဒီကို ပြောမိသည်။

"ဘာပဲဖြစ်ဖြစ် ရတုကို မင်း ချစ်တယ်ဆိုရင် ရတုနဲ့ နေနိုင် လက်ထပ်ဖြစ်အောင် မင်းကြိုးစားပေးစေချင်တယ် သင်းရန့်"

မောင် ...

ကျွန်မ ဘာဆက်လုပ်ရမလဲ ...

ပေးဆပ်မှု တစ်ခုတည်းနဲ့ ကျွန်မ မောင့်ကို ချစ်မြတ်နိုးခဲ့တာပါ။

တစ်နေ့ ...

ကျွန်မကို မောင် စွန့်ပစ်သွားမှာပဲဆိုတာ အားလုံးက သဘောပေါက် နားလည်သွားကြမှာပဲ။

ဖြစ်သင့်ပါတယ် မောင်။

ဒီအတိုင်းပဲ ဖြစ်မှာပါပဲ။

ကျွန်မ ...

အစောကြီးကတည်းက တွေးထားပြီးသားပဲဟာ။

"သင်းရန့်"

"ရှင်"

"မင်း ဘာဆက်လုပ်မလဲ၊ ရတုက ဆရာ့ရဲ့တစ်ဦးတည်းသော သားပါ။ သား ဒုက္ခရောက်မှာတော့ ဖခင်တစ်ယောက်အနေနဲ့ ဘယ်လောက် ခံစားရမလဲ"

ဆရာ့စကားတွေက ကျွန်မ နှလုံးသားတွေဆီသို့ စူးရှစွာ စိမ့်ဝင်သွားရသည်။

ကျွန်မကို မောင် လက်ထပ်ရင် မောင်ပဲ ဒုက္ခရောက်တော့မှာ သေချာ၏။

"ရတုကို မင်းစွန့်လွှတ်လိုက်ပါ သင်းရန့်"

"ရှင်"

"မင်း ကတိပေးပါ"

"ရှင်"

"ရတုကို မင်း ဆင်းရဲဒုက္ခရောက်အောင် မလုပ်ပါဘူးလို့"

ကတိပေးဖို့အတွက် ကျွန်မဝန်လေးစွာ တွန့်ဆုတ်နေမိသည်။

"သင်းရန့်"

"ရှင်"

"မင်း ပြောလေ"

"ဟုတ်ကဲ့ ... ကျွန်မ မြို့ကိုပဲ ပြန်ပါတော့မယ် ဆရာ၊ ရတုကို ကျွန်မ လက်မထပ်တော့ပါဘူး"

"မင်း ဒီစည်းစိမ်ဥစ္စာတွေ ယူသွားပါ ရန့်"

"ကျွန်မ ဘာမှမယူချင်ပါဘူး၊ ဆရာ့ဆီ ပြန်အပ်ပါတယ်"

"မင်း ယူသွားပါ ရန့်၊ မင်း နစ်နာကြေးအတွက် ငါပေးပါတယ်"

"ကျွန်မ မောင့်ချစ်သူဖြစ်ရတာ ဘာမှမနစ်နာပါဘူး ဆရာ၊ မောင်က သစ္စာရှိတဲ့ ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ပါ"





"မင်းအပေါ် သားက ဒီလောက်အထိပဲ ကောင်းလား သင်းရန့်၊ ဒီကောင် ဝဋ်လည်တာပဲ၊ တခြားကောင်မလေးတွေအပေါ် သားက အပျော်ကြံတာကွ"

ကျွန်မ ...

ဘာမှ မပြောလိုတော့ ...

ကျွန်မရဲ့ ရိုးသားဖြူစင်မှုတွေကို မောင်က ချစ်မြတ်နိုးတာပဲ။

"မင်း အခုလို ကူညီတာ ကျေးဇူးပဲ ရန့်၊ ရတု ဘဝ ကောင်းစားရေးအတွက်ပါ"

ဆရာ ပြန်သွားသည်။

ကျွန်မ ပိုင်ဆိုင်သော ပစ္စည်းတွေကို သိမ်းပစ်လိုက်၏။

"မမ"

"ဟင်"

"အစ်ကိုလေး ရောက်လာအောင် စောင့်ပါဦး"

"မအိ"

"ရှင်"

"မမ သွားတော့မယ်၊ မအိကို မြလေး လာစောင့်ပေးလိမ့်မယ်၊ မောင့်ဆီ ဖုန်းဆက်ပြီး အခန်းအပ်လိုက်နော်"

"မမရယ် ... ဒီအခန်းနဲ့ ပစ္စည်းတွေက မမရသင့်တာပဲ၊ အစ်ကိုလေးကို ပြန်ပေးစရာ မလိုပါဘူး"

"မမ မောင့်ကို ချစ်တာ ငွေကြေးကြောင့်တော့ အဖြစ်မခံ

နိုင်ဘူး မအိ၊ မမ ဘာမှ မယူပါဘူး၊ ဒေါ်လေးဆီပဲ ပြန်တော့မယ်"

မြလေးကို ဖုန်းဆက်ခေါ်လိုက်သဖြင့် မြလေး ရောက်လာသည်။

"ဘယ်လိုဖြစ်တာလဲ ရန်"

မောင့်ဒက်ဒီရောက်လာကြောင်း ပြောမိသည်။

"ရှင် တကယ်ပဲ သွားတော့မှာလား ရန်"

"အင်း"

ရှင် တစ်နေ့ ဒီအဖြစ်မျိုးနဲ့ ရင်ဆိုင်ရမယ်ဆိုတာ ကျွန်မ သိသားပဲဟု မြလေးက စိတ်ထိခိုက်စွာ ပြောသည်။

"မြလေး"

"ဟင်"

"ရှင် စောင့်နေနော်၊ မအိ တစ်ယောက်တည်းဖြစ်နေလို့၊ ကျွန်မ သွားပြီးမှ မောင့်ဆီ ဖုန်းဆက်ခေါ်ပြီး တိုက်ခန်းနဲ့ ပစ္စည်းတွေကို အပ်လိုက်ပါ"

"ငါလည်းလိုက်မယ် ရန်၊ နင် တစ်ယောက်တည်း စိတ်မချပါဘူးဟာ"

"ဘာမှ စိတ်မချစရာ အကြောင်းမရှိဘူး"

"မြလေးလည်း ရတုနဲ့ မဆက်ဆံချင်တော့ဘူး"

"ရန့်ကို ကူညီတယ်လို့ပဲ သဘောထားပါ မြလေး၊ မင်းကူညီပါနော်၊ မောင်နဲ့ ရန့်ဘ၀ ရပ်တန်းက ရပ်လိုက်ကြတာ အကောင်းဆုံးပါပဲ"





မြလေးကတော့ စိတ်မသက်သာတဲ့ မျက်ဝန်းတွေနှင့်ကြည့်သည်။

မောင် ...

ကျွန်မ ဆုံးဖြတ်ရတော့မယ် ...

မောင့်ကို စွန့်လွှတ်လိုက်တာ ကျွန်မ အလုပ်သင့်ဆုံး အလုပ်တစ်ခုပဲ။

ကျွန်မ ပစ္စည်းတွေ သိမ်းသည်။

မောင်နှင့် ပတ်သက်သမျှ ကျွန်မ ဘာတစ်ခုမျှ မယူပေ။

"ရန်"

"ဟင်"

"နင့်ဘ၀ သိပ်နစ်မွန်းသွားပြီဟာ၊ ဒေါ်လေးသာ သိသွားရင် အရမ်းစိတ်မကောင်းဖြစ်မှာ"

ဒေါ်လေးကလည်း ချမ်းသာသည်တော့ မဟုတ်ပေ။

မိသားစုဝင်တွေ များသည်။

သားသမီးတွေက ဆင်းရဲနွမ်းပါးနေကြ၏။

ကျွန်မ မိဘတွေ ဆုံးသွားတော့ ဒေါ်လေးက ကောက်ယူမွေးစားထားခဲ့သည်။

ကျွေးမွေးပြီး ပညာသင်ပေးခဲ့၏။

"သမီး ... ဘဝတိုးတက်အောင် ကြိုးစားတော့၊ ဒေါ်လေး ဒီလောက်ပဲ တတ်နိုင်တယ် ရန်၊ ရှေ့ဆက်ရမဲ့ ခရီးက သမီးရဲ့ ကြိုးစားအားထုတ်မှုနဲ့ပဲ ဆိုင်တယ်"

ကျွန်မ အလုပ်ဝင်ပြီးဘွဲ့တစ်ခုရအောင်ကြိုးစားနေခဲ့ရသည်။

"ဒေါ်လေးကို ထောက်စရာ မလိုဘူးနော်၊ သမီးဘဝ အတွက် တိုးတက်မှ ထောက်ပါ၊ ရန်ကုန်မှာ မိဘမရှိဘူး၊ ငွေကြေးလည်း မရှိဘူး။ စိတ်ဓာတ်မြင့်မားဖို့ပဲ အဓိကလိုအပ်တယ်၊ သမီးဘဝ မပျက်အောင်တော့ သမီးပဲ ထိန်းရလိမ့်မယ်"

ဒေါ်လေးက ပြောခဲ့သည်။

ကျွန်မ ဒီလိုဘဝအခြေအနေမျိုးနဲ့ ဒေါ်လေးထံပြန်ရောက် သွားလျှင် စိတ်မကောင်းကြီးစွာဖြစ်မှာ သေချာ၏။

မတတ်နိုင်ဘူး ...

လောလောဆယ် ...

ဒေါ်လေးအရိပ်ပဲ ခိုကပ်စရာ ရှိနေတော့သည်။

"ရုန့်"

"ဟင်"

"နင် ဒေါ်လေးဆီ ပြန်မဲ့အစား၊ ရန်ကုန်မှာပဲ အလုပ်တစ်ခု ရှာပါလား"

"ကျွန်မ ရန်ကုန်မှာ မနေသင့်တော့ပါဘူး၊ ဒေါ်လေးဆီပဲ ပြန်မယ်"

"နင် ဘာဆက်လုပ်မှာလဲ၊ ဟိုမှာ ဘာလုပ်မလဲ၊ ကျောင်း ကလည်း မပြီးသေးဘူး မဟုတ်လား"

"ရပါတယ်၊ ဒေါ်လေးဈေးဆိုင်မှာ ဝိုင်းရောင်းပေးတာပေါ့။ ရရာ အလုပ်တစ်ခုခုပဲ လုပ်မယ်"





"နင့်အဒေါ်မှာက မိသားစုတွေ အများကြီးပဲ"

အစ်ကိုဝမ်းကွဲတွေ အစ်မဝမ်းကွဲတွေကလည်း ဆင်းရဲသည်။

"ရှင့်တာဝန်က ပိုပြီး လေးသွားတော့မှာပဲ၊ ကျုပ် အဆောင် မှူးကို ပြောမယ်လေ၊ လောလောဆယ်တော့ တို့အဆောင်မှာပဲ နေနေပေါ့"

"ဟင့်အင်း"

ကျွန်မ ...

ငြင်းဆန်လိုက်မိသည်။

အဆောင်ကို မပြန်ချင်တော့ ...

မမက ထားဦး ...

အိစံတို့တွေရဲ့ မေးငေါ့မှုတွေကို ကျွန်မ ဘယ်လိုရင်ဆိုင်မလဲ။

"ဒေါ်လေးဆီပဲ ကျွန်မ ပြန်မယ်၊ ဘဝကို တစ်ကပြန်တာ ပေါ့ မြလေးရာ၊ ကျွန်မအတွက် ဘာမှမပူပါနဲ့"

နင် ရတုကို ဖြတ်လိုက်တာ အကောင်းဆုံးပါပဲလေဟု မြလေးက ပြောသည်။

ရှေ့ဆက်ပြီး စိတ်သောက ရောက်စရာတွေပဲ ရှိမှာပါ။

ဘဝချင်းမှ မတူတာပဲ။

မောင် ဆင်းရဲရမယ်။

ဘဝကို ခက်ခဲကြမ်းတမ်းစွာ ရုန်းကန်နိုင်မှာ မဟုတ်ပေ။

ရှေ့ဆက်ရမည့် ခရီးလမ်းက ကြမ်းတမ်းခက်ထန်မှာပဲဖြစ် သည်။

"ကျွန်မ သွားတော့မယ်"

"နင် ကားနဲ့သွားမှာလား ရှန့်"

"အင်း"

"ကြိုတင်လက်မှတ် မဝယ်ထားဘဲ ခက်ခဲမှာပေါ့ဟယ်"

"ရပါတယ်"

"ရတုကို အကျိုးအကြောင်း ပြောပြီးရင် မြလေး ရှင့်ဆီပြန်ခဲ့မယ်"

"ရှင့်အလုပ်တွေကရော"

"ခွင့်ယူမှာပေါ့၊ ဖြစ်နိုင်ရင် ဒီအလုပ်က ကျုပ်လည်းထွက်မယ် ရှန့်၊ နောက်ထပ်အလုပ်တစ်ခုခု ရှာရမယ်"

ကျွန်မနှင့်မြလေး ပတ်သက် ဆက်နွှယ်နေတာ ဆရာရှေ နေနီနီပါ သိထားသည်။

မြလေး အနာဂတ်ပင် မလွယ် ...

အလုပ်က အထုတ်ခံရမှာပဲ ...

"ကျွန်မကြောင့် မြလေးပါ ထိခိုက်ရပြီ"

"ကျုပ်က အကြောင်းမဟုတ်ပါဘူး၊ ကျုပ်မိသားစုတွေက အဆင်ပြေကြတာပဲ"

ကျွန်မနှင့်စာရင်တော့ မြလေးတို့က စီးပွားရေးအဆင်ပြေကြသည်။

မောင် မလာခင် ဒီအခန်းမှ ကျွန်မ ထွက်ခွာချင်နေ၏။





သံယောဇဉ် အမျှင်အတန်းတွေကို ကျွန်မ ဖြတ်တောက်ပစ်ချင်မိသည်။

"မမ"

"ဟင်"

"မမကို မအိ အရမ်းသနားတာပဲ၊ အစ်ကိုလေးအတွက် မမ အနစ်နာခံလိုက်တာပဲလား"

"မမ အချစ်တွေကို သက်သေပြတာလေ၊ မမနဲ့ လက်ထပ်လိုက်ရင် မအိ အစ်ကိုလေး ဆင်းရဲမှာ"

မအိကတော့ ကျွန်မကို ဖက်တွယ်ပြီး တအိအိငိုနေသည်။

အရာအားလုံးကို ကျွန်မ ကျောခိုင်းမှ ဖြစ်တော့မည်။

"မြလေး ကျွန်မ သွားမယ်"

ဆုံးဖြတ်ပြီးပြီဆိုလျှင် ဘာကိုမျှ ပြန်လည်ပြင်ဆင်တတ်လေ့မရှိသော ကျွန်မ အကျင့်စရိုက်တွေကို မြလေးသိသည်။

မတားဆီးတော့ ...

မောင့်ကို ချစ်ခဲ့စဉ်ကလည်း မြလေး ဖွတ်တားနေသည့်ကြားမှ ကျွန်မ သဘောနှင့်ဆုံးဖြတ်ပြီး ချစ်ခဲ့မိသည်။

နောက်မဆုတ်ခဲ့။

ရှေ့ဆက်တိုးခဲ့မိသည်။

အခု ...

မောင့်ကို ကျွန်မ စွန့်ခွာတော့မယ် ဆိုတော့လည်း မြလေး တား၍ ရမှာမဟုတ်။

ကျွန်မ ကျူးလွန်ခဲ့မိတဲ့ အမှားတစ်ခုအတွက် တခြားဘယ်သူ့ကိုမှ မျှဝေမခံစားလိုပေ။

မြလေး မျက်ရည်တွေ ဝဲနေသည်။

မအိက ငိုရှိုက်နေ၏။

ကျွန်မ ကျောခိုင်းကာ ထွက်ခွာလာခဲ့မိတော့သည်။



အခန်း ( ၁၃ )

"နင် အလုပ်ပြုတ်လာတယ် ဟုတ်လား ရန့်၊ ရန်ကုန်သွားပြီး ဘာအသုံးမှ မကျဘဲ ပြန်လာတယ်၊ ဘဝကို တိုးတက်အောင် ကြိုးစားပါလို့ ပြောထားတာ နင် ဘာတွေရှုပ်ထွေးလာလဲ"

အစ်ကိုလေးက ဆူပွက်နေသည်။

အရက်တွေ မူးနေသော ကိုလေးက သောင်းကျန်းနေ၏။

ကျွန်မ ဒေါ်လေးနှင့်နေရတဲ့ ဘဝတစ်လျှောက်လုံး အစ်ကိုလေးဒဏ် အတော်လေး ခံစားခဲ့ရသည်။

အရက်သောက်ပြီး အလုပ်မလုပ်ချင်သော အစ်ကိုလေးသည် ဒေါ်လေးလုပ်စာ ထိုင်စားပြီး ပြဿနာရှာနေတတ်၏။

"ရန့်"

"ရှင်"

"နင် ဘာဖြစ်လာလဲ"

"ဘာမှ မဖြစ်ပါဘူး၊ ကျွန်မ ရန်ကုန်မှာ မနေချင်တော့လို့ အလုပ်က ထွက်ပြီး ပြန်လာတာပါ"

အစ်ကိုလေးကို ဘာမှမပြောချင်။

မူးနေသည်။

ဒေါ်လေးကတော့ သားကိုပဲ ထိန်းနေ၏။

"အောင်ဦး ... နင် အသာနေစမ်း၊ အမေတစ်ယောက်လုံး ရှိသေးတယ်၊ ငါ ပြောပါ့မယ်"

"ဒီကောင်မလေးကို အမေ အတော်လေး အလိုလိုက်တယ် နော်၊ အခု ရှုပ်ပွေလို့ အလုပ်က ထုတ်လိုက်တာပဲနေမယ်"

အစ်ကိုလေး ပြောသမျှ ကျွန်မ ခေါင်းငုံ့နေမိသည်။

"မင်း သွားပါတော့ အောင်ဦး၊ အမေ ပြောပါ့မယ်"

"နင် သတိထား၊ အမေက ဆင်းရဲပါတယ်ဆိုမှ ခုထိ ကိုယ့်ဘဝကိုယ် မရပ်တည်နိုင်သေးဘူး"

အစ်ကိုလေး ပြောဆိုပြီး ထွက်သွားသည်။

ဒေါ်လေးက မေး၏။

"ရန့်"

"ရှင်"

"သမီး ဘာဖြစ်လာလဲ"

ဒေါ်လေးကတော့ မိဘမဲ့ဖြစ်နေတဲ့ ကျွန်မအပေါ် ချစ်ခင်ကြင်နာသည်။

"ပြောလေ"





"ကျွန်မ"

အဖြစ်အပျက်တွေ အားလုံး ဒေါ်လေးကို ပြောပြလိုက်မိသည်။

"ဟင်"

ဒေါ်လေးက စိတ်ပူသွားပြီ ကျွန်မကို အထိတ်တလန့်ကြည့်သည်။

"မောင်နဲ့ကျွန်မ ဘာတစ်ခုမှ မငြိစွန်းခဲ့ပါဘူး ဒေါ်လေး"

"ဟုတ်ရဲ့လား ရန့်ရယ်၊ ဒေါ်လေး စိတ်ပူလိုက်တာ၊ အရှက်ဘကွဲဖြစ်လာရင် ညည်းအစ်ကိုလေးနဲ့ မလွယ်ဘူး"

"ကျွန်မ ဘာမှမဖြစ်ပါဘူး ဒေါ်လေးရယ်၊ ပြဿနာလည်း ရှိပါဘူး၊ မောင့်ကို ရှောင်ထွက်လာတာပါ"

"အေးလေ ... ဘယ်တတ်နိုင်ပါ့မလဲ၊ ပြဿနာက ဖြစ်လာပြီဟာ၊ ဒေါ်လေးကတော့ တူမလေးဘဝကို တိုးတက်စေချင်တာ၊ ဒီမှာက ရန့်မြင်တဲ့အတိုင်းပဲ အားလုံးက ဘဝပျက်နေကြတာ၊ ဒေါ်လေး ဈေးဆိုင်တောင် ပြုတ်လုပဲ"

ကျွန်မ ... နောင်တတွေ ရနေမိသည်။

ဒေါ်လေးဘဝကို မငဲ့ညှာရာ ရောက်နေ၏။

ကြိုးစားသင့်တယ် ...

ချစ်သူ မထားသင့်ပါဘူး ...

ကျွန်မ ဘဝမှာ ဘာတစ်ခုမှ အောင်မြင်မှု မရဘဲ ကျဆုံးသွားခဲ့ရသည်။

“ကျွန်မ ဘဝကို တစ်ကပြန်စပြီး ကြိုးစားမယ် ဒေါ်လေး”

“ရန့်”

“ရှင်”

“သမီးလေး ရန်ကုန်ပဲပြန်ပါ၊ ကျောင်းဆက်တက်ဖို့လည်း ရှိသေးတယ်၊ ဒေါ်လေးတို့ကို မထောက်ပံ့ချင်နေပါ၊ ဒီမှာနေလို့က တော့ သမီးလေး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ နေရလိမ့်မယ်”

“လောလောဆယ်တော့ ဒေါ်လေး အရိပ်မှာပဲ ကျွန်မ နေပါရစေ”

ရန်ကုန်ကို ပြန်သွားဖို့ဆိုတာ မဖြစ်နိုင်သော အခြေအနေ ဖြစ်သည်။

မောင်နှင့် မဆုံချင်။

ကျွန်မ အတတ်နိုင်ဆုံး မောင့်ကို ရှောင်နေမှ ဖြစ်မည်။

“ဒေါ်လေး ဈေးဆိုင်မှာပဲ ကျွန်မ ရောင်းပါ့မယ်”

“ဒုက္ခပါပဲကွယ်”

ဒေါ်လေးပင် သားသမီး ခြေတစ်အုပ်နှင့် မလွယ်၊

ဘဝကို ခက်ခဲစွာ ရုန်းကန်လှုပ်ရှားနေရသည်။

“ဒေါ်လေးဆီမှာ နေလို့ကတော့ ညည်းဘဝ နစ်သထက် နစ်မှာပဲ၊ အကောင်းဆုံးက ရန်ကုန်ပြန်ပြီး အလုပ်တစ်ခုခု ရှာပါလား”

ဒေါ်လေးကတော့ ကျွန်မအား အလုပ်ရှာဖို့ပဲ ပြောနေခဲ့သည်။





မောင်နှင့် ရင်မဆိုင်ချင်တော့ဘူး ...

နေနီနဲ့ပဲ မောင် လက်ထပ်ပါစေ ...

“နောက်မှ ကျွန်မ စဉ်းစားမယ် ဒေါ်လေး”

“အင်းလေ ... ဘယ်တတ်နိုင်မလဲ၊ ညည်းနေနိုင်ရင်ပေါ့”

ဒေါ်လေး ဈေးဆိုင်မှာ ကျွန်မဝင်ကူ၍ ရောင်းပေးနေမိသည်။

တစ်ပတ်လောက် ကြာသွား၏။

အစ်ကိုလေးက အရက်ဖိုး ခဏခဏ တောင်းနေ၍ စိတ်ညစ်ရသည်။

ဒေါ်လေးကတော့ ဆဲဆိုကြိမ်းမောင်းသဖြင့် ဆူညံပွက်နေ၏။

မမကြီးကလည်း ကလေးတွေနှင့် စီးပွားရေး အဆင်မပြေပေ။

“ရန့်”

“ရှင်”

“နင့်အကောင်ဆီက ဘာတစ်ပြားတစ်ချပ်မှ မယူဘဲ ထွက်လာတာ အံ့ရောဟယ်၊ ညည်း တော်တော် အသုံးမကျတဲ့ ဟာမလေးပဲ”

မမကြီးက အပြစ်တင်နေသည်။

“နင်က ဘယ်သူ့အားကိုးနဲ့ ဘဝပျက်ခံပြီး ရောက်လာတာလဲ ရန့်”

မမကြီးသည် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျပြီး ဆင်းရဲဒုက္ခရောက်နေသည်။

ပညာမတတ် ...

ယောကျ်ားကလည်း အလုပ်လက်ကြောမတင်းတဲ့လူ။

"နင် အ,လွန်းတယ်၊ ကိုယ့်မှာ မှီခိုအားထားရာမှ မရှိတဲ့ဟာ ရှန့်"

ကျွန်မ ...

ဘာမှ မပြောလို ...

မမကြီး ပြောချင်တာ ပြောပါစေ။

"ရှန့်"

"ရှင်"

"အမေရော"

"မရှိဘူး ... ဈေးသွားဝယ်တယ်"

ဒေါ်လေး ဈေးသွားဝယ်၍ ကျွန်မဆိုင်စောင့်ပေးနေမိသည်။

အစ်ကိုလေးက စောစောကပဲ အရက်ဖိုး တောင်းသွားသေး၏။

မမကြီး လာပြန်ပြီ။

"မမကြီးကို ဈေးဖိုးပေးဦး"

ကျွန်မ အနေနှင့်မပေး၍ မကောင်းပေ။

မမကြီးနှင့် အစ်ကိုလေးက ဒေါ်လေးအား အမြဲတမ်း နှိပ်စက်နေကြ ဖြစ်သည်။





"ငါ ယူသွားပြီ"

ပိုက်ဆံခွက်ထဲမှ ပိုက်ဆံတွေ နှိုက်သွားတော့သည်။

ကျွန်မ စိတ်ညစ်မိ၏။

ဒေါ်လေး အသက်ကြီးပြီ ...

သားသမီးတွေဆီက ဘာအထောက်အပံ့မှ မရဘဲ ဒေါ်လေးက ပြန်၍ ထောက်ပံ့နေရသေးသည်။

ကျွန်မလည်း ဘာထူးလဲ ...

ဒေါ်လေးကို ဘာမှမထောက်ပံ့နိုင်ခဲ့ပေ။

"ဒေါ်လေး"

"ဟင်"

"မမကြီးက ဈေးဖိုးယူသွားတယ်၊ အစ်ကိုလေးကိုလည်း အရက်ဖိုး ပေးလိုက်ရသေးတယ်"

ဒေါ်လေး ပြန်ရောက်လာတော့ ပိုက်ဆံခွက်ထဲမှာ ပိုက်ဆံ မရှိတော့သဖြင့် စိတ်မောလူမော ဖြစ်သွားရသည်။

"ရှန့်ရယ် ... ဒေါ်လေးတော့ သေချင်တာပဲ၊ ဒီဟာတွေ မသေမချင်း နှိပ်စက်နေကြတော့မှာပဲ"

ဒေါ်လေးကို ကျွန်မကြည့်ပြီး စိတ်မသက်မသာ ဖြစ်မိသည်။

အသက်ကြီးပြီ ...

ဘယ်သူ့ထံမှ အထောက်အပံ့ မရ၊

"ညည်း မြင်တဲ့အတိုင်းပဲ ရှန့်၊ ဒီမှာ မလွယ်ဘူး"

ကျွန်မ ဒေါ်လေးထံတွင် ကပ်နေရတာ စိတ်မလုံမလဲဖြစ်နေမိသည်။

"ဒီမှာ စီးပွားရေး ကျပ်ပါတယ်ဆိုမှ နင်က ကပ်စားနေသေးတယ်၊ အလကား ဟာမလေး"

အစ်ကိုလေးက ပြောသေးသည်။

သူကျတော့ ဘာမှမလုပ် ...

အရက်ပဲ သောက်နေသည်။

"ငါတို့က ပညာမတတ် ဘာမတတ်မို့ထားဦး၊ နင် တစ်ယောက်တည်း ဆယ်တန်းအောင်တာ၊ နင် ဘာမှ အသုံးမကျတဲ့ ဟာမလေး"

အစ်ကိုလေးပြောသမျှ ကျွန်မ ငုံခံနေဖို့ပဲရှိသည်။

"ရန့်"

"ရှင်"

"ဒေါ်လေး စကားကို နားထောင်ပါ"

ဒေါ်လေးကတော့ မောင်နှင့်ကင်းအောင်နေပြီး ဘဝတိုးတက်မှုရအောင် ကြိုးစားဖို့ပဲပြောသည်။

"တူမလေး ရန်ကုန်ပြန်ပါ"

ကျွန်မကတော့ မပြန်ချင်။

ဒေါ်လေးဆီမှာလည်း အကျပ်အတည်းက ပို၍ကြီးမားနေသည်။

ဆင်းရဲဒုက္ခ ရောက်နေ၏။





ကျွန်မ ...

ရန်ကုန် ပြန်သင့်လား ...

မောင် နေနီနီနဲ့ ဇွေစပ်ပါစေဟု ဆုတောင်းနေမိသည်။

"တစ်လ နှစ်လလောက်တော့ ရန့် ဒီမှာနေပါရစေ၊ နောက်မှ ရန်ကုန်ပြန်ဖို့ စဉ်းစားမယ်နော် ဒေါ်လေး"

"ညည်း မနေနိုင်မှာစိုးလို့ပါကွယ်"

တကယ်တော့ ...

ကျွန်မ ဒေါ်လေးကို ထောက်ပံ့စောင့်ရှောက်ထားသင့်သည်။

ရန်ကုန်ပြန်ပြီး ကျွန်မ အလုပ်တစ်ခုခု လုပ်ဖို့တော့ သင့်သည်။

ဘဝတိုးတက်မှုတော့ ရှာရမယ်။

ဒေါ်လေးကိုလည်း ဒုက္ခမပေးချင်။

တစ်ပတ်ကျော်ကြာတော့ မြလေး ကျွန်မတို့မြို့ကို ပြန်ရောက်လာသည်။

ကျွန်မကို လာတွေ့၏။

"ရတုကို တိုက်ခန်းအပ်တော့ နင်ဘယ်မှာနေလဲ ဇွတ်အတင်းမေးတယ်"

"ရှင် ဘာပြောလိုက်လဲ"

"မပြောနိုင်ဘူးလို့ ပြောလိုက်တယ်၊ ရှင့်ဒက်ဒီ ဆန္ဒအတိုင်းပဲ ဒီစဉ်ပါ၊ ရန့်ကို အနှောင့်အယှက် မပေးပါနဲ့တော့လို့"

ရတုက ရှင့်ကိုတော်တော်လေး ချစ်တယ်ဟု ပြောသည်။

ကျွန်မ ဘာမှ မကြားချင်။

မောင်နှင့် ပတ်သက်တာတွေ အားလုံး ကျွန်မ မေ့ထားပစ်ချင်မိသည်။

"ရန့်"

"ဟင်"

"နင့်ဒေါ်လေးမိသားစုက ကြည့်ရတာလည်း ဒုက္ခပဲ၊ ကျုပ်နဲ့ တစ်ခါတည်း ရန်ကုန်ပြန်လိုက်ခဲ့ပါ၊ နင့်ဘဝ ထူထောင်ရဦးမယ်"

ကျွန်မ ...

တွေဝေနေမိသည်။

"မောင် လက်ထပ်ပြီးမှ ကျွန်မ ပြန်မယ်"

"ရတုက နေနီနီ့ကို လက်ထပ်မှာပါ၊ ရှင်က သူ့အတွက် အရေး မပါပါဘူး"

မောင့်ဘဝ ရှေ့ရေးအတွက် ကျွန်မ နောက်ဆုတ်လိုက်တာ အကောင်းဆုံးပဲဟု ကျွန်မ တွေးနေမိသည်။

ရန်ကုန်ပြန်ဖို့တော့ ကျွန်မ တွန့်ဆုတ်နေမိ၏။

"ရန့်"

"ဟင်"

"ရှင် တွေမနေပါနဲ့"

"ရှင် ခွင့်ဘယ်လောက်ယူခဲ့လဲ မြလေး"

"တစ်ပတ်"





မြလေးပင် ထိုအလုပ်မှ ထွက်ပြီးနောက် အလုပ်တစ်ခု ပြောင်းရန် စီစဉ်နေသည်။

"ကုမ္ပဏီတစ်ခုက အလုပ်ခေါ်နေတယ် ရန့်၊ တို့သွားပြီး လျှောက်ရအောင်၊ ရှင့်အရည်အချင်းဆို အသာလေးရတယ်"

ရန်ကုန်ပြန်ဖို့အတွက် ကျွန်မ ဝန်လေးတွန့်ဆုတ်နေမိသည်။

အလုပ်သစ်ကတော့ ရှာရမယ်။

ကျွန်မ ...

ဒီမှာ ...

ဆက်နေလို့ မဖြစ်ဘူး ...

ဒေါ်လေး မိသားစုရဲ့ ဆင်းရဲဒုက္ခကို မကြည့်ရက်။

"အခွင့်အရေးပေါ်တုန်း ရှင်လိုက်ခဲ့ပါ၊ မြလေး ဒီကိုပြန်လာတာလည်း ရှင့်ကိုခေါ်ဖို့ပဲ"

"ကျွန်မ စဉ်းစားပါ့မယ်"

"စဉ်းစားမနေပါနဲ့၊ ရှင်ပြန်လိုက်ခဲ့ပါ၊ ရတုနဲ့ အကင်းရှင်းဆုံး နေပေါ့"

"ကျွန်မ ဘယ်မှာနေရမှာလဲ မြလေး"

"အဆောင်မှာပဲလေ"

"ဟင်"

ကျွန်မ ထွက်လာခဲ့တဲ့ အဆောင်မှာ မျက်နှာပူစွာနဲ့ နေရဦးမယ်။

"မမကရော"

"ပြောပြီးပြီ၊ ပြန်နေချင် နေတဲ့၊ ဒါပေမယ့် ဒီတစ်ခါတော့ စည်းကမ်းဖောက်လို့ မရဘူးတဲ့"

အိစံတို့က ဘာပြောမလဲ ...

နာမည်ပျက်ရှိနေသော ကျွန်မ ပတ်ဝန်းကျင်အား ဘယ်လို ရင်ဆိုင်ရမှန်းပင် မသိ။

"ကျုပ် အိမ်ကနေ ငွေတောင်းထားတယ် ရန့်၊ အခန်းတစ်ခန်း ငှားနေကြမယ်၊ လောလောဆယ်တော့ အဆောင်မှာပဲ နေရဦးမှာပဲ"

အဆောင်မှာ ပြန်နေရမှာ ကျွန်မ သေမတတ်ကြောက်နေမိသည်။

မျက်နှာပူမိ၏။

"နင်ဘာမှ တွေဝေမနေစမ်းပါနဲ့ ရန့်၊ ကျုပ် ရန်ကုန်ပြန်ရင် ရှင်လိုက်ခဲ့တော့နော်"

"အင်း"

"ဘဝဆိုတာ ဒီလိုပဲပေါ့ဟယ်၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ကြံ့ကြံ့ခံစမ်းပါ"

မြလေးသည် သူငယ်ချင်းကောင်း ပီသစွာဖြင့် ကျွန်မကို အားပေးနေသည်။

ကျွန်မ ရန်ကုန်ပြန်ဖို့ကိစ္စ အတော်လေး တွေဝေနေမိ၏။

တတ်နိုင်လျှင် ...

မောင်နှင့်အဝေးဆုံးမှာပဲ ကျွန်မ နေချင်မိခဲ့တာပါ။





မြလေး ပြန်သွားသည်။

အစ်ကိုလေးက ကျွန်မကို ရန်ကုန်ပြန်ဖို့ပဲ ပြောနေ၏။

"နင် ဒီမှာ ဘဝကိုနစ်မြုပ်ပစ်မလို့လား ရန့်၊ အသုံးမကျတဲ့ ဟာမလေး၊ ရန်ကုန်ပဲပြန်"

ကျွန်မ ရန်ကုန်မှာနေပြီး အလုပ်လုပ်စဉ်က ဒေါ်လေးထံ ငွေပို့နိုင်သည် မဟုတ်လား။

အစ်ကိုလေးက မူးနေစဉ် သောင်းကျန်းနေသည်။

မမကြီး ကလေးတွေကလည်း နေမကောင်းလူက တစ်မျိုး ငိုယို သောင်းကျန်းနေသည်။

"ရန့် ... နင် ရန်ကုန်ပဲသွားပါ၊ ဒီမှာ ဘာအကြောင်းမှ မထူးဘူးနော်၊ အမေ့ကို နင်ပဲ ထောက်ပံ့နိုင်မှာ"

မမကြီးကလည်း ကျွန်မအား ရန်ကုန်ကိုပဲ ပြန်စေချင်သည်။

ဟုတ်တော့ ဟုတ်၏။

ကျွန်မ ငွေရှာသင့်သည်။

ဘဝတိုးတက်အောင် ကြိုးစားလုပ်ဆောင်နေသင့်ပါလျက် ဘာမဟုတ်သည့် အကြောင်းကိစ္စလေးနှင့် ဘဝကို နစ်မွန်းခံကာ ဒေါ်လေးအား ဒုက္ခလာပေးသလိုဖြစ်နေရ၏။

ကျွန်မ ...

ရန်ကုန်ပဲ ပြန်သင့်တယ်။

မြလေးနှင့် ပြန်လိုက်သွားဖို့ပဲ ဆုံးဖြတ်လိုက်မိသည်။

## အခန်း ( ၁၄ )

မြလေးနှင့် ရန်ကုန်ပြန်လိုက်ခဲ့သည်။

ဒေါ်လေးဆီမှာ နေဖို့ ဘယ်လိုမှ အဆင်မပြေနိုင်တော့၍ပါ။

ကျွန်မ ကြိုးစားမှ ဖြစ်မည်။

ဒေါ်လေးတို့ မိသားစုကို ကျွန်မ တစ်နည်းနည်းနှင့် ထောက်ပံ့နိုင်ရန် ကြိုးစားရမည်။

ဘဝမှာ အားမာန်တွေ ရှိဖို့လိုသည်။

တွေဝေငေးငိုင်နေတဲ့ ကျွန်မအတွက် ဘဝရပ်တည်မှုက တစ်နေ့တစ်ခြား ပို၍ ခက်ခဲလာရမှာပဲဖြစ်သည်။

ကျွန်မ အဆောင်ကိုဝင်တော့ ...

မမက ခေါ်တွေ့သည်။

"သင်းရန့်"

"ရှင်"

"မင်း ပညာရသွားပြီလား"





"ဟုတ်ကဲ့"

မောင်နှင့် ပတ်သက်ပြီး ကျွန်မ ဘာမှမပြောလိုတော့ပေ။

ကျွန်မဘက်ကပဲ တစ်ဖတ်သတ် ရှောင်ထွက်လာခဲ့ခြင်းပါပဲ။

မောင်ဆန္ဒမပါခဲ့။

ကျွန်မနှင့်မောင် ရင်ဆိုင်ဖြေရှင်းတာမျိုးတွေလည်း မရှိ။

မမကို ရှင်းမပြချင်။

"ထင်တဲ့အတိုင်းပဲ ဦးမောင်မောင်ဇေက ညည်းနဲ့သဘောမတူဘူး မဟုတ်လား"

"အင်း"

"ရတုကရော"

"ဟင့်အင်း"

"ဘာလဲ"

"ရတုနဲ့ကျွန်မ ထပ်ပြီးမတွေ့ကြပါဘူး၊ ရတု သဘောထားကို ကျွန်မ ထပ်ပြီးမသိချင်တော့ပါဘူး၊ ကျွန်မ ပတ်လည်း မပတ်သက်ချင်တော့ပါဘူး မမ"

"ရန့်"

"ရှင်"

"မင်းကို မမကိုယ်ချင်းစာမိလို့ အဆောင်မှာ ပြန်လက်ခံတာ၊ အိစ်တို့က မမကို အရမ်းဝေဖန်ကြတယ်၊ ကိစ္စမရှိပါဘူး၊ သူတို့

မနေချင်လည်း သွားကြပါစေ၊ မမကတော့ ရန့်ကို လက်ခံလိုက်တယ်"

"ရှင်"

"အဆောင်လခကို မင်း အကြွေးထားလည်း မမလက်ခံမယ်၊ မင်းဟာ ရိုးသားဖြူစင်တဲ့ မိန်းကလေးဆိုတာ မမသိနေလို့ပဲ"

"မမရယ်"

မမ ရင်ခွင်ထဲသို့ ကျွန်မ တိုးဝင်ဖက်တွယ်ထားမိသည်။

ကျွန်မမှာ ...

အဆောင်လခလည်း မရှိဘူး ...

မောင် ထောက်ပံ့ပေးကမ်းတဲ့ ငွေကြေးတွေလည်း တစ်ပြားတစ်ချပ်မှ မယူခဲ့။

ဒေါ်လေးကိုပင် ကျွန်မရှိတဲ့ငွေတွေ ပေးထားခဲ့ရသည်။

"ရန့်"

"ရှင်"

"မင်း ဘာမှမပူနဲ့၊ မမ ချေးထားပါ့မယ်၊ ဘဝတိုးတက်ရေးအတွက် အလုပ်ပဲ ရှာနော်"

ကျွန်မ ဝမ်းသာသွားမိသည်။

မမသည် ကိုယ်ချင်းစာစွာ ကျွန်မအား ထောက်ပံ့ကူညီသည်။

"ရန့်"





"ရှင်"

"ရတုကို လုံးဝမဆက်သွယ်နဲ့တော့နော်"

"ရှင်"

"အဆိပ်အတောက်တွေ ဖြစ်လိမ့်မယ်၊ ညီမလေးဘဝ နစ်သထက် နစ်လိမ့်မယ်၊ ရန့်က ရိုးသားဖြူစင်လွန်းတယ်"

မောင်နှင့်လည်း ကျွန်မ လုံးဝ ပတ်သက်ဆက်ဆံလိုခြင်း မရှိတော့ပေ။

"မမကို ကတိပေးပါ"

"ရှင်"

"ရတုကို လုံးဝမပတ်သက်တော့ပါဘူးလို့"

မောင့်ဒက်ဒီကလည်း ထိုကဲ့သို့ပင် ကျွန်မအား တောင်းဆိုခဲ့ဖူးသည်။

ကျွန်မ ပြန်ရောက်နေမှန်း မောင် လုံးဝ မသိသေးပေ။

သိရင် ...

ကျွန်မကို ဆက်သွယ်မှာလား ...

အခုလောက်ဆိုရင်တောင် ...

မောင်နှင့်နေနီ လူကြီးချင်း စေ့စပ်တာ မောင်လက်ခံလိုက်ပြီလား။

"ရန့်"

"ရှင်"

"မင်းဘဝကို မမသိတယ်၊ အချစ်ဆိုတဲ့ အရာအတွက် ဘဝ

တစ်ခုလုံး မနစ်မွမ်းပစ်သင့်ဘူး ရန့်"

"မမစကားကို ရန့်နားထောင်ပါ့မယ်"

"လိမ္မာလိုက်တာကွယ်၊ ရန့်လေး ဘဝရှေ့ရေးအတွက်ပါ၊ ရတုက အပျော်ကြံစည်သွားမှာ မမ စိတ်ပူတယ်"

ရတုက အချစ်ကို အလေးအနက် ထားတတ်သူ တစ်ယောက် မဟုတ်ကြောင်း ပြောပြသည်။

"ညီမလေး ဘဝတစ်လျှောက်လုံးရဲ့ လက်တွဲဖော် မဖြစ်သင့်ဘူးကွယ်"

မမက ပြောသည်။

လောလောဆယ် ကျွန်မဘဝကို ကယ်တင်သူက မမပဲဖြစ်နေ၏။

အဆောင်လခပင် ကျွန်မမှာ မရှိ။

"ရန့် စိတ်သစ် လူသစ်နဲ့ ဘဝသစ်ကို ထူထောင်ဖို့ စောင့်တော့နော်"

"ဟုတ်ကဲ့"

"သွားတော့"

မမအခန်းကနေ ထွက်လာခဲ့တော့ အိစုတို့နှင့်ဆုံသည်။

"အရှက်မရှိဘူးကွာ၊ တကယ်ကို အရှက်နည်းတယ်၊ ဒီမျက်နှာနဲ့ အဆောင်များ ဝင်လာရဲသေးတယ်"

ကျွန်မ ရှောင်ထွက်လာခဲ့မိသည်။

မကြားချင်ဟန် ပြန်ခဲ့သည်။





"တို့အဆောင်က နာမည်ပျက်ရှိတာ မဟုတ်ဘူး၊ မမက ဘာလို့ လက်ခံမှန်း မသိပါဘူးကွာ"

"ဟုတ်တယ် … တို့အဆောင် နာမည်ပျက်တော့မှာ၊ တို့အဆောင်ပြောင်းမယ် အိစုံ"

ကျွန်မ ခြေလှမ်းတွေ ယိုင်ခွေကျမသွားအောင် မနည်းထိန်းချုပ်ရသည်။

အခန်းထဲရောက်လာ၏။

မြလေးက မျက်လုံးပြူးကြီးတွေနှင့် ကြည့်ပြီး အထိတ်တလန့်မေးသည်။

"ရန့် ဘာဖြစ်တာလဲ၊ မမ ဘာပြောလိုက်လို့လဲဟင် ပြောစမ်း"

ကျွန်မ မှန်းကျပ်နေတဲ့ရင်ကို တည်ငြိမ်အောင် အတော်လေး ကြိုးစားနေရသည်။

အသက်ရှုပင် မဝ။

"ရန့်"

"ဟင်"

"မမ ဘာပြောလဲ"

ကျွန်မ နှုတ်ခမ်းတွေက မပြေနိုင်သေးဘဲ ခေါင်းညိတ်ပြမိသည်။

မြလေးက ရေတစ်ခွက် ကမ်းပေးသည်။

ကျွန်မ ရင်တွေ အေးမသွား …

ပူလောင်နေသည်။

"ရန့် ... မမ ဘာပြောလဲ"

"ဟင့်အင်း ..."

"အိစံတို့နဲ့ တွေ့ခဲ့တာလား"

"အင်း"

"သိပ်ဂရုစိုက်မနေစမ်းပါနဲ့၊ ကိုယ့်အလုပ် ကိုယ်လုပ်စမ်းပါ"

ကျွန်မ မောင့်ကိုသာ မချစ်ခဲ့မိလျှင် ဒီလောက်အထိ အနှိမ်ခံ မျက်နှာငယ်ရသော ဘဝမျိုး ရောက်မှာ မဟုတ်။

"တို့တွေ အလုပ်သွားလျှောက်ရမယ် ရန့်၊ ရှင် အပြင်ထွက်မှ ဖြစ်မယ်"

ကျွန်မ အပြင်မထွက်ချင်သေး။

မောင် တွေ့သွားမှာ ကြောက်နေမိသည်။

"ရန့်တော့ အပြင်မထွက်ချင်သေးဘူး"

"ရှင် မထွက်လို့ မဖြစ်သေးဘူး၊ အလုပ်က လျှောက်ရမှာလေ ရတု တွေ့လည်း ဘာဖြစ်လဲ၊ နင့်ဘက်က ခပ်မှန်မှန်နေလိုက်ပေါ့"

မောင် ...

ကျွန်မ နေလို့ရမှာ မဟုတ်ဘူး။

မောင်နဲ့ နှစ်ယောက်ချင်း ရင်မဆိုင်ရဲတာတော့ အမှန်ပဲ ဖြစ်သည်။

"ရန့် အနားယူတော့ နင်အိပ်လိုက်ဦးနော်၊ မနက်ဖြန် အလုပ်သွားလျှောက်ကြမယ်၊ အလုပ်မရှိဘဲနဲ့တော့ နေလို့ မဖြစ်ဘူး"





ဟုတ်တယ် ...

ကျွန်မ အလုပ်ရှာရမယ် ...

ဝင်ငွေမရှိလို့ မဖြစ်တဲ့ ဘဝဖြစ်နေသည်။

ကျွန်မ ...

အိပ်လို့မရ ...

မောင့် အယုအယ အကြင်နာတွေကို သတိရတမ်းတနေမိသည်။

ဒုက္ခပါပဲ ...

ကျွန်မ မေ့ပျောက်ပစ်မှ ...

မောင်ရယ် ...

ကျွန်မကို မေ့သွားပြီလား ...

နေနီနီနဲ့ မောင် လက်ထပ်လိုက်ပြီလားဟင် ...

"ရန့် မအိပ်သေးဘူးလားကွာ"

"မြလေး"

"ဟင်"

"အိပ်လို့မရဘူး၊ ကိုယ့်ခေါင်းထဲမှာ အိပ်ချင်စိတ်တွေ မဲ့နေတယ်"

"ခက်တာပဲ"

မြလေးကိုလည်း ကျွန်မ အပူသောကတွေ ကူးစက်နေသည်။

စိတ်ထိခိုက်နေ၏။

ကျွန်မ အိပ်မပျော်လျှင် မြလေးလည်း အိပ်မှာမဟုတ်။

အိမ်ချင်ယောင် ဆောင်နေလိုက်သည်။

မိုးလင်းမှ အိပ်ပျော်သွား၏။

အိပ်မက်ထဲတွင်

မောင်နှင့်နေနီနီတို့ မင်္ဂလာဆွေခံပွဲကြီးဆီသို့ ကျွန်မ ရောက်သွားသည်။

အပြုံးတွေနှင့် ဝေနေသော မင်္ဂလာမောင်နှံသည် ကျွန်မထံ တဖြည်းဖြည်း နီးကပ်စွာ လျှောက်လှမ်းလာနေ၏။

ကျွန်မကိုတွေ့တော့ မောင့်မျက်နှာ ကွက်ခနဲပျက်သွားသည်။

နေနီနီ့ကို ဆုပ်ကိုင်ထားသော မောင့်လက်တွေက ပြေလျော့သွား၏။

"မင်း ... မင်း ဘာလုပ်နေတာလဲ သင်းရနံ့"

"မောင်"

"မင်းကို ဒီမင်္ဂလာပွဲလာဖို့ ဘယ်သူဖိတ်တာလဲ၊ မင်းထွက်သွားစမ်း၊ မင်းကို ဘယ်သူမှ မဖိတ်ဘူး"

မောင်သည် ဒေါသတကြီးနှင့် ကျွန်မအား အော်ထုတ်မောင်းနှင်ပစ်သည်။

မျက်ဝန်းတွေက တင်းမာခက်ထန်ကာ ဒေါသတွေ ပေါက်ကွဲလာ၏။

"မင်း ငါ့ကိုလာပြီး နှောင့်ယှက်နေတာလား ရနံ့ ... မင်း





ထွက်သွားစမ်း"

"မောင်"

"ဘာ မောင်လဲ ... မင်းနဲ့ငါ ဘာမှမဆိုင်ဘူး၊ မင်းကို ငါ မချစ်ဘူး၊ မင်းလို အဆင့်အတန်းမရှိတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်သူက အတည်ချစ်မှာလဲ သင်းရနံ့"

မောင်သည် ကျွန်မကို ရက်စက်စွာ ပြောနေတော့သည်။

"နင့်ကို ရတုက ချစ်တာမဟုတ်ဘူး၊ နင် ထွက်သွားစမ်း၊ ဘာလာလုပ်တာလဲ"

နေနီနီက ကျွန်မအား အော်ဟစ် မောင်းထုတ်နေသည်။

ကျွန်မ ကြောက်လန့်တကြားနှင့်မောင့်ကို ငိုယိုတောင်းပန်နေမိ၏။

"မောင် ကျွန်မကို ပစ်မသွားပါနဲ့၊ ကျွန်မ မောင့်ကိုချစ်တယ် မောင် ကျွန်မဆီကိုပဲ လာခဲ့ပါ"

မောင်က ကျွန်မအနားရောက်လာပြီး ဒေါသတကြီးနှင့် ဆောင့်တွန်းပစ်လိုက်သည်။

"မောင်"

"မောင်"

"မောင် ... "

"ရနံ့ ... ဘာဖြစ်တာလဲ၊ နင် အိပ်မက် မက်နေတာလား ထစမ်း"

"ဟင်"

ကျွန်မ လန့်နိုးသွားသည်။

နေအတော်မြင့်နေပြီ ဖြစ်၏။

“ရန့် ... ”

“ဟင်”

“ရှင် ဘာဖြစ်တာလဲ”

“အိပ်မက်”

“ရတု အကြောင်းလား”

“အင်း”

“ဒါကြောင့် မောင် ... မောင်နဲ့ အော်နေတာကိုး”

အိပ်မက်ထဲမှာ မောင်သည် ကျွန်မကို ဒေါသတကြီးနှင့် အော်ဟစ်မောင်းထုတ်နေတော့သည်။

“အိပ်မက်ထဲမှာ မောင်က ကျွန်မကို မချစ်ဘူးတဲ့၊ အပျော်ကြံတာတဲ့၊ အတင်းပဲ မောင်းထုတ်နေတယ် မြလေး”

“အိပ်မက်ဆိုတာ ပြောင်းပြန်ကောက်ရတယ်ဟဲ့”

“ဟင်”

ကျွန်မ မျက်နှာလေး စောစောကလို ညိုပုပ်မနေတော့ပေ။

ဝင်းလက်တောက်ပသွားသည်။

မြလေးက မျက်စောင်းထိုးပြီး ကျွန်မကို ကြည့်၏။

“ရန့်နော် ... ရတုကို သံယောဇဉ် မပြတ်သေးဘူးလား၊ မမကို ဘာပြောထားလဲ၊ ကိုယ့်ဘဝကို သိစမ်းပါ ရန့်ရယ်”

“အင်းပါ ... တကယ်တမ်း ရင်ဆိုင်ရမယ်ဆိုတော့လည်း





ကျွန်မ တုန်လှုပ်နေမိတယ် မြလေးရယ်”

“ကျွန်မ ကိုယ်ချင်းစာပါတယ် ရန့်ရယ်၊ ဒါပေမယ့် ရတုကို ရှင် လုံးဝ မချစ်သင့်တော့ပါဘူး၊ ဘဝချင်းက တူမှ မတူတာ”

မြလေးကတော့ ရတုနှင့် လုံးဝ မပတ်သက်စေချင်တော့။

ကျွန်မ ...

အိပ်မက်ကြီးကိုတွေးပြီး ထိတ်လန့်တုန်လှုပ်နေဆဲပင် ဖြစ်သည်။

“ထတော့ ... ရေချိုး အဝတ်အစားလဲ၊ တို့ကုမ္ပဏီတစ်ခုကို အလုပ်သွားလျှောက်ရမယ်”

ကျွန်မ အပြင်မထွက်ချင်။

မြလေးက ဖွတ်အတင်းပင် ခေါ်နေတော့သည်။

အလုပ်ကလည်း မလျှောက်လို့ မဖြစ်ဘူး မဟုတ်လား။

ကျွန်မ ဘဝဆက်ပြီး ရပ်တည်မှုအတွက် ဝင်ငွေရှိမှဖြစ်မည်။

ရေချိုးခန်းထဲ ဝင်လာခဲ့သည်။

ရင်ထဲမှာ နွမ်းနေ၏။

မောင့်ကို မေ့ပစ်နိုင်ဖို့ ကြိုးစားနေပါတယ်ဆိုမှ အိပ်မက်ဆိုးကြီးတွေကို မက်နေရသေးသည်။

“ရန့် ... ရှင့်ကြည့်ရတာ စိတ်အားငယ်နေသလိုပဲ၊ ဘာမှ စိတ်မကောင်း ဖြစ်မနေပါနဲ့”

မြလေးကတော့ အားပေးနှစ်သိမ့်နေသည်။

"နင် သိပ်ပြီး ချစ်စရာကောင်းတာပဲ၊ ရတုက နင့်ကိုချစ်တယ်ဆိုတာလည်း အပြစ်မရှိပါဘူးဟယ်"

မြလေး စကားတွေကို ကျွန်မ တုံ့ပြန်၍ ပြောမနေတော့။

မောင် ...

ကျွန်မကို ချစ်သေးရဲ့လား ...

မုန်းသွားပြီလားဟင် ...

ဟင့်အင်း ...

မောင့်ကို ကျွန်မ စွန့်ခွာသင့်တယ် ...

မြလေး ပြောသလိုပဲ ဘဝချင်းက တူကြတာမှ မဟုတ်တာပဲ ...

ကျွန်မ အနာဂတ်ကို ကျွန်မပြန်၍ တည်ဆောက်ဖို့ပဲ လိုအပ်သည်။

အင်အားတွေ မွေးယူလိုက်၏။

ရှေ့ဆက်ရမည့် ခရီးအတွက် နှေင့်နှေးကြန့်ကြာ၍ မဖြစ်တော့။

မောင်သည် ကျွန်မနှင့် ဘယ်လို မပတ်သက်သော လူတစ်ယောက် ဖြစ်သွားသင့်သည်။

❖



အခန်း ( ၁၅ )

ကျွန်မ အလွယ်တကူပင် အလုပ်ဝင်ခွင့်ရလေသည်။

မြလေးလည်း ကျွန်မနှင့်အတူ အလုပ်ရ၍ အားအင်တွေ ရှိနေမိ၏။

"တို့ အလုပ်ရတာ ကံကောင်းတယ်၊ အလုပ်ရှင်က ရတုအရွယ်ပဲနော်၊ ကေနှ ရှင့်ကိုငမ်းပြီး ပေးတာများလား"

ကျွန်မကတော့ မောင်ကလွဲပြီး တခြားယောကျ်ားတစ်ယောက်ကို ဘယ်နည်းနှင့်မှ စိတ်မဝင်စားတော့ပါဘူး။

အချစ်ဆိုတာလည်း မစဉ်းစားချင်ပေ။

အလုပ်အလွယ်တကူ ရတာပဲ ဝမ်းသာရမလို ဖြစ်နေသည်။

ကျွန်မတို့ ရပ်တည်ခွင့်က မလွယ်။

အလုပ်ပင် မဝင်ရသေးဘူး အစ်ကိုလေးက အမေ နေမကောင်းလို့ ငွေပို့ရန် အဆောင်ကိုလှမ်းပြီး ဖုန်းဆက်နေသည်။

"ရှန့်"

"ရှင်"

"ကိုအုပ်စိုးခက ရှင့်ကို အတွင်းရေးမှူးခန့်ရင် ရှင်ဘယ်လို လုပ်မလဲ"

"ကျွန်မ အလုပ်တာဝန်ကလွဲပြီး ဘာကိုမှ စိတ်မဝင်စား တော့ပါဘူး မြလေးရယ်"

ကျွန်မတို့ အလုပ်ရှင်က မောင်နှင့် အသက်အရွယ်အတူတူ ပင် ရှိမည်။

နာမည်က အုပ်စိုးခ တဲ့။

လူတွေ့ စစ်ဆေးရာတွင် နောက်ဆုံးအဆင့်ကို အုပ်စိုးခ စိစစ်ရွေးချယ်ခြင်းပဲ ဖြစ်သည်။

"အင်းလေ ... ကောင်းပါတယ်၊ ယောကျ်ားတွေကို ဝေးဝေး ရှောင်တာ အကောင်းဆုံးပဲ၊ အဓိက ရှင်ပဲ ရနံ့၊ တိုးတက် အောင်မြင် မှုကိုပဲ မျှော်လင့်တော့နော်"

"အင်း"

ဒီနေ့ ...

အလုပ် စတင်ဝင်ရမည့်နေ့ ဖြစ်၍ ကျွန်မတို့ နှစ်ယောက်လုံး စိတ်လှုပ်ရှားနေကြသည်။

အဝတ်အစား အပြင်အဆင်ကအစ သတိထားပြီး ရွေးချယ် နေမိ၏။

"ရနံ့ ပြီးပြီလား"

"အင်း"





"သွားစို့"

ထမင်းချိုင့်လေးတွေ ကိုယ်စီဆွဲပြီး ထွက်လာခဲ့ကြသည်။

ဖယ်ရီရှိ၍ ပိုပြီးအဆင်ပြေ၏။

ကုမ္ပဏီရောက်တော့ ကိုအုပ်စိုးခက ကျွန်မအားခေါ်တွေ့ သည်။

သီးသန့်ဖြစ်နေ၍ ကျွန်မ နည်းနည်းတော့ ထိတ်လန့်သွား ရ၏။

"မသင်းရနံ့"

"ရှင်"

"မင်းကို ကိုယ်သီးသန့်ခေါ်တွေ့ရတာကတော့ ကိုယ့်အနား မှာ မင်းကို အမှုထမ်းဖို့ လိုအပ်လို့ပဲ"

"ရှင်"

"ကိုယ့် အတွင်းရေးမှူးမလေးအဖြစ် မင်းကို ရွေးချယ်တာ ပဲ"

"ရှင်"

"မင်း လက်ခံမယ် မဟုတ်လား သင်းရနံ့"

မဖြစ်နိုင်တာပဲ ...

ကျွန်မနှင့် အသက်အရွယ် သိပ်မကွာသော ယောကျ်ား တစ်ယောက် အနားမှာ ကျွန်မ အလုပ်မလုပ်လိုပေ။

နာမည်ပျက် ရှိနေခဲ့သော ကျွန်မ နောက်ကြောင်း ရာဇဝင် ကို မသိ၍ပဲလား ...

ချမ်းသာကြွယ်ဝသူတွေဆိုရင်ကျွန်မဝေးဝေးကရှောင်သင့်သည်။

"ကျွန်မ လက်မခံပါရစေနဲ့ ဆရာ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကျွန်မ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှာ မဟုတ်လို့ပါ"

သူ ...

အံ့သြစွာဖြင့် ကျွန်မကို ကြည့်သည်။

ဒီအခွင့်အရေးမျိုး မိန်းကလေးတိုင်း လိုလားစွာ လက်ခံမှာပဲဟု ထင်မှတ်ထားပုံ ရ၏။

"မင်း ဘာဖြစ်လို့ လက်မခံချင်ရတာလဲ သင်းရန့်"

"ကျွန်မ ရိုးရိုးဝန်ထမ်းတစ်ယောက်ပဲ တာဝန်ထမ်းဆောင်ချင်ပါတယ် ဆရာ၊ အတွင်းရေးမှူး တာဝန်ကို အတင်းထမ်းဆောင်နိုင်းမယ်ဆိုရင်တော့ ကျွန်မ အလုပ်ကနေ ထွက်ပါ့မယ်"

ကျွန်မအနေနှင့် အုပ်စိုးခလို ယောကျ်ားမျိုးတွေနဲ့ အကင်းရှင်းဆုံးနေဖို့ပဲ အခိုင်အမာ ဆုံးဖြတ်ထားမိသည်။

"သင်းရန့်"

"ရှင်"

"မင်းဟာ အလွန်ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပဲ"

ကိုအုပ်စိုးခအား ကျွန်မ ဘာတစ်ခုမှ ရှင်းလင်းပြောပြ မနေလိုတော့ပေ။





ကျွန်မအား ရိုးသားဖြူစင်သည်ဟု မောင်လည်း မကြာခဏ ပြောတတ်သည်။

မကြားချင်တော့ပေ။

ထလိုက်သည်။

"ကျွန်မကို ခွင့်ပြုပါဦး ဆရာ"

"ထိုင်ပါဦး"

"ရှင်"

"မင်း အရည်အချင်းတွေကို ဘာဖြစ်လို့ တိုးတက်မှုရှိအောင် အသုံးမချချင်ရတာလဲ"

"ကျွန်မ ... "

ကျွန်မ ဘာပြောရမလဲ။

ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေက ကျွန်မအတွက် စိတ္တဇ ဆန်လွန်းနေသည်။

ယနေ့အထိ ...

ကျွန်မ နှလုံးသားထဲတွင် နာကျင်မှုဝေဒနာတွေကို ခံစားနေရဆဲပင်ဖြစ်သည်။

"မင်း ထပ်ပြီး စဉ်းစားပါဦး သင်းရန့်၊ တစ်ပတ်လောက်ပေါ့"

ကျွန်မ လက်မခံချင်တာတော့ အမှန်ပဲဖြစ်သည်။

ကိုအုပ်စိုးခသာ အသက်အရွယ်ကြီးရင့်သော ကုမ္ပဏီပိုင်ရှင်တစ်ယောက်ဆိုရင်တော့ ကျွန်မ လက်ခံမိမှာပဲ။

"မင်း သွားနိုင်ပြီ"

"ဟုတ်ကဲ့"

ကျွန်မ ထလာခဲ့မိသည်။

မြလေးရော တခြားမိန်းကလေးတွေပါ ကျွန်မကို စိတ်ဝင်တစား အနားသို့ ကပ်လာကြ၏။

"ရန့် ဘာပြောလဲ"

"ကျွန်မကို သူ့အတွင်းရေးမှူးနေရာအတွက် တာဝန်ထမ်းဆောင်ဖို့ ခေါ်ပြောတာပါ မြလေး"

"ရှင် ဘာပြောခဲ့လဲ"

"ငြင်းခဲ့တယ်"

"ဟင်"

အားလုံး တအံ့တဩနှင့် သူမအား ကြည့်ကြသည်။

"ဆရာက တစ်ပတ်လောက် စဉ်းစားပါဦးတဲ့"

မြလေးကတော့ ကျွန်မအကြောင်း သိထားပြီးသားဖြစ်နေသည်။

အဆောင်ပြန်ရောက်တဲ့အထိ ကျွန်မအား မြလေးက ထိုအခွင့်အရေးကို လက်မလွှတ်ဖို့ ပြောခဲ့၏။

"ကျွန်မ လက်မခံချင်ဘူး မြလေးရယ်၊ ကျွန်မ အသက်ထက်မတိမ်းမယိမ်း ဖြစ်နေတဲ့ အထက်အရာရှိနဲ့ အတူတူ မနေချင်ဘူး"

"ရန့်"

"ရှင်"

"မင်းက ချစ်စရာကောင်းတယ်"





"မြလေးရယ်"

"ဆရာလည်း မင်းကို မကြာခင် သံယောဇဉ် ဖြစ်မှာပဲ"

"ဒါကြောင့် ကျွန်မဘက်က ကြိုတင်ပြီး ရှောင်တာပါ"

ကျွန်မဘဝ ဘာဖြစ်လို့များ ဒီလောက်အထိ ကံဆိုးနေရတာလဲ။

လခပိုရမဲ့ အလုပ်ကို ကျွန်မ လုပ်ဆောင်ရန် ဝန်လေးနေမိသည်။

မဖြစ်ဘူး ...

ကျွန်မ ထပ်ပြီး စိတ်သောကတွေ မခံစားနိုင်တော့လို့ပါ။

မမကို ပြောပြတော့ ...

"ရန့်ဘဝလည်း ဒုက္ခပါပဲ၊ တစ်ခုတော့ရှိတယ်၊ ရန့် မိန်းမချောလေးတစ်ယောက်အတွက် ရလာတဲ့ အခွင့်အရေးကို လက်လွှတ်မခံသင့်ဘူး"

"ကျွန်မ"

"ရန့်က ရိုးသားတယ် ဆိုတာ မမ တဖြည်းဖြည်း သဘောပေါက်လာရပြီကွယ်၊ မင်းဘက်က မမှားဘူး၊ ကံကြမ္မာက ဆိုးတာပါ"

အဆောင်မှူး မမစကားကြောင့် ကျွန်မ စိတ်သက်သာရာရသွားသည်။

အိစံနှင့် သူငယ်ချင်းသုံးယောက်လောက် အဆောင်မှ ထွက်သွား၏။

"အဆောင်က ထွက်သွားတဲ့ မိန်းကလေးတွေက ရန့်ကို မနာလိုနေလို့ ဖြစ်ကြတာပါ။ ရန့်က မမ ထက်တောင်ရိုးသားဖြူစင်ပြီး အပြစ်ကင်းသေးတယ်"

မမကမှ ဦးမောင်မောင်ဇေ ပေးတဲ့ ပစ္စည်းတွေကို ယူခဲ့သေးသည်ဟု ပြောသည်။

ကျွန်မက မောင့်ပစ္စည်းတွေ မယူတာ ဖြူစင်မှုတစ်ခုပဲတဲ့။

မောင့်ကိုချစ်တာပါ။

နှလုံးသားထဲက မြတ်နိုးတာပါ။

မောင့်ကို သတိရတမ်းတလာမိသည်။

မျက်ဝန်းတွေထဲမှာ မျက်ရည်က ဝဲချင်လာမိ၏။

"ရန့်"

"ရှင်"

"ညည်း အလုပ်ကို လက်ခံပါ"

"ဟင်"

"ဘာပဲဖြစ်ဖြစ် ညည်းလေးဘဝရဲ့ တိုးတက်မှု အစပဲ ဒီအလုပ်တာဝန်ကို ကျွမ်းကျင်မှုအတွက် အစပျိုးတာပဲလေ ရန့်"

မမကတော့ ထိုအခွင့်အရေးကို လက်မလွှတ်ဖို့ပြောနေသည်။

"ရန့် လက်ခံလိုက်ပါ။ မင်းတို့ မိသားစု အခြေအနေကလည်း မင်းပဲ ထောက်ပံ့ရမှာ မဟုတ်လား"

မမက ကျွန်မ လက်လေးကို ဆုပ်ကိုင်ကာ အားပေးသည်။





"ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွှေ့ပါဘူး သင်းရန့်ရယ်"

ကျွန်မ ကိုယ်ကျင့်တရားကို မမက လေးစားသည်ဟု ပြောသည်။

"ရန့် လုပ်ငန်းအတွေ့အကြုံရတာပေါ့၊ ပညာရှာတယ်လို့ပဲ သဘောထား"

မမ ပြန်သွားသည်။

အခန်းထဲမှာ မြလေးနှင့် ကျွန်မ နှစ်ယောက်တည်းကျန်ခဲ့၏။

"မမ ပြောသလိုပဲ ရှင်လက်ခံသင့်တယ် ရန့်ရယ်"

ကျွန်မဘဝ တိုးတက်မှုအတွက်ပဲဟု မြလေးက ပြောသည်။

"ရှင့်အိမ်က ဘာပဲပြောပြော ရှင် ထောက်ပံ့ရမယ်"

ကျွန်မ တွေဝေစွာ စဉ်းစားနေချိန်မှာပင် အစ်ကိုလေးက ထပ်ပြီး ဖုန်းဆက်သည်။

"ရန့် ... နင် ပေါ့မနေနဲ့ အမေ နေမကောင်းဘူး၊ အိပ်ရာထဲလဲနေတယ်"

အစ်ကိုလေးသည် ငယ်စဉ်ကတည်းက ကျွန်မအား မညှာတော ပြောဆိုတတ်သည်။

မကြင်နာတတ်။

မိခင်အရင်းတစ်ယောက် အပေါ်တောင် မနာလိုသေးတာ။

"နင် ယောကျ်ားယူရင်လည်း သူဌေးကိုယူ၊ အချစ်ဆိုတာ ဘာအရေးမှ မကြီးဘူး၊ အဓိက ငွေပဲ"

ကျွန်မ ဘာမှမပြောတော့ ...

"နင် ငွေပို့ပေးဦး"

"အင်းပါ ... အစ်ကိုလေးလည်း ဒေါ်လေးကို ဂရုစိုက်ပါဦး၊ စိတ်ဒုက္ခရောက်အောင် မလုပ်ပါနဲ့၊ ကျွန်မ အတတ်နိုင်ဆုံး ပို့ပေးပါ့မယ်"

"နင် အလုပ်ရပြီလား၊ အမေက မေးခိုင်းလို့ ရန့်"

"ရပါပြီ၊ လခလည်းကောင်းတယ်၊ ကုမ္ပဏီပိုင်ရှင်ရဲ့ အတွင်းရေးမှူးမလေးလို့"

"နင် ပွတာပဲ၊ ရတဲ့အခွင့်အရေးကို အသုံးချတတ်အောင် ကြိုးစားနော် ရန့်"

"အင်းပါ ... "

အဆောင်မှူး မမှနှင့်သာ တွေ့ပြီး ကျွန်မကို မတွေ့လိုက်၍ အစ်ကိုလေး ထပ်ပြီး ဖုန်းဆက်ခြင်းပင်။

အစ်ကိုလေးကတော့ မလွယ်ဘူး။

"ဘာတဲ့လဲ ရန့်"

"ဒေါ်လေး နေမကောင်းလို့ အလုပ်မလုပ်နိုင်တော့ဘူး၊ နင် ငွေပို့ပေးတဲ့"

"နင်ကတော့ တကယ်မလွယ်ဘူး ရန့်"

"ဘယ်တတ်နိုင်ပါ့မလဲဟယ်၊ ကံကြမ္မာပဲပေါ့"

ကျွန်မဘဝမှာ ဒေါ်လေး ကျေးဇူးတွေလည်း အများကြီးရှိနေသည်။





ကျေးဇူးဆပ်ရမှာပဲ။

ကိုအုပ်စိုးခပေးတဲ့ တာဝန်ကို ကျွန်မ ထမ်းဆောင်ရန် လက်ခံရတော့မည့် အခြေအနေ ဖြစ်နေရသည်။

အချိန်က တစ်ပတ်ပြည့်သွား၏။

ကိုအုပ်စိုးခက ကျွန်မအား ထပ်၍မေးသည်။

"မင်း စဉ်းစားပြီးပြီလား သင်းရန့်"

"ဟုတ်ကဲ့"

"အဖြေက ... "

"ကျွန်မ လက်ခံပါတယ်"

ကျွန်မ လုံးဝမလုပ်လိုသော အလုပ်တစ်ခုကို မလုပ်မဖြစ်၍ လက်ခံလိုက်ရခြင်းသာ ဖြစ်ခဲ့သည်။

"ဝမ်းသာတယ် သင်းရန့်၊ မင်း ကြိုးစားပါ၊ မင်း ဒီအလုပ်ကို လက်ခံတာ ကိုယ့်ရဲ့အောင်မြင်မှု တစ်ခုပဲလေ"

ကျွန်မ ...

အလုပ်တာဝန်ကို ကျေပွန်အောင်လုပ်ဆောင်ဖို့ ဆုံးဖြတ်ထားမိသည်။

ဘဝတိုးတက်မှုတစ်ခုပဲ ကျွန်မ ကြိုးစားရမယ်။

"ဆရာ"

"ပြော"

"ကျွန်မကို ဆရာတာဝန်ပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်မလည်း အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ ဒါပေမဲ့ ကျွန်မ ကိုယ်

ရေးကိုယ်တာ ကိစ္စတွေကိုတော့ ဆရာသိအောင် ပြောပြပါရစေ"

ကျွန်မ ...

ယခင်က အတွင်းရေးမှူး တာဝန်ကို ငြင်းဆန်ကြောင်းနှင့် ကျွန်မ ဖြစ်ပျက်ခဲ့တာတွေ ပြောပြမိသည်။

နောင်တစ်နေ့ ...

ဆရာ သိလာရမှာပဲ ဖြစ်သည်။

ကျွန်မ အဖြစ်အပျက်တွေကို သိသွားပြီး အလုပ်ထုတ်ပစ်မှာလည်း ကြောက်နေမိ၏။

ပြဿနာကို ရင်ဆိုင်လိုက်ခြင်းပင်။

"မင်းအကြောင်းတွေကို ဆရာသိပြီးသားပါ သင်းရနံ့"

"ရှင်"

"ဦးမောင်မောင်ဇေရော၊ ဇေရတုကိုရော ကိုယ် သိတာပဲဟာ၊ မင်းဘက်က ရိုးသားဖြူစင်ကြောင်းလည်း ကိုယ်သိထားပြီးပြီပဲ"

ဆရာရဲ့ သဘောထားကြီးမှုကို ကျွန်မ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။

"ဆရာပေးတဲ့ တာဝန်တွေကို ကျွန်မ ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်"

"ကောင်းပြီး သင်းရနံ့၊ မင်း ကြိုးစားသလောက် အကျိုးရှိစေရမှာပါ"





ကျွန်မ စိတ်လက်ပေါ့ပါးစွာဖြင့် ဆရာ့အနားမှ စားပွဲသို့ ပြောင်းရွှေ့လာခဲ့မိတော့သည်။

ဆရာအုပ်စိုးခသည် စိတ်သဘောထား ပြည့်ဝသော အလုပ်ရှင်တစ်ယောက်ဟု ကျွန်မ သိလိုက်သည်။

ဝမ်းသာဝမ်းမြောက် ဖြစ်သွားရ၏။

စိတ်တွေ ရွှင်လန်းတတ်ကြွနေသည်။

ကျွန်မ လုပ်အားခတွေနှင့် ဒေါ်လေးကျေးဇူးတွေ ပြန်ဆပ်ရန် စိတ်အားတတ်ကြွနေမိတာတော့ အမှန်ပဲဖြစ်၏။

အေးချမ်းတဲ့ ဘဝလေးတစ်ခုကို ပိုင်ဆိုင်ခွင့်ရဖို့ ကျွန်မ ကြိုးစားမည်။

အနာဂတ်အတွက် ...

မျှော်လင့်ချက်တွေနှင့် ပြည့်နှက်နေသည်။

အခန်း ( ၁၆ )

"ရန့်"

"ဟင်"

မောင် ...

ကျွန်မ အံ့သြတုန်လှုပ်စွာဖြင့် မောင့်ကို ကြည့်မိသည်။

မြလေးက ဖယ်ရီနှင့် ပါသွား၏။

ကျွန်မ နောက်ကျနေ၍ ဘတ်စ်ကားနှင့်လာစဉ် မောင့်ကို တွေ့ရခြင်းဖြစ်သည်။

"ရတု"

"မောင်ပါ"

"ကျွန်မ ... "

"မောင့်ကို ဘာဖြစ်လို့ ရှောင်ထွက်ပြေးနေရတာလဲ ရန့်"

မောင့်အမူအရာတွေက ရီဝေညို့ရော်ပြီး နွမ်းဖတ်ဖတ်လေး ဖြစ်နေတာ တွေ့လိုက်ရသည်။





အိပ်မက်ထဲကလို ကျွန်မကို ဒေါသမျက်ဝန်းတွေနှင့် မကြည့်ပေ။

တောင်းပန်တိုးလျှိုးတဲ့ မျက်ဝန်းတွေနှင့် ဖြစ်နေသည်။

"ရန့်"

"ရှင်"

"မောင်နဲ့ရန့် တစ်နေရာရာမှာ အေးအေးဆေးဆေး စကားပြောရအောင်ကွာနော်"

"ဟင့်အင်း ... "

ကျွန်မ ငြင်းလိုက်မိသည်။

မောင်နှင့်ထပ်ပြီး ပတ်သက်ဆက်ဆံမှုတွေကို မပြုလိုတော့။

"မောင့်မှာ ဘာအပြစ်ရှိလို့လဲကွာ၊ မောင် ရန့်ကို ဘယ်တော့မှ လက်လွှတ်အဆုံးရှုံးမခံဘူး"

"မောင်"

"ပြော"

"နေနီနီနဲ့ လက်ထပ်ပါ"

"နေနီနီကို မောင်က ဘာဖြစ်လို့ လက်ထပ်ရမှာလဲ၊ မောင် လက်ထပ်မှာက ရန့်ပဲ"

"ရှင်"

"မင်း မောင်နဲ့ လိုက်ခဲ့တော့"

"အို ... မဟုတ်တာပဲ"

မောင်က သူ့ကားပေါ်သို့ ဖွတ်အတင်းပင် တက်စေသည်။

ကျွန်မ ငြင်းဆန်နေမိ၏။

"ကျွန်မဘဝ တည်ငြိမ်အောင် အတော်လေး ကြိုးစားနေရတာပါ မောင်၊ ထပ်ပြီး ဂယက်ထအောင် မလုပ်ပါနဲ့တော့၊ မောင် ကျွန်မကို မေ့ပစ်လိုက်ပါ"

"ဘာပြောတယ် ရန့်"

မောင်သည် လုံးဝ လက်မခံနိုင်သော အကြည့်တွေနှင့်ကြည့်သည်။

"ရန့် ကားပေါ်တက်"

"ဟင့်အင်း"

"မောင် ဘာကိုမှ ဂရုမစိုက်ဘူးနော် ရန့်၊ မင်း ခဏဖြစ်ဖြစ် မောင် စကားပြောချင်လို့ လိုက်ခဲ့စမ်းပါ"

မောင်က တောင်းပန်တိုးလျှိုးတဲ့ မျက်ဝန်းတွေနှင့် ကြည့်သည်။

"မောင့်ကို ဒီလောက်အထိ စိမ်းရလား ရန့်ရယ်၊ မောင် ဘဝပျက်မှာကို မင်းမြင်ချင်လို့လား၊ မောင် နေနီနီ့ကို ဘယ်တော့မှ လက်မထပ်ဘူး ရန့်"

ကျွန်မ မောင်နှင့် မပတ်သက် မဆက်ဆံရန် မမကို ကတိပေးထားမိသည်။

မမ စကား နားမထောင်လျှင် အဆောင်မှာ နေခွင့်မရှိတော့။

ကျွန်မ ဒေါ်လေးမိသားစုကို ထောက်ပံ့ရဦးမည်ဖြစ်သည်။





မောင်နှင့်ထပ်ပြီး မပတ်သက်လို။

"ရန့်"

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ၊ ကားပေါ်တက်လေ"

"မောင် ... ကျွန်မ"

"မင်းရုံးအတွက် မပူနဲ့၊ မောင် ဖုန်းဆက်ပြောတာထားပြီးပြီ"

"ရှင်"

မောင်နှင့် အုပ်စိုးခ သိနေကြသည်။

"မင်းကို အတွင်းရေးမှူးနေရာပေးဖို့ အုပ်စိုးခကို မောင် ပြောခဲ့တာပဲ"

"ဟင်"

ကျွန်မရဲ့ ရိုးသားဖြူစင်မှုအတွက် မောင်က ပို၍ ချစ်မြတ်နိုးကြောင်း မောင်က ပြောခဲ့သည်။

"မောင်"

"ဘာလဲ ရန့်"

"ကျွန်မဘဝ ရပ်တည်မှုအတွက် အရမ်းအရေးကြီးနေလို့ပါ၊ မောင် ကျွန်မကို မေ့ပစ်လိုက်ပါ"

"မမေ့ဘူး၊ မင်းကို မောင် ဘယ်တော့မှ မမေ့ဘူး၊ မောင် လက်ထပ်မှာက ရန့်ပဲ၊ ရှုပ်ပါတယ်ကွာ၊ အခုပဲ မောင်တို့သွားပြီး လက်ထပ်ကြရအောင်"

"ဟာ ... မဟုတ်တာပဲ၊ မောင် လူကြီးမိဘတွေ စိတ် အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်"

"ကားပေါ်တက်လေ ရန်"

မောင်က ဇွတ်အတင်း ကျွန်မ လက်လေးကို ဆုပ်ကိုင်ပြီး ကားပေါ်တက်စေသည်။

ကျွန်မ လိုက်ခဲ့ရ၏။

"မောင်"

"ဟင်"

"အနီးအနားက စားသောက်ဆိုင်တစ်ခုမှာပဲ ရပ်နော်"

ကျွန်မ တရားရုံးတွေ ဘာတွေကို မောင်ခေါ်သွားမှာ ကြောက်နေမိသည်။

လက်မထပ်လိုပေ။

မောင့်ဒက်ဒီ သဘောမတူတဲ့ ကိစ္စတစ်ခုအား မောင် ဇွတ် တရွတ် မဖန်တီးစေလိုပေ။

"မောင် ကားကို ဘယ်အထိ မောင်းနေတာလဲ၊ ကျွန်မ ရုံးတက်ရဦးမယ်"

"တရားရုံး"

"ဟာ ... မဟုတ်တာဘဲ"

"ဘာလို့ မဟုတ်ရမှာလဲ၊ မောင် ရန်နဲ့ကို လက်ထပ်မလို့"

"ကျွန်မကို ဇွတ်အတင်း လက်ထပ်ဖို့ မကြိုးစားပါနဲ့မောင်၊ ကျွန်မမှာ မိသားစုရှိသေးတယ်၊ ကျွန်မမှာ ဘာမှ မရှိဘူး"





"မင်းမှာ ရိုးသားဖြူစင်မှုတွေ ရှိတယ်"

"ဘာပဲဖြစ်ဖြစ်ကွာ၊ မောင်လည်း ရန်နဲ့အတူ ဘဝကိုရုန်းကန် ယ်၊ လှုပ်ရှားမယ် တည်ဆောက်မယ်၊ မောင် ဆင်းရဲအပင်ပန်းခံ ငံပါတယ်"

"မောင် ခံနိုင်ရည်ရှိပေမဲ့ ရန်နဲ့ကတော့ မခံစားနိုင်ဘူး၊ ကျွန်မ ဒေါ် မိသားစု အရမ်းဆင်းရဲဒုက္ခ ရောက်နေတယ်၊ ကျွန်မ ထောက် ဦးရမယ်"

"ရန်နဲ့"

"ဟင်"

"မင်း တကယ်ပဲ ရိုးသားဖြူစင်တာလား၊ မောင့်မှာ အမွေ ်ခံရတော့မှာမို့ ဘာမှ မရှိတော့လို့ လက်မထပ်တာလား"

"ကျွန်မ ..."

မောင် ဆင်းရဲဒုက္ခရောက်မှာ စိုးလို့ ကျွန်မ လက်မထပ်တာ

ဘာလို့များ ကျွန်မအပေါ် မောင် နားမလည်ခဲ့ရတာလဲ။

"မောင့်မှာ ဘာမှမရှိတော့လို့ မဟုတ်လား ရန်နဲ့"

"ရှင် ကားကိုရပ်တော့၊ ထင်ချင်သလို ထင်၊ ကျွန်မ ဘာမှ ပြောလိုဘူး"

ကျွန်မ ပြတ်သားစွာမောင့်ကို ရင်ဆိုင်ပစ်လိုက်မိသည်။

မောင်နဲ့ လက်ထပ်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်တော့ပေ။

"မောင် ကားရပ်ပေးပါ"

"မရပ်ဘူး ... မင်း လုပ်ချင်သလိုလုပ်နိုင်တယ် ရန့် မင်းအ မောင် နိုးပြေးလာတာ"

"ဘုရားရေ"

ကျွန်မ ဆောက်တည်ရာမရအောင် တုန်လှုပ်စွာဖြင့် ပြောမိ သည်။

"မောင် မဖြစ်နိုင်တာတွေကို ဘာဖြစ်လို့ လုပ်ချင်ရတာလဲ မောင့်ဒက်ဒီ စိတ်ထိခိုက်အောင် မလုပ်ပါနဲ့ မောင်ရယ်၊ ကျွန်မအား က အရမ်းပင်ပန်း ခက်ခဲလို့ပါ"

ကျွန်မ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်ဝိုင်းလာ သည်။

ဒေါ်လေး နေမကောင်းဘူး ...

ကျွန်မ ထောက်ပံ့ရမယ် ...

ဆင်းရဲနွမ်းပါးပြီး အခက်အခဲတွေနဲ့ ရင်ဆိုင်ရမဲ့ ဘဝတစ်ခု ထဲသို့ ကျွန်မနှင့်မောင် မိုက်မဲစွာ တိုးမဝင်သင့်ပေ။

မောင့်ကို တောင်းပန်တိုးလျှိုးစွာ ကျွန်မ ပြောနေမိ သည်။

"ရန့်"

"ရှင်"

"မောင် အားလုံးကို ဆုံးဖြတ်ပြီးပြီ၊ ရန့်ကိုပဲ လက်ထပ်မယ်၊ ဘဝကို ရန့်တစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းရမဲ့အစား မောင်တို့ နှစ်ယောက် လက်တွဲပြီး ဖြေရှင်းကြမယ်"





"စိတ်ကူးယဉ်လို့ မဖြစ်ဘူးထင်တယ် မောင်၊ အားလုံး ဒုက္ခ တွေ ရောက်လိမ့်မယ်"

"ရောက်ရောက်ကွာ"

"မဖြစ်နိုင်ပါဘူး မောင်၊ ကျွန်မ လက်မခံနိုင်ဘူး၊ မောင် နေနီနီ့ကိုပဲ လက်ထပ်ပါ။ အဲဒါ အလုပ်သင့်ဆုံး အလုပ်ပါ"

"မောင် ဘဝပျက်သွားမှာကို ရန့် ကြည့်နေရက်လားကွာ၊ မောင် ဒက်ဒီ့ကို ပြောထားပြီးပြီ၊ နေနီနီ့ကို လုံးဝ လက်မထပ်နိုင်ဘူး လို့"

"ဟင်"

"မောင့်ကို ရန့် မသနားဘူးလား၊ မောင် ရန့်ကလွဲပြီး ဘယ် မိန်းမကိုမှ မောင် မချစ်နိုင်ဘူး"

မောင်သည် ဘဝကို ကြမ်းတမ်းစွာ ဖြတ်သန်းခဲ့ဖူးသူမှ မဟုတ်တာ။

"ရန့်"

"ရှင်"

"မောင့်ကို လက်ထပ်ပါ၊ မောင် အခု ဒက်ဒီနဲ့ မနေတော့ဘူး၊ ဟိုအခန်းမှာ တစ်ယောက်တည်းနေတယ်"

"ဟင်"

မောင်ကပြတ်သားစွာဖြင့်ဆုံးဖြတ်ပြီးကြောင်းပြောနေသည်။

ကျွန်မ ရင်ထဲမှာ မောင့်အတွက်ပဲ ပူပင်သောကတွေရောက် နေမိသည်။

မဖြစ်နိုင်ဘူး ...

မောင်နှင့် လက်ထပ်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

ကျွန်မ ...

ဘာဆက်လုပ်ရတော့မလဲ ...

မောင့် မျက်ဝန်းတွေက ညှိုးရော်နွမ်းလျနေသည်။

"ရန့် ဆန္ဒမပါဘဲ မောင် ဘယ်တော့မှ အတင်းအကျပ် လက်မထပ်ပါဘူး"

ရန့်ကို မောင်ချစ်တယ်ဟုဆိုကာ ကျွန်မကိုယ်လုံးလေး အား သိမ်းကျုံးပွေ့ဖက်ထားသည်။

ကျွန်မ ရှန်းကန်ဖယ်ရှားပစ်ရန် မေ့လျော့နေမိ၏။

မောင်ရယ် ...

ကျွန်မ ရှင့်ကို သိပ်ချစ်လို့ ကျွန်မရဲ့ ဘဝထဲကို ခေါ်မသွား ရက်တာပါ။

မောင့်အနမ်းတွေကို ကျွန်မ ငြိမ်သက်စွာ ခံယူနေမိသည်။

"ရန့်ကို မောင် ချစ်တယ်"

"မောင့်ကိုလည်း ရန့်ချစ်ပါတယ်"

"ချစ်ရင် မောင့်ကို လက်ထပ်ပါလား ရန့်ရယ်"

"မဖြစ်ဘူးမောင် ကျွန်မဘဝထဲကို မောင် တိုးဝင်မလာပါနဲ့ နော်၊ ကျွန်မ ခေါ်မသွားရက်လို့ပါ"

မောင့်ကို ကျွန်မ မြတ်နိုးစွာ ဖက်တွယ်ထားမိသည်။

"မောင်"





"ရန့်ရယ်"

"မောင့်ကို ကျွန်မ ချစ်ပါတယ်၊ ဒါပေမဲ့ မောင် လက်ထပ် သင့်တာက နေနီနီပါ"

"ရန့်"

"ကျွန်မ စကားကို မောင်လက်ခံပါ၊ မောင့်ဒက်ဒီမှာ အားကိုး တွယ်တာရာဆိုလို့ မောင် တစ်ယောက်တည်း ရှိတယ်လေ"

"မောင် ရန့်ကို မခွဲနိုင်ဘူးကွ"

မောင်က ကျွန်မအား ကြင်နာစွာ ပွေ့ဖက်ထားသည်။

ကျွန်မ မောင့်ရင်ခွင်ထဲမှ ရုန်းထွက်ပစ်လိုက်မိ၏။

"ပြန်ကြစို့နော် မောင်"

"မောင် ဘယ်ပြန်ရမှာလဲ"

"မောင့် ဒက်ဒီဆီလေ"

"မပြန်ဘူး"

"ကျွန်မ တောင်းပန်ပါတယ် မောင်ရယ်၊ မောင့်ဒက်ဒီ အရမ်း စိတ်ထိခိုက်အောင် မလုပ်စေချင်ဘူး"

"ရန့် ပြန်တော့"

"မောင်ရော"

"ရန့်ကို မောင် ပြန်ပို့ပေးမယ်နော်"

"မောင်"

"ပြော"

"ကျွန်မကို မေ့ပစ်လိုက်စေချင်တယ်"

"ဘာဆိုင်လို့ မေ့ရမှာလဲကွာ၊ မမေ့ပါဘူး မောင် ရန့်ကို ဘယ်တော့မှ မမေ့ဘူး၊ မင်းကလွဲပြီး ဘယ်မိန်းမကိုမှလည်း မောင် မချစ်ဘူး ရန့်"

မောင်က ကားစက်ကို ပြန်နှိုးပြီး မောင်းထွက်လာသည်။

ကျွန်မ အလုပ်လုပ်တဲ့ ကုမ္ပဏီရှေ့တွက် ကားကို ရပ်ပေး၏။

"ရန့်"

"ရှင်"

"ညနေ ရုံးဆင်းရင် မောင် လာကြိုမယ်နော်"

ကျွန်မ ဖယ်ရီနှင့်ပဲ ပြန်မည်ဟု မောင့်ကိုပြောပြီး ကျောခိုင်းထွက်လာခဲ့မိသည်။

မောင် ပြန်ဖို့အတွက် ကားကို မနှိုးသေးပေ။

သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက်ပြီး ကျွန်မ ဆက်လျှောက်လာခဲ့မိတော့သည်။



ခန်း ( ၁၇ )

"သင်းရန့်"

"ရှင်"

ကျွန်မ စားပွဲတွင် ထိုင်မိသည်နှင့် ဆရာဦးမောင်မောင်ဇေ
ကို မထင်မှတ်ပဲ တွေ့လိုက်ရသဖြင့် အံ့ဩတုန်လှုပ်စွာ မော့ကြည့်မိသည်။

"မင်းနဲ့သား တွေ့ခဲ့လား"

"ရှင်"

"ရတုက ငါ့စကားကို နားမထောင်ချင်ဘူး သင်းရန့်၊ အရှင်း
းပြောရရင် ငါ့သားနဲ့ မင်းကို လုံးဝ သဘောမတူဘူး"

ဦးမောင်မောင်ဇေရဲ့ စကားတွေထက် အထင်သေးတဲ့
က်ဝန်းတွေကို ကျွန်မ ရင်မဆိုင်ရဲအောင် ဖြစ်ရသည်။

ငွေမက်တဲ့ မိန်းမ၊ ငါ့သားကို မြူဆွယ်ပြီး ရအောင်ချိုင်တာ
မပြောရုံတမယ် အကြည့်တွေပဲ ဖြစ်နေ၏။

"သင်းရန့်"

"ရှင်"

"မင်း ရိုးအချင်ယောင် ဆောင်မနေစမ်းပါနဲ့ မင်း သိပ်လည် တဲ့ မိန်းကလေးပဲ၊ မင်း အခြေအနေနဲ့ ရတုလို ယောက်ျားတ ယောက်ကို ရအောင်ယူနိုင်တယ်"

"ကျွန်မ"

"မင်း ဘာဖြစ်လို့ ရန်ကုန် ပြန်လာတာလဲ၊ ငွေလိုလို့လား မင်း ငွေဘယ်လောက်ရမှာ ကျေနပ်နိုင်မလဲ၊ အန်ကယ့်ကို ပွင့်ပွ လင်းလင်း ပြောစမ်းပါ"

မောင့်ဒက်ဒီရဲ့ စကားတွေကို ကျွန်မ ဘယ်လိုတုန့်ပြန်ရမ ပင် မသိတော့။

ကျွန်မ ငေးကြောင်းစွာ မော့ကြည့်နေမိသည်။

"ပြောလေ သင်းရန့်"

"ကျွန်မ ... ကျွန်မ ... ရတုဆီက ဘာမှမလိုအပ်ပါဘူး၊ ရ လိုတဲ့ ဆန္ဒလည်း မရှိပါဘူး ဆရာ၊ ကျွန်မ ရတုကိုလည်း လက်မ ပါဘူး"

မောင့်ဒက်ဒီ ယုံမှာမဟုတ်။

ကျွန်မ မောင့်ဘက်မှ လက်ထပ်ဖို့ အတန်တန်တောင် နေခဲ့သည်ကို ငြင်းဆန်ခဲ့သည်။

မောင့်ဒက်ဒီက ယုံမှာမဟုတ်။

ကျွန်မ ဘာမှ မပြောလို။





ငြိမ်သက်စွာ ခေါင်းငုံ့ခံနေဖို့ပဲ ဆုံးဖြတ်ထားမိသည်။

ကျွန်မ ရန်ကုန်ပြန်လာတာ ဘဝအတွက်ပဲဖြစ်၏။

မောင်နှင့် ပတ်သက်ဆက်ဆံဖို့ လုံးဝမဟုတ်ပေ။

"သားနဲ့မင်း လက်ထပ်လိုက်တာနဲ့ သားမှာရှိနေတဲ့ အဆောင်အယောင်တွေ ပြန်သိမ်းမှာပဲ"

ကျွန်မ မောင့်ကို ငွေကြေးနှင့် ပတ်သက်ခဲ့တာ မဟုတ်တာ ကျွန်မ သိနေသည်။

အဆောင်အယောင် မရှိတဲ့ မောင့်ကိုပဲ ကျွန်မ လက်ထပ်လို ၏။

ချစ်မြတ်နိုးသည်။

ကျွန်မ ဘယ်လို သက်သေပြရမလဲ။

"သားက ဘယ်လိုမှ ပြောမရဘူး သင်းရန့်၊ မင်းကြောင့်ပဲ နေနိုင်ကိုသာ သားက လက်မထပ်ရင် အန်ကယ့်စီးပွားရေးလုပ်ငန်း တွေပါ ထိခိုက်မှာပဲ"

"ကျွန်မ ရတုကို လက်မထပ်ပါဘူး ဆရာ"

"မင်း ဒီမှာရှိနေသရွေ့ သားက ပတ်သက်ဖို့ ကြိုးစားနေတာ ပဲ၊ မင်းဘာဖြစ်လို့ ရန်ကုန် ပြန်လာတာလဲ၊ မင်းတို့မြို့မှာနေထိုင် စားသောက်ဖို့ ဘာလိုလဲ၊ ငွေလိုလားပြော"

"ကျွန်မ ဘာမှမလိုပါဘူး၊ ရတုကို ကျွန်မ ဘယ်နည်းနဲ့မှ လက်မထပ်ဘူး"

"မင်းမြို့ကို မင်းပြန်ပါ၊ ရင်းနှီးစားသောက်ဖို့ ငွေအလုံ

အလောက်ယူပါ၊ သားဘဝကို နစ်မွန်းအောင် မင်းမနှောင့်ယှက်ပါနဲ့"

မောင့်ဒက်ဒီက လိုအပ်တဲ့ ငွေကြေးပမာဏကိုမေးသည်။

"ဟင့်အင်း ... ကျွန်မ ဘာမှ လက်မခံနိုင်ဘူး၊ ငွေလည်း မလိုပါဘူး၊ ကျွန်မကို ဘာမှမပေးပါနဲ့၊ ရတုကို ကျွန်မ ဘယ်တော့မှ လက်မထပ်ပါဘူးလို့ ကတိပေးပါတယ်"

"မင်းကို မယုံဘူး၊ မင်းတို့မြို့ကိုပဲပြန်ပါ၊ ဒီမှာနေသရွေ့ မင်းဘက်က မရိုးသားတာပဲ"

ကျွန်မတို့မြို့မှာ ဒေါ်လေးတို့ မိသားစုနှင့် ဘယ်လိုရပ်တည်၍ မရ၊ အလုပ်မလုပ်ချင်သော သူများနှင့် အမူးသမားကြောင့် ဒေါ်လေးပင် စိတ်ဒုက္ခတွေ ရောက်နေရသည်။

ကျွန်မ၏ ထောက်ပံ့မှုကို အဓိက လိုအပ်နေခဲ့၏။

"သင်းရနံ့"

"ရှင်"

"ပြောလေ ... မင်း ငွေဘယ်လောက်လိုလဲ၊ ငါ့အတွက် ငွေက အရေးမကြီးပါဘူး၊ ဂုဏ်သိက္ခာတွေအတွက်ပဲ လိုအပ်တယ်"

မောင့်ဂုဏ်သိက္ခာတွေ ကျဆင်းအောင် ကျွန်မ ဘယ်တော့မှ မလုပ်ဆောင်ခဲ့ပေ။

"ကျွန်မ ငွေမလိုပါဘူး ဆရာ၊ လက်မခံပါရစေနဲ့၊ ကျွန်မ ကတိပေးပါတယ်၊ ရတုနဲ့ လက်ထပ်ဖို့ ကျွန်မဘက်က လုံးဝ ငြင်းဆန်ပါ့မယ်"





"သင်းရနံ့"

"ရှင်"

"မင်း ဒီမှာ တစ်ယောက်တည်း လာနေတာကိုက မရိုးသားဘူးလို့ ငါထင်တယ်"

မောင့်ဒက်ဒီသည် ကျွန်မအား လွန်စွာအထင်သေးလွန်းနေသည်။

ကျွန်မ ဘာမှ မပြောလိုတော့။

မောင့်ဒက်ဒီ ပြန်သွားသည်။

ကျွန်မ တစ်ယောက်တည်း ကျန်တော့မှ ကြေကွဲစွာငိုပစ်လိုက်မိ၏။

"သင်းရနံ့"

"ဟင်"

စောစောက ရှောင်ထွက်ပေးနေသော ကိုအုပ်စိုးခ ကျွန်မအနား ပြန်ရောက်လာသည်။

"မင်း မငိုပါနဲ့၊ မင်း ဘယ်လောက်ရိုးသားဖြူစင်ကြောင်း ကိုယ်သိပါတယ်"

"ကိုအုပ်စိုးခ"

"ပြောလေ ရနံ့"

"ကျွန်မ အလုပ်က ထွက်တော့မယ်၊ မြို့ပဲ ပြန်တော့မယ်"

"မဖြစ်နိုင်တာပဲ ရနံ့၊ မင်းဘာလို့ ရန်ကုန်ပြန်လာတာလဲဆိုတာ ကိုယ်သိနေပါတယ်"

အဆောင်က မမနှင့်တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း ကိုအုပ်စိုးခက ပြောသည်။

"ဦးမောင်မောင်ဇေနဲ့ ကိုယ့်ဒက်ဒီတို့က စီးပွားဖက်တွေမို့ ကိုယ် ဘာမှမပြောသာဘူး ဖြစ်နေတယ် ရန့်ရယ်"

မောင့်ဒက်ဒီ ဦးမောင်မောင်ဇေက ကိုယ်တိုင် အချစ်ကို လေးစားတန်ဖိုးထားတတ်သူ တစ်ယောက်တော့ မဟုတ်ဘူးတဲ့။

"အန်ကယ်ဇေက ငွေပဲ ဂုဏ်ပကာသနပဲ၊ ကိုယ့်ဒက်ဒီနဲ့တော့ လုံးဝ ဆန့်ကျင်ဘက်ပဲ"

"ကျွန်မ ... "

"မင်းဘဝကို ဒီလောက်အထိ အနစ်မွန်းခံစရာ မလိုပါဘူး သင်းရန့်၊ ဂရုလည်း သိပ်မစိုက်ပါနဲ့၊ အရေးကြီးတာက မင်းဒေါ်လေး မိသားစုကို ထောက်ပံ့ဖို့ပဲ"

ကိုအုပ်စိုးခကကျွန်မဘဝအားနားလည်စွာဖေးမအားပေးသည်။

"ဘဝကို အလကားနေရင်း အကျိုးမဲ့စွာ အဆုံးရှုံးမခံစမ်းပါနဲ့ သင်းရန့်ရယ်၊ အင်အားတွေ မွေးစမ်းပါ"

ကျွန်မ မျက်ရည်မကျတော့ ...

မောင်နဲ့ကျွန်မ ဇာတ်လမ်းတွေက ပြီးဆုံးသွားပြီဖြစ်သည်။

"မင်း စိတ်အားမလျော့ပါနဲ့၊ ကိုယ် အားပေးတယ်၊ ကဲ အလုပ်တွေ လုပ်ကြရအောင် ရန့်၊ ဒီနေ့ လုပ်ငန်းအစုရှယ်ယာဝင်တွေ အစည်းအဝေးရှိတယ်၊ မင်းအလုပဆုံး ဝတ်စားပြီး လိုက်ခဲ့ရမယ်နော်"





ကျွန်မအား အလုပ်ထဲမှာပဲ စိတ်တွေကို နစ်မြှုပ်ထားရန် ပြောနေသည်။

ဟုတ်တယ် ...

မောင့်ကို မေ့ပစ်သင့်တယ် ...

ဘဝကို စရမယ် ...

ဒေါ်လေး ဆင်းရဲဒုက္ခရောက်ပြီး အိပ်ရာပေါ်တွင် လဲနေသည်။

ကျွန်မမှာ တာဝန်ရှိတယ် ...

တွေဝေနေလို့ မဖြစ်ဘူး ...

ဘဝရဲ့ တိုးတက်မှုတွေ ကျွန်မ လုပ်ဆောင်ရဦးမည်ဖြစ်သည်။

ကိုအုပ်စိုးခနှင့် ကျွန်မ အစည်းအဝေးကို တက်ခဲ့၏။

နေနီနီနှင့် တွေ့သည်။

ကျွန်မ နေတတ်အောင် ကြိုးစား၏။

ကိုအုပ်စိုးခက ဘာမှ အားမငယ်ဖို့ ပြောနေခဲ့သည်။

မောင့်ဒက်ဒီလည်း ပါ၏။

ကျွန်မရဲ့ ရဲဝံ့တင့်တယ်မှုကို ပြသရ၍လည်း ကျေနပ်မိသည်။

ကိုအုပ်စိုးခသည် ကျွန်မအား ဂရုတစိုက် အားပေးနေခဲ့၏။

အရေးပေးလွန်းသည်။

မောင့်ဒက်ဒီရဲ့ မျက်ဝန်းတွေက ကျွန်မကို ဒေါသတွေနှင့် ဖြစ်နေ၏။

အစည်းအဝေးပြီးတော့ ကျွန်မဘဝ ရပ်တည်မှုအတွက် ဘဝအာမခံချက်တွေ ပြည့်ဝလာရသလိုပင်။

နေနီနီက မျက်စောင်းထိုးသည်။

အလိုမကျသလို ကြည့်နေ၏။

"သင်းရန့် ... မင်းကို ကိုယ့်ဒက်ဒီနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒက်ဒီ ... ဒါ သားပြောနေတဲ့ သင်းရန့်"

ကိုအုပ်စိုးခ ဒက်ဒီက ကျွန်မအား လေးစားဂုဏ်ယူသော အကြည့်နှင့်ကြည့်သည်။

"သင်းရန့်က တကယ့်ကို အေးချမ်းတဲ့ မိန်းကလေးတစ်ယောက်ပါပဲ၊ အခုလို သားရဲ့ လုပ်ငန်းတွေမှာ ကူညီတာကျေးဇူးအများကြီးတင်ပါတယ်ကွယ်"

ကိုအုပ်စိုးခ ဒက်ဒီသည် အလွန်အေးချမ်းပြီး စိတ်သဘောထား ပြည့်ဝသူဖြစ်သည်။

"သမီး ကြိုးစားပါ၊ လူ့လောကကြီးထဲမှာ ဘာပဲဖြစ်ဖြစ် သင့်တင့်လျောက်ပတ်စွာ ရပ်တည်နိုင်ဖို့တော့ ကြိုးစားရလိမ့်မယ် ရန့်"

"ဟုတ်ကဲ့ ... ကျေးဇူးအများကြီးတင်ပါတယ် အန်ကယ်"

ကျွန်မကို အားပေးနှစ်သိမ့်ခဲ့သော ကိုအုပ်စိုးခဒက်ဒီအား ကျေးဇူးတင်ကြောင်း ပြောလိုက်မိသည်။

အစည်းအဝေး ပြီးသွား၏။

ကိုအုပ်စိုးခက ကျွန်မအား ပြန်ပို့ပေးမည်ဟု ပြောသည်။



ကျွန်မ ငြင်းဆန်မိ၏။

"ကျွန်မ ဖယ်ရီနဲ့ပဲ ပြန်ပါ့မယ် ကိုအုပ်စိုးခ၊ ကျေးဇူးတင်ပါတယ်နော်"

"သင်းရန့်"

"ရှင်"

"မင်းလို အစွမ်းအစရှိပြီး ထက်မြက်တဲ့ အတွင်းရေးမှူးမလေးကို လက်လွှတ်အဆုံးရှုံး မခံပါရစေနဲ့"

သူမ ပြုံးပြလိုက်သည်။

မင်းဟာ အရမ်းရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပဲ သင်းရန့်ရယ်ဟု ကိုအုပ်စိုးခက ထပ်ပြောသည်။

ကျွန်မ အပြင်ထွက်လာခဲ့မိ၏။

အပြင်တွင် ...

နံရံကို မှီ၍ရပ်နေသော မောင့်အား တွေ့လိုက်ရသည်။

ကျွန်မ ဖယ်ရီကားပေါ် လှမ်းတက်လိုက်ဖို့ ပြင်ပြီးမှ ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားရတော့၏။

ကားပေါ် မတက်ဖြစ်တော့ ...

မောင့်ဆီမှာ ကားမပါပေ။

"ရန့်"

"ရတု ဘာလာလုပ်တာလဲ၊ ကားရောဟင်"

"ကိုယ့်ဒက်ဒီကို ပြန်အပ်လိုက်ပြီ ရန့်"

"ဟင်"

"ကိုယ့်မှာ ဘာအဆောင်အယောင်မှ မရှိတော့ဘူး ရန့်၊ မင်းနဲ့ ဘ၀တူ ဖြစ်သွားပြီလေ"

မောင့်ကို အထိတ်တလန့်နှင့်ငေးကြောင်စွာ ကြည့်မိသည်။

ရှင် ဘာတွေလျှောက်လုပ်နေတာလဲ။

အမြဲတမ်း ...

သန့်ရှင်းကြော့မော့စွာ သွားလာနေထိုင်တတ်သော မောင်သည် ခပ်နွမ်းနွမ်း သွင်ပြင်လက္ခဏာတွေ တွေ့နေရ၏။

"ရတု ဘာတွေ လျှောက်လုပ်နေတာလဲ"

"မောင်က မင်းအတွက်အရာအားလုံးကို စွန့်လွှတ်လိုက်တာလေ"

"ရှင်"

မောင့်ဒက်ဒီအား မောင်နှင့် လုံး၀မပတ်သက်တော့ပါဘူးဟု ကျွန်မ ကတိပေးထားပြီးပြီဖြစ်သည်။

"ရန့်"

"ဟင်"

"မင်း ဘာဖြစ်နေတာလဲ၊ မောင့်မှာ ဘာအဆောင်အယောင်မှ မရှိတော့လို့ မင်း စိတ်မ၀င်စားတာလား"

မောင့် စကားကြောင့် ကျွန်မအတော်လေး စိတ်ကောင်းဖြစ်သွားမိသည်။

အဆောင်အယောင် မဲ့နေတဲ့ မောင့်ကို ကျွန်မမြတ်နိုးတာပါ။





"မင်းဘက်ကရှောင်မှ သားကို တားဆီးလို့ရမှာပဲ သင်းရန့်"

မောင့်ဒက်ဒီရဲ့ စကားသံတွေကို ကျွန်မ ကြားယောင်လာမိသည်။

"ငါ့သားဘ၀ကို မင်း မနှစ်ပါနဲ့၊ ငါ့သားဘ၀ကို မင်းဖျက်ဆီးမပစ်ပါနဲ့"

ကျွန်မ ယောင်ယမ်းပြီး ခေါင်းကို ခါးယမ်းပစ်လိုက်မိသည်။

မောင့်အလိုဆန္ဒတွေကို ကျွန်မ လုံး၀ မလိုက်လျောနိုင်ပါဘူး။

ကျွန်မဘ၀ထဲ မောင်၀င်လာရင် မောင် ဆင်းရဲဒုက္ခရောက်လိမ့်မယ်။

မဖြစ်နိုင်ဘူး။

"မောင် အခု ဘယ်မှာနေလဲဟင်"

"သူငယ်ချင်းတစ်ယောက်ဆီမှာ ခဏနေတယ်၊ မောင် အလုပ်၀င်ဖို့ ကြိုးစားနေတယ်"

"မောင် အလုပ်ကြမ်းတွေကို လုပ်နိုင်မှာ မဟုတ်ပါဘူး၊ မောင့်ဒက်ဒီ အရိပ်ကပဲ မောင့်အတွက် အေးမြပါလိမ့်မယ်"

မောင်က ကျွန်မကို ဆတ်ခနဲကြည့်ပြီး ခေါင်းကို ခါယမ်းပြသည်။

"ရန့် သတ္တိမရှိဘူးလား၊ မောင့်ကို အားမကိုးတာလားဟင်၊ မောင့်ဘ၀ကို မောင့်ခြေထောက်ပေါ်မှာ ရပ်တည်နိုင်အောင် ကြိုးစားပြချင်တယ်"

"ကြမ်းတမ်းတဲ့ ဘဝလမ်းကို လျှောက်လှမ်းဖို့ မောင့်မှာ အလေ့အကျင့် မရှိပါဘူး၊ မောင် ပင်ပန်းလိမ့်မယ်၊ စိတ်ကူးမယဉ်ချင် စမ်းပါနဲ့ မောင်ရယ်"

"ရနံ့"

"မောင်"

"မောင့်ကို မချစ်တော့ဘူးလား၊ မောင်နဲ့လက်တွဲပြီး ဘဝကို တည်ဆောက်ရဲတဲ့သတ္တိ မင်းမှာ မရှိတော့ဘူးလား၊ မောင့်မှာ ဘာ မျှော်လင့်ချက်မှ မရှိတော့လို့လား"

မောင့်ကို ကျွန်မ ဘာမှ မပြောလိုတော့ပေ။

ထင်ချင်သလို ထင်ပါစေ။

ကျွန်မဘက်မှ မောင့်ကိုရှောင်ထွက်ပေးဖို့ပဲ ဆုံးဖြတ်ထားမိသည်။

"ရနံ့"

"ရှင်"

"မောင် သဘောပေါက်ပါပြီ၊ မောင့်ဒက်ဒီဆီတော့ မောင် ဘယ်တော့မှ မပြန်ဘူး၊ နေနီနဲ့ကိုလည်း မောင်ဘယ်တော့မှ လက် မထပ်ဘူး၊ အဲဒါ မှတ်ထားပါ မောင့်ဆန္ဒပဲ"

မောင်သည် ကျွန်မကို ကျောခိုင်းပြီး ထွက်ခွာသွားတော့သည်။



အခန်း ( ၁၈ )

"သင်းရနံ့"

"ရှင်"

"ရတုကို မင်း တကယ်ပဲ လက်ထပ်ဖို့ ငြင်းပယ်လိုက်တာ လား"

"အင်း"

ကိုအုပ်စိုးခက ကျွန်မကိုမေးသည်။

မောင့်မှာ အဆောင်အယောင်တွေ ကင်းမဲ့သွားလို့ ကျွန်မ လက်ထပ်ဖို့ ငြင်းပယ်လိုက်တာ မဟုတ်ကြောင်း ဘယ်လိုရှင်းပြရ မလဲ။

ရှင်းမပြချင်တော့။

တစ်နေ့ကျရင် ...

မောင့်ကိုလည်း မောင့်ဒက်ဒီက ပစ်ထားမှာ မဟုတ်။

ပြန်ခေါ်မှာပါပဲ။

ကျွန်မနှင့်လက်ထပ်လျှင် မောင် ဆင်းရဲဒုက္ခရောက်မှာပဲ။

"ကိုအုပ်စိုးခ"

"ပြော"

"ကျွန်မ အလုပ်ကနေ ထွက်တော့မယ်"

"ဟင် ... ဘာဖြစ်လို့လဲ သင်းရနံ့"

"ဒီမှာ မနေချင်တော့လို့ပါ၊ ကျွန်မတို့ မြို့လေးမှာ ရရာအလုပ်လုပ်ပြီး ဘဝကို ရင်ဆိုင်တော့မယ်"

"ရနံ့ ... မင်း ဘာအရူးထတာလဲ၊ မင်းဒေါ်လေးဆီမှာ မင်း ဘယ်လိုမှ နေလို့မရဘူးဆိုတာ ကိုယ်သိတယ်၊ ရတုကို မင်းရှောင်ချင်တာလား"

"ဟုတ်တယ် ... ကျွန်မ ဒီမှာဆက်မနေချင်တော့ဘူး၊ ရတုနဲ့ လုံးဝအကင်းရှင်းဆုံးနေမှ ဖြစ်မယ်"

ကျွန်မ ဒီမှာဆက်ပြီးနေလျှင် မောင်ကလာပြီး ပတ်သတ်နေမှာပဲ ဖြစ်သည်။

အကောင်းဆုံးက ...

ကျွန်မ ရှိမနေဖို့ပဲ။

"မင်း အလုပ်ကထွက်လို့ မဖြစ်ဘူး သင်းရနံ့၊ မင်းဘဝ တိုးတက်ရေးအတွက် ဒီမှာပဲ နေသင့်တယ်"

ကျွန်မဘဝ တိုးတက်ပြီး မောင့်ဘဝ ကျဆုံးမှာလည်း မလိုလားပေ။

မောင့်အနေနှင့် ...





ကျွန်မကြောင့် ထိခိုက်နစ်နာ ဆုံးရှုံးမှုတွေ အဖြစ်မခံနိုင်ပေ။

"သင်းရနံ့"

"ရှင်"

"မင်းကို ကိုယ်တစ်ခုတောင်းဆိုချင်တယ်"

"ပြောပါ"

"ဒီတောင်းဆိုမှုတွေကို ကိုယ် အလွယ်တကူနဲ့ တောင်းဆိုတာ မဟုတ်ဘူးနော် ရနံ့၊ ကိုယ် လေးလေးနက်နက် တောင်းဆိုတာပါ"

ကိုအုပ်စိုးခကလည်း ကျွန်မအပေါ် နားလည်လွန်းသော ကျွန်မရဲ့ ကျေးဇူးရှင်တစ်ယောက်ပါပဲ။

ကျွန်မကို တင့်တယ်စွာ ရပ်တည်နိုင်ခွင့်ရှိအောင် ကိုအုပ်စိုးခက လုပ်ဆောင်ပေးခဲ့သည်။

"ရနံ့"

"ရှင်"

"ရနံ့ကို ကိုယ်လက်ထပ်ပါရစေ"

"ရှင်"

ကျွန်မ အံ့သြတုန်လှုပ်စွာဖြင့် မော့ကြည့်မိနေသည်။

"သား စိတ်ပြတ်သွားအောင် လက်ထပ်သင့်တယ် သင်းရနံ့" မောင့်ဒက်ဒီ ပြောခဲ့သည်။

ဟင့်အင်း ...

ကျွန်မ မောင်ကလွဲပြီး တခြားဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး ကိုအုပ်စိုးခ။

ချစ်လည်း မချစ်ဘူး။

ကျွန်မ ငွေကြေးဥစ္စာတွေကို မက်မောတဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး။

မောင့်ကိုပဲ ချစ်တယ်။

"ရန့်ကို ကိုယ်တန်ဖိုးထားတယ်၊ ချစ်တယ်၊ ဒက်ဒီကလည်း သဘောတူတယ်၊ ကိုယ် ရန့်ကို နှစ်သိမ့်အားပေးချင်တယ်၊ သေးသိမ်ညှိုးငယ်မှုတွေ မရှိစေချင်ဘူး"

ကိုအုပ်စိုးခရဲ့ တောင်းဆိုမှုအတွက် ကျွန်မအပြစ်မတင်ပေ။

ကျေးဇူးတင်မိသည်။

"ကျွန်မ ... ကျွန်မ"

"ရတု မိဘတွေရဲ့ အထင်သေးမှုလည်း ရန့်လွတ်သွားတာပေါ့၊ ကိုယ် အလေးအနက် တောင်းဆိုတာပါ ရန့်ရယ်၊ မင်းကို လက်ထပ်ပါရစေ"

သူမ ...

ထလိုက်သည်။

မဖြစ်နိုင်ကြောင်း ကိုအုပ်စိုးခအား ပြောဆိုဖို့ပဲရှိ၏။

"ရန့်"

"ကျွန်မ သွားတော့မယ်၊ ကိုအုပ်စိုးခရဲ့ တောင်းဆိုမှု





အတွက် ကျွန်မ လေးစားပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ဒါပေမဲ့ လုံးဝမဖြစ်ပါဘူး၊ ကျွန်မ မောင့်ကိုပဲ ချစ်တယ်"

ကျွန်မ ထွက်သွားဖို့အတွက် ခြေလှမ်းပြင်လိုက်မိသည်။

"နေပါဦး ရန့်"

"ကျွန်မ သွားပါရစေ"

"မင်း ဘယ်သွားမှာလဲ"

"ကျွန်မတို့ မြို့လေးကို ပြန်တော့မှာပါ"

"ဟိုမှာ မင်းအတွက် အနာဂတ်မှ မရှိနိုင်တာပဲ၊ မင်းပိုပြီး ဒုက္ခအခက်အခဲ တွေ့ရလိမ့်မယ်၊ မင်းမပြန်ပါနဲ့ ကိုယ့်ကို လက်မထပ်ချင်နေပါ"

"ကျွန်မ အစောကြီးကတည်းက ပြန်ဖို့ပဲ ဆုံးဖြတ်ထားပြီးပါပြီ၊ တကယ်တော့ ကျွန်မ လုံးဝ ပြန်မလာသင့်တာပါ"

ကျွန်မ ပြန်မလာသင့်ဘဲနှင့် ပြန်လာခဲ့မိတာက အမှားပဲဖြစ်သည်။ မောင့်ဒက်ဒီကိုလည်း ကျွန်မ အပြစ်မတင်လိုပေ။

မိဘဆိုတာ သားသမီး ကောင်းစားရေးအတွက် ပြင်းပြတဲ့ဆန္ဒတွေ ရှိကြမှာပဲ မဟုတ်လား။

အရာအားလုံး ...

ကျွန်မ အပြစ်တွေပါပဲ။

အစကတည်းက ...

မောင့်ကို ကျွန်မ လုံးဝမချစ်သင့်ဘူးဆိုတာ ကျွန်မသိဖို့ကောင်းသည်။

မိုက်မဲစွာ ချစ်မိခဲ့၏။

"ရန့်"

ကိုအုပ်စိုးခက ကျွန်မ အလုပ်တွေကမထွက်ဖို့ တားနေသည်။

ရန်ကုန်မှာ ကျွန်မနေဖို့မှ မသင့်တော့တာ။

ကြာရင် ...

မောင်က ကျွန်မကိုမေ့သွားမှာပါ။

ကျွန်မ ...

ဘာအဆောင်အယောင်ကိုမှ မမက်မောကြောင်း သက်သေပြလိုသည်။

"ကိုယ့် တောင်းဆိုမှုတွေကို ပြန်ရုပ်သိမ်းပါတယ် ရန့်၊ မင်းလို အစွမ်းအစရှိတဲ့ အတွင်းရေးမှူးမလေး တစ်ယောက်ကို ကိုယ်မဆုံးရှုံးသင့်ဘူး၊ ရန့် ... ကိုယ်"

"ကျေးဇူးတင်ပါတယ်၊ ကျွန်မကို မေ့ပစ်လိုက်ပါ၊ ကျွန်မ ဆုံးဖြတ်ချက် ချထားပြီးပြီဆိုရင် မပြင်တော့လို့ပါနော်"

ကျွန်မ ...

ပြန်ထွက်လာခဲ့မိသည်။

ဆုံးဖြတ်ပြီးပြီ။

ကျွန်မတို့ မြို့လေးကိုပဲ ပြန်၍ ဒေါ်လေးနှင့်ရှန်းကန်လှုပ်ရှားဖို့ပင်။

ဘဝဆိုတာ ဒီလိုပါပဲ။





မောင် ...

ကျွန်မ ရှင့်ကိုပဲ ချစ်တယ်။

ရှင်ကလွဲပြီး တခြားဘယ်ယောကျ်ား တစ်ယောက်ကို မှ လက်မထပ်ဘူး။

နိုင်မာတဲ့ ဆုံးဖြတ်ချက်ပဲ။

အဆောင် ပြန်ရောက်လာသည်။

"ရန့် စောလိုက်တာ၊ မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လာလဲ"

"ကျွန်မ နေမကောင်းလို့ပါ မမ"

"ရန့်"

"ရှင်"

"ရတု လာတယ်"

"ဟင်"

"သူ မိဘအမွေဖြတ်တာပဲခံပြီး နေမယ်တဲ့၊ ရန့် တခြားတစ်ယောက်ကို လက်ထပ်ချင်လည်း လက်ထပ်ပါစေတော့တဲ့၊ ကျွန်တော်ကတော့ ရန့်ကို ချစ်မှာပဲတဲ့"

ကျွန်မ ဘာမှဆက်ပြီး ပြောမနေချင်တော့ပေ။

"ရတု သနားပါတယ်"

"မမ"

"ဟင်"

"ကျွန်မ မြို့ပဲပြန်တော့မယ်"

"ဘာဖြစ်လို့လဲ ရန့်"

"ကျွန်မ ဒီမှာရှိနေရင် ရတုက လာနေမှာပဲ၊ ရတုက ကျွန်မအတွက် အရာအားလုံး အဆုံးရှုံးခံလိုက်သလို ကျွန်မလည်း ရတုအတွက် အောင်မြင်တိုးတက်မှုတွေကို လက်လွှတ်ရမှာပဲလေ"

မမသည် တုန်လှုပ်စွာဖြင့် ကျွန်မအား ငေးကြောင်ကြည့်နေသည်။

"မမ ကူညီစောင့်ရှောက်ခဲ့တာတွေ ကျေးဇူးအများကြီးတင်ပါတယ်၊ ကျွန်မ လက်အုပ်မိုးပြီး မမကို ကန်တော့ခဲ့ပါတယ်နော်"

မမကိုကျွန်မ လက်အုပ်မိုး၍ ရှိခိုးလိုက်မိသည်။

"မင်း အဓိပ္ပါယ်မရှိတာတွေ မလုပ်ပါနဲ့ ရန့်ရယ်၊ ဟိုမှာ မင်းဘဝအတွက် ရပ်တည်လို့မှ မရတာ၊ ဘဝကို အဲဒီလောက်အထိ အနစ်မွှန်းမခံပါနဲ့နော် ရန့်လေး"

"ကျွန်မ ဆုံးဖြတ်ပြီးပြီ၊ ဒီမှာ ဆက်နေရင် ရတုကို ဖြားယောင်းသွေးဆောင်ရာ ရောက်နေလိမ့်မယ်၊ ကျွန်မ မောင်နဲ့အဝေးဆုံးမှာပဲ နေသင့်ပါပြီ"

"မင်းတို့ နှစ်ယောက်အတွက် မမစိတ်မကောင်းလိုက်တာကွယ်"

မမက ကြေကွဲထိခိုက်စွာဖြင့် ပြောလိုက်သည်။

ခဏကြာတော့ ...

မြလေး အလုပ်ကနေ ပြန်ပြီလိုက်လာသည်။





"ရန့် ... ရှင် အလုပ်က ထွက်သွားပြီလို့ ကိုအုပ်စိုးခက ပြောတယ်၊ ဟုတ်လား"

"အင်း"

"ဘာကြောင့်တာလဲ"

"ကျွန်မ ဆုံးဖြတ်ပြီးပြီ"

"ရန့်"

"ဟင်"

"ရှင့်ကို ကိုအုပ်စိုးခက လက်ထပ်ခွင့် တောင်းတယ်ဆို"

"အင်း"

"ရှင် အခွင့်အရေးဖ်တွေအားလုံး လက်လွှတ်ဆုံးရှုံးခံတော့မှာလား ရန့်ရယ်"

မြလေးရော မမပါ စိတ်ထိခိုက်စွာဖြင့် ပြောနေကြသည်။

မသွားရန် တားနေကြ၏။

မဖြစ်နိုင်တော့ဘူး။

ကျွန်မ ဆုံးဖြတ်ချက်ကို ပြတ်သားစွာ ချပစ်လိုက်ပြီဖြစ်သည်။

"ရှင့်အစ်ကိုဝမ်းကွဲက ပြဿနာရှာမှာနော် ရန့်၊ ရှင် စဉ်းစားပါဦး၊ ကိုအုပ်စိုးခဆီမှာ မနေချင်ရင် တို့နောက်အလုပ်သစ်ရှာကြမယ်လေ"

မြလေးသည် ကျွန်မအတွက် သူငယ်ချင်းကောင်းပီသစွာ စောင့်ရှောက်ကူညီနေခဲ့သည်။

ဒါပေမဲ့ ...

ကျွန်မ ဆုံးဖြတ်ချက်အား ဘယ်လိုနည်းနှင့်မှ မပြင်နိုင်တော့။

"ကျွန်မအတွက် ဘယ်သူမှ စိတ်အပင်ပန်းမခံပါနဲ့တော့နော်၊ ကျွန်မ ဆုံးဖြတ်ချက်တွေကို လုံးဝမပြင်နိုင်တော့လို့ပါ"

ကျွန်မ ခေါင်းမာစွာဖြင့် ပစ္စည်းတွေ သိမ်းနေသည်။

မြလေးက ငိုနေ၏။

မမနှင့် အဆောင်သူတွေကလည်း စိတ်ထိခိုက်နေကြသည်။

အလုပ်သင့်ဆုံး အလုပ်တစ်ခုကို ကျွန်မ လုပ်ပစ်လိုက်တာပဲ ဖြစ်သည်။

"ရန့်ရယ် ... နင် သိပ်ရက်စက်တာပဲ၊ ဘာမဟုတ်တဲ့ လူတစ်ယောက်အတွက် နင့်ဘဝကို တိုးတက်မှုလမ်းစတွေကို ဖျက်ဆီးပစ်ရက်တယ်"

ကျွန်မ တဆတ်ဆတ် တုန်ယင်လာတဲ့ နှုတ်ခမ်းလေးများကို သွားလေးများဖြင့် ဖိခိုက်ထိန်းချုပ်ထားလိုက်မိသည်။

မငိုတော့ပါဘူး ...

အားမာန်တွေ ရှိသင့်တယ် ...

ဘဝကို ရင်ဆိုင်မယ် ...

ရန်ကုန်မှာရှိတဲ့ မိတ်ဆွေသူငယ်ချင်းတွေ တာဝန်တွေ အဖြစ်အပျက်တွေ အားလုံးကို ကျွန်မ ကျောခိုင်းစွန့်ခွာ၍ ထားပစ်ခဲ့ရတော့မည်ဖြစ်သည်။

ဖိုးလပြည့်တာပေ



မောင့်ကို ချစ်တယ် ...

ရိုးသားစွာနဲ့ ချစ်တာဖြစ်ကြောင်း ကျွန်မ သက်သေထူမှာပါ။

ကျွန်မ အဝေးပြေးကားစီးပြီး ချက်ချင်းထွက်သွားဖို့ပဲ ဆုံးဖြတ်လိုက်သည်။

ဘယ်သူမှ လိုက်မပို့ခိုင်းတော့။

တစ်ညလုံး ကားစီးပြီး မနက်စောစောတွင် ကျွန်မတို့မြို့လေးသို့ ရောက်၏။

ကျွန်မနေတဲ့ ရပ်ကွက်ကို ရောက်ဖို့ နောက်ထပ်ကားစီးရဦးမည်။

အငှားကား မစီးနိုင်၍ ကျွန်မ ဘတ်စ်ကားစီးဖို့ စဉ်းစားလိုက်သည်။

"ရန့်"

"ဟင်"

ကျွန်မ နောက်ကျောမှ ခေါ်လိုက်တဲ့အသံကြောင့် ကျွန်မ လှည့်အကြည့်တွင် မောင် ဖြစ်နေ၍ အံ့ဩသွားရသည်။

"ရှင် ... ရှင်"

"မောင် မနေ့ကတည်းက ရန့်တို့အိမ်ကို ရောက်နေတာလေ ရန့်"

"ဘာ"

မောင်က ဒေါ်လေးတို့အိမ်ကို ရောက်နေတာတဲ့ ...

ဖိုးလပြည့်တာပေ

ဘုရားရေ ...

ဘာတွေဖြစ်ကုန်ပြီလဲ။

ကျွန်မ အိပ်မက်များ မက်နေလားဟု မောင့်ကို သေချာစွာ ကြည့်မိသည်။

မောင် ...

ကျွန်မ ချစ်မြတ်နိုးရတဲ့ ချစ်သူ ...

"ရန့် ပြန်မလာလည်း မောင် ဒီမြို့လေးမှာပဲနေပြီး အလုပ်လုပ်တော့မယ်လို့ ဆုံးဖြတ်ပြီး ထွက်လာတာလေ"

"ဟင်"

"ရန့် မပြောပေမဲ့ မမကတစ်ဆင့် ရန့် လိပ်စာကို ရခဲ့တာလေ၊ ဒေါ်လေး သနားပါတယ်ကွာ၊ အိပ်ရာထဲမှာ လဲနေတယ်၊ နေမကောင်းဘူး၊ မင်းအစ်ကိုလေးလည်း အခု အရက်ပြတ်သွားပြီး အလုပ်တွေ လုပ်နေတယ်လေ ရန့်"

မောင်ပြောနေတဲ့ စကားကို ငေးကြောင်စွာ ကြည့်နေမိသည်။

နားမလည်နိုင်အောင် ဖြစ်ရ၏။

ကျွန်မ အိပ်မက်များ မက်နေတာလားဟုပင် ထင်မှတ်မိသည်။

"ရန့် အံ့သြနေလား၊ မောင် ဒီရောက်လာတော့ ရန့် မိတ်ဆွေဆိုပြီး အားလုံး ပျူပျူသလဲ ဧည့်ခံကြတယ်၊ မောင် အရမ်းပျော်သွားတာပဲ ရန့်"





"ကျွန်မ ပြန်လာမယ်ဆိုတာ ပြီးခေါ့ မောင် ဒီမှာဘာလာလုပ်တာလဲဟင်"

"ရန့် ပြန်လာပြီဆိုတာ မြလေးက ရန့်အစ်ကိုလေးဆီ ဖုန်းဆက်တယ်လေ"

ကျွန်မတို့ တစ်အိမ်ကျော်တွင် ဖုန်းရှိနေသည်။

ဒေါ်လေးတို့ဆီ ဆက်သွယ်လိုလျှင် မြလေးနှင့်ကျွန်မ ထိုဖုန်းကို ဆက်ကြရသည်။

"မြလေးနဲ့ မောင် စကားပြောဖြစ်တယ်၊ အုပ်စိုးက ရန့်ကို လက်ထပ်ခွင့် တောင်းတယ်ဆို"

မောင့်ကို ကျွန်မ ခေါင်းညိတ်ပြီးသာ အဖြေပေးလိုက်မိသည်။

"မြလေး ပြောလို့ မောင် အားလုံးသိပြီးပါပြီ ရန့်ရယ် ... မောင့်ကို သိပ်ချစ်တယ်ဆိုတာ . . . မောင် နားလည်ပါပြီကွာ"

ဘာ အဆောင်အယောင်မှ မရှိသော မောင့်မျက်ဝန်းတွေက ကြည်လင်တောက်ပနေသည်။

"ရန့်"

"ဟင်"

"သွားစို့"

ကျွန်မလက်လေးတွေကို မောင်က ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီး ကျွန်မအား ခေါ်ဆောင်သွားတော့သည်။

အချစ်ဆိုတာ အင်အားတစ်ခုပဲဟု ကျွန်မ ကျေနပ်စွာ တွေးမိပြီး မောင် ခေါ်ဆောင်ရာနောက်သို့ မငြင်းမဆန် လိုက်ပါမိနေ၏။

ကျွန်မနှင့်မောင် ဘဝကို လက်တွဲပြီး ရင်ဆိုင်တည်ဆောက်ကြဖို့ အင်အားတွေ သတ္တိတွေ အပြည့်အဝ ရှိနေခဲ့ကြပြီ ဖြစ်သည်။

ရှင်မြတ်နိုး